ကြေးမုံ
The Mirror
၁၉၅၇ ခုနှစ် ၌ စတင်တည်ထောင်သည်။
Established in 1957
၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်၊ တနင်္လာနေ့ (6-1-2014) (၇၇၁၇)

ထူးခြားသည့် ညအပူချိန်များ

ဟားခါး	သုည	ဒီဂရီစင်တီဂရိတ်
လွိုင်လင်	၁	ဒီဂရီစင်တီဂရိတ်
ပင်လောင်း	၂	ဒီဂရီစင်တီဂရိတ်

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

တွေ့ဆုံဆွေးနွေးခြင်းသည်သာ ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်ခုတည်းသော နည်းလမ်းဖြစ်

ပြည်သူများ၏ ငြိမ်းချမ်းရေးမျှော်လင့်ချက်ကို ဖြည့်ဆည်းနိုင်ရန် အဖွဲ့အစည်းအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်လို

နေပြည်တော် ဇန်နဝါရီ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် KNU ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ စောမူတူးစေးဖိုးခေါင်းဆောင်သောအဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ တောင်သူပညာပေး စက်မှုလယ်ယာစံပြစိုက်ခင်း ဧက(၅၀၀)အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ (ဝဲပုံ)

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဦးစိုးသိန်း၊ ဦးခင်ရီ၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်နှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးဗဟိုဌာန(MPC)မှ အထူးအကြံပေးပုဂ္ဂိုလ်များ တက်ရောက်ကြပြီး KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူးချုပ် ပဒိုစောကွယ်ထူးဝင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် ပဒိုစောရောဂျာခင်၊ ပဒိုမန်းငြိမ်းမောင်နှင့် ပဒိုစောတာဒိုမူး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်ဌာနချုပ်မှ အရာရှိကြီးများနှင့် တပ်မဟာမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌက နှစ်သစ်ကူးလက်ဆောင်အဖြစ် ကရင်အမျိုးသားဝတ်စုံကို အမှတ်တရဝတ်ဆင်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌခေါင်းဆောင်သည့်အဖွဲ့တို့သည် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိရေးအတွက် ဆွေးနွေးပွဲများဆောင်ရွက်ခဲ့မှုအခြေအနေ၊ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိပြီးနောက် နိုင်ငံရေးဆွေးနွေးပွဲများ ဆက်လက်ဆောင်ရွက်ရာတွင် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များနှင့် ယုံကြည်မှုတည်ဆောက်ရေးတွင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များနှင့် KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌခေါင်းဆောင်သောအဖွဲ့တို့သည် အစည်းအဝေးခန်းမရှေ့၌ စုပေါင်း၍မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယခုတွေ့ဆုံဆွေးနွေးမှုမှာ နိုင်ငံတော်သမ္မတနှင့် KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ ခေါင်းဆောင်သောအဖွဲ့တို့၏ လေးကြိမ်မြောက် တွေ့ဆုံမှုဖြစ်ပြီး နှစ်ဖက်စလုံးက တွေ့ဆုံဆွေးနွေးခြင်းသည်သာ ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်ခုတည်းသော နည်းလမ်းဖြစ်ကြောင်းနှင့် ပြည်သူများ၏ ငြိမ်းချမ်းရေး မျှော်လင့်ချက်ကို ဖြည့်ဆည်းနိုင်ရန် အဖွဲ့အစည်းအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း ထပ်မံအတည်ပြုပြောကြားခဲ့ကြသည်။ **(သတင်းစဉ်)**

၂၀၁၄ နှစ်လယ်တွင် ပြီးစီးတော့မည့် ဘုရင့်နောင်တံတားအမှတ် (၂)

ရန်ကုန် ဇန်နဝါရီ ၅

ဧရာဝတီတိုင်းဒေသကြီးမှ ထွက်ရှိလာသော ကုန်စည်များကို ရန်ကုန်မြို့နှင့် အထက်မြန်မာပြည်ဒေသအသီးသီးနှင့် အခြားပြည်နယ်များသို့ လွယ်ကူလျင်မြန်စွာ စီးဆင်းနိုင်ရန်အတွက် ၁၉၉၄ ခုနှစ်တွင် ဘုရင့်နောင်တံတားအမှတ်(၁)ကို တည်ဆောက်နိုင်ခဲ့ပြီး ယခုအခါ ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှု အများဆုံးနေရာတွင် တစ်ခုအပါအဝင်ဖြစ်သော ဘုရင့်နောင်လမ်းဆုံ၏ ယာဉ်ကြောကျပ်တည်းမှုကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းနိုင်စေရန်အတွက် ဘုရင့်နောင်တံတား အမှတ်(၂)ကို ထပ်မံတည်ဆောက်ခဲ့သည်မှာ ယခုနှစ် နှစ်လယ်တွင် ပြီးစီးတော့မည်ဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

ဘုရင့်နောင်တံတား အမှတ်(၂) ဘုရင့်နောင်ဘက်ကမ်း ဆောက်လုပ်ပြီးစီးမှုကို တွေ့ရစဉ်။

ကြေးမုံစာတည်းရှုထောင့် ၆-၁-၂၀၁၄၊ တနင်္လာနေ့

ဦးဆောင်နိုင်ငံ အာဆီယံ

မြန်မာနိုင်ငံသည် ယခုနှစ် ၂၀၁၄ ခုနှစ်တွင် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ တာဝန်ကို ထမ်းဆောင်ရတော့မည်ဖြစ်သည်။ အာဆီယံ ဥက္ကဋ္ဌရာထူး တာဝန်ထမ်းဆောင်ခြင်းသည် အာဆီယံပဋိညာဉ်စာတမ်းအရ အာဆီယံ အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံက အာဆီယံရေးရာကိစ္စရပ်များကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြစ်ပေသည်။

အာဆီယံဟုခေါ်ဆိုသည့် အရှေ့တောင်အာရှနိုင်ငံများအသင်းကို ၁၉၆၇ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနိုင်ငံ ငါးနိုင်ငံဖြင့် စတင်ဖွဲ့စည်းခဲ့ပြီးနောက် မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံ ရှစ်နိုင်ငံမြောက်အဖြစ် ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် အာဆီယံအဖွဲ့ဝင် နိုင်ငံဖြစ်လာခဲ့သည်။ ယခုအခါ အာဆီယံအဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံရှိနေပြီဖြစ်သည်။

အာဆီယံအဖွဲ့ကြီး ဖွဲ့စည်းထားရခြင်း၏ ရည်ရွယ်ချက်မှာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များမှတစ်ဆင့် ဒေသတွင်းစီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုတို့ တိုးတက်ဖြစ်ပေါ်ရေးကို မြှင့်တင်နိုင်ရန်၊ အင်အားကြီးနိုင်ငံများ၏ ပြိုင်ဆိုင်မှု၊ ကြီးစိုးမှုများ ဒေသတွင်းစိမ့်ဝင်ပျံ့နှံ့လာခြင်းမရှိစေရန်အတွက် ဒေသတွင်းနိုင်ငံရေးနှင့် စီးပွားရေးတည်ငြိမ်မှုကို ကာကွယ်ရန်နှင့် ဒေသတွင်းရှိ နိုင်ငံအချင်းချင်း အခြားဖြစ်ပေါ်လာသည့် သဘောထားကွဲလွဲမှုများကို ထိန်းသိမ်းဖြေရှင်းပေးရန်အတွက် ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ကြီးတွင် အဖွဲ့ဝင်ဖြစ်လာပြီးနောက် (၁၆) နှစ်ကျော်ကာလတွင် ဦးဆောင်နိုင်ငံအဖြစ် ပထမဆုံးအကြိမ် အာဆီယံဥက္ကဋ္ဌတာဝန်ယူရသည်မှာ ဒေသတွင်းနိုင်ငံများအတွင်း၌သာမကဘဲ မိမိတို့နိုင်ငံနှင့် မိမိတို့လူမျိုးများအတွက်ပါ များစွာဂုဏ်ယူဝမ်းမြောက်ဖွယ် ကောင်းပေသည်။

ယင်းကဲ့သို့ အိမ်ရှင်နိုင်ငံအဖြစ် အာဆီယံဥက္ကဋ္ဌ တာဝန်မယူမီကာလအတွင်းက အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကိုလည်း အိမ်ရှင်နိုင်ငံအဖြစ် တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့သည်။ ယခုထပ်မံ၍ အိမ်ရှင်နိုင်ငံအဖြစ်လက်ခံပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အကြီးအကဲများ၊ ကိုယ်စားလှယ်များနှင့်အတူ မိမိတို့နိုင်ငံနှင့် ဒေသတွင်းနိုင်ငံများ၏ အကျိုးစီးပွားများကို ဖော်ဆောင်ပေးနိုင်ရန် ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပတော့မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒနှင့်အညီ အာဆီယံရေးရာကိစ္စရပ်များတွင် ဦးဆောင်မှုအခန်းကဏ္ဍ၌ ပါဝင်ကာ ဥက္ကဋ္ဌတာဝန်ကို ကျေပွန်စွာကြိုးပမ်းထမ်းဆောင်တော့မည်ဟု ယုံကြည်ပါသည်။ ထိုသို့ထမ်းဆောင်နိုင်ရန်အတွက် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများကို နိုင်ငံတကာအဆင့်မီ အောင်မြင်စွာ ကျင်းပနိုင်ရန် ယမန်နေ့က မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနကို နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့ရာ နိုင်ငံတကာ အဆင့်မီ ပြင်ဆင်ခင်းကျင်းထားမှုများကိုမြင်တွေ့လိုက်ရပါသည်။

အာဆီယံအစည်းအဝေးများသို့ တက်ရောက်မည့် နိုင်ငံ့ခေါင်းဆောင်များနှင့် ဧည့်သည်များတည်းခိုနိုင်ရန် ဧည့်ဂေဟာများ၊ အိပ်ဆောင်များ၊ အနားယူဆောင်၊ အပန်းဖြေနေရာများနှင့် အစည်းအဝေးခန်းမများကို တည်ဆောက်ထားသည်မှာ ခမ်းနားလှသည်။ ဧည့်သည်ပေါင်း ၃၀၀၀ တည်းခိုနိုင်သည့် အဆောင်ပေါင်း ၂၀ တွင် အခန်းပေါင်း ၁၈၄၈ ခန်းပါရှိသည့် နိုင်ငံတော်ဧည့်ဂေဟာများမှာ အာဆီယံစံနှုန်းနှင့်ကိုက်ညီသည်ဟု ဆိုနိုင်ပါသည်။

ထိုကဲ့သို့ နိုင်ငံတကာအဆင့်မီ အစည်းအဝေးများကို ကျင်းပနိုင်ခြင်းဖြင့် မြန်မာနိုင်ငံ၏တည်ငြိမ်အေးချမ်းမှုနှင့် မြန်မာနိုင်ငံ၏ တိုးတက်ဖြစ်ထွန်းမှု အခြေအနေများကို အာဆီယံနိုင်ငံများအတွင်း၌သာမက ကမ္ဘာကိုပါပြသနိုင်မည့် ဒီမိုကရေစီကျင့်သုံးစ မြန်မာနိုင်ငံ၏ ကြိုးပမ်းစွမ်းဆောင်နိုင်မှုများဟု ဆိုနိုင်ပါသည်။

မကြာမီ မြန်မာနိုင်ငံ၌ ကျင်းပတော့မည့် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများ၊ ဝန်ကြီးအဆင့်အစည်းအဝေးများ၊ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးများအပါအဝင် အစည်းအဝေး ၃၀၀ ခန့်ကို အိမ်ရှင်နိုင်ငံအဖြစ် တစ်နှစ်ပတ်လုံးကျင်းပတော့မည်ဟု သိရသည်။

သို့ဖြစ်ရာ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခွင့်ရခြင်းသည် နိုင်ငံအတွက် အခွင့်အလမ်းကောင်းတစ်ခုဖြစ်၍ အဆိုပါကာလအတွင်း နိုင်ငံနှင့်လူမျိုးအတွက် ဂုဏ်သိက္ခာမြင့်မားအောင် ပြုမူဆောင်ရွက်ကြရန်နှင့် သက်ဆိုင်ရာဌာနများအပြင် အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် နိုင်ငံသူနိုင်ငံသားအားလုံးက အမျိုးသားရေးတာဝန်အဖြစ် ပါဝင်ဖြူမြင်ဆောင်ရွက်ကြရန် ကြေးမုံကတိုက်တွန်းပါသည်။ ။

နို့စားနွားမွေးမြူရေးနှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၅

နို့စားနွားမွေးမြူရေးနှင့်နို့ထွက်ပစ္စည်းထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုအဖွဲ့ (National Dairy Development Board-NDDB) အား ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှု ဖွံ့ဖြိုးရေးသာမက အသားစားနွားနှင့် ခိုင်းနွားမွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေးပါ ဆောင်ရွက်ရန်လိုအပ်ပါကြောင်းဖြင့် ဇန်နဝါရီ ၃ ရက် နံနက် ၁၀ နာရီတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသော နို့စားနွားမွေးမြူရေးနှင့်နို့ထွက်ပစ္စည်းထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး (NDDB) အဖွဲ့၏ (၁/၂၀၁၄) အစည်းအဝေးတွင် အဖွဲ့၏နာယက ပြည်ထောင်စုဝန်ကြီးဦးအုန်းမြင့်က ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် နို့စားနွားမျိုးကောင်းမျိုးသန့်များရရှိရေးအတွက် ပြည်ပနိုင်ငံများမှ မျိုးများတိုက်ရိုက်တင်သွင်းခဲ့ပါကြောင်း၊ CP ကုမ္ပဏီမှ လှူဒါန်းသော ၁၀၀ ရာခိုင်နှုန်း ဖရီရှန်နို့စားနွားမျိုး နွားသိုးနှစ်ကောင်နှင့် ၁၀၀ ရာခိုင်နှုန်း ဘရာမင်အသားစားနွားမျိုး နွားသိုးနှစ်ကောင်အား အလုံပိတ် အအေးပေး အဆောက်အအုံဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင် မွေးမြူ၍ မျိုးရည်ခဲချောင်းများ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိရာ နို့စားနွားနှင့်အသားစားနွားမျိုးရည်ခဲချောင်း စုစုပေါင်း အချောင်း ၂၀၀၀၀ ခန့်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ထုတ်လုပ်ဖြန့်ဖြူးပြီးဖြစ်ပါကြောင်း၊ အလားတူ နိုက်ထရိုဂျင်အရည်များ အခမဲ့ဖြန့်ဖြူးပေးပြီး မေထုန်မဲ့နည်းဖြင့် သားစပ်ခြင်းလုပ်ငန်းအား ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ကာ နို့စားနွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကျောင်းသားကျောင်းသူ အနာဂတ်လူငယ်များ ကိုယ်ကာယကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ထက်မြက်ရန်အတွက် နို့သောက်သုံးသည့် အလေ့အကျင့်ရရှိစေရေး ကျောင်းများနို့တိုက်ကျွေးရေးစီမံချက်အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် နို့တိုက်ကျွေးရေးစီမံချက်အား Pilot Project အဖြစ် နေပြည်တော်ရှိ ကျောင်းသား ကျောင်းသူ ၁၀၀၀၀ တို့ကို နို့တိုက်ကျွေးခဲ့ပြီး ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ နေပြည်တော်ကောင်စီနယ်မြေ ရန်ကုန်တိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့တွင် Tetra Pak နှင့် MK ကုမ္ပဏီတို့၏ လှူဒါန်းမှုဖြင့် ကျောင်းသား ကျောင်းသူ ၄၅၀၀၀ အား သုံးနှစ်ဆက်တိုက် နို့တိုက်ကျွေးခြင်း၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် CP ကုမ္ပဏီမှ လှူဒါန်းသော UHT နို့များဖြင့် တိုက်ကျွေးခြင်း၊ နေပြည်တော်ကောင်စီနယ်မြေကျောင်းကိုးကျောင်းရှိ မူလတန်းကျောင်းသား ကျောင်းသူများကို မိမိတို့ဝန်ကြီးဌာန အစီအစဉ်Alliance Star Co.,Ltd. ၏ လှူဒါန်းမှုဖြင့် နို့တိုက်ကျွေးလျက်ရှိပါကြောင်း၊ အခြားတိုင်းဒေသကြီး/ပြည်နယ်များတွင် အလှူရှင်များ၏လှူဒါန်းမှုဖြင့် မူလတန်းကျောင်းသားကျောင်းသူများကို နို့တိုက်ကျွေးလျက်ရှိပါကြောင်း၊ Nestle ကုမ္ပဏီမှလည်း သရီးအင်ဝမ်းမိုင်လိုဖြင့် ကျောင်းများနို့တိုက်ကျွေးရေးစီမံချက်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်လာပါကြောင်း၊ လာမည့်ပညာသင်နှစ်အတွင်း ကျောင်းများနို့တိုက်ကျွေးရေးစီမံချက်အား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် NDDB ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးခင်မောင်အေးက နို့စားနွားမွေးမြူထုတ်လုပ်မှုပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် လုပ်ငန်းရှင်များအနေဖြင့် Public Private Partnership အား စံနမူနာပြအဖြစ် လုပ်ကိုင်ဆောင်ရွက်သွားကြစေလိုကြောင်း၊ NDDB ကြီးကြပ်မှုအဖွဲ့အနေဖြင့် နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုတိုးတက်စေရေးအတွက် ဆက်လက်ကြိုးစား လုပ်ကိုင်သွားကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ NDDB ဥက္ကဋ္ဌနှင့် ကြီးကြပ်မှုအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီးများနှင့် ရှမ်းပြည်နယ်တို့မှ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် အဖွဲ့ဝင်များနှင့် နို့စားနွားမွေးမြူရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပြီး နို့စားနွား၊ အသားစားနွားနှင့် ခိုင်းနွားပြပွဲ၊ ပြိုင်ပွဲများကျင်းပရေး၊ နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် လိုအပ်ချက်များအား တင်ပြဆွေးနွေးခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးက နို့စားနွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် နည်းပညာအရင်းအနှီးနှင့် မျိုးကောင်းမျိုးသန့်ရရှိရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

နွားမွေးမြူလိုသူများအနေဖြင့် မွေးမြူရေးဘဏ်စနစ်ဖြင့် မွေးမြူနိုင်ပါကြောင်း၊ ငွေကြေးအရင်းအနှီး လိုအပ်သည်များကိုလည်း ကျေးလက်ဖွံ့ဖြိုးရေးဘဏ် (Rural Development Bank)မှတစ်ဆင့် အတိုးနှုန်းချိုသာစွာဖြင့် ချေးယူနိုင်ပါကြောင်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဘယ်လ်ဂျီယံနိုင်ငံထုတ် Pasteurized နည်းဖြင့် နို့ပြုပြင်ထုတ်လုပ်သည့် နို့ပေါင်းစက်များ မကြာမီရောက်ရှိမည်ဖြစ်ပြီး အရစ်ကျစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးမည်ဖြစ်၍ စိတ်ပါဝင်စားသူလုပ်ငန်းရှင်များအနေဖြင့် ဝန်ကြီးဌာနသို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၆-၁-၂၀၁၄ (တနင်္လာနေ့)

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၁၂း၂၅ ဆေးရောင်စုံရုပ်ရှင် "နှင်းဆီနီပါးပြင်" (လွင်မိုး၊ တင့်တင့်ထွန်း) (ဒါရိုက်တာ-မောင်နန္ဒ)
၄း၁၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၅း၃၀ အိန္ဒိယရုပ်ရှင် "ဖြူစင်မေတ္တာ" (အပိုင်း-၁၃၇)
၆း၀၀ ပြည်တွင်းသတင်း မိုးလေဝသအခြေအနေ
၆း၂၀ "ရေဆန်စီးတဲ့မြစ်"
၇း၀၀ ပြည်တွင်းသတင်း
၇း၁၅ "မနုဿသားကောင်" (ဒုတိယတွဲ) "အငြိုးအတေး" (အပိုင်း-၃)
၈း၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသသတင်း
၈း၃၅ ပြည်သူတို့ရဲ့ စကားသံများ
၈း၄၅ ကြယ်ပွင့်များရဲ့ အထင်ကရ တေးများ
၉း၀၀ ပြည်တွင်းသတင်း -မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် "စောင်းတော်ရှင်" (အပိုင်း-၂) -အိန္ဒိယရုပ်ရှင် "တတိယအရွယ်ရဲ့ ရင်ခုန်သံ" (ဇာတ်သိမ်း)

ရင်းရင်းနှီးနှီးတွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် KNU ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ စောမူတူးစေးဖိုးအား ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။

(သတင်း-ရွှေဖုံး)(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၆-၁-၂၀၁၄ (တနင်္လာနေ့)

၆း၀၃ တရားတော်
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဆွေနဲ့မျိုးနဲ့ပြဿနာနဲ့ (အပိုင်း-၂၆)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အာဂလူ (အပိုင်း-၁၁)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် KNU ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ စောမူတူးစေးဖိုးခေါင်းဆောင်သောအဖွဲ့တို့ တွေ့ဆုံကြစဉ်။

(သတင်း-ရွှေဖုံး)(သတင်းစဉ်)

မြန်မာနိုင်ငံ၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ကမ္ဘာ့နိုင်ငံများမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့ခဲ့ကြသည်။

ဂျပန်နိုင်ငံ

နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ ဂျပန်ဘုရင်မင်းမြတ် အကီဟီတိုမှ ပေးပို့သောသဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ အဆွေတော်သမ္မတကြီးအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် မြန်မာပြည်သူများ ဝမ်းမြောက်ပျော်ရွှင်စွာရှိပါစေဟု ဆုတောင်းမေတ္တာပို့သပါကြောင်း ဖော်ပြထားသည်။

အလားတူ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ ဂျပန်နိုင်ငံဝန်ကြီးချုပ်မစ္စတာ ရှင်ဇိုအာဘေးမှ ပေးပို့သောသဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယအတွက် ဂျပန်အစိုးရ၊ ဂျပန်ပြည်သူများနှင့် မိမိက ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ လွန်ခဲ့သည့်နှစ် မေလအတွင်းက မိမိ၏မြန်မာနိုင်ငံခရီးစဉ်တွင် ချစ်ခင်ရင်းနှီးစွာဧည့်ဝတ်ကျေပွန်မှုအတွက် လှိုက်လှိုက်လှဲလှဲ ဝမ်းသာပီတိဖြစ်ရပါကြောင်းနှင့် ဒီဇင်ဘာလအတွင်း အာဆီယံ-ဂျပန်အထိမ်းအမှတ်ထိပ်သီးညီလာခံတွင် အဆွေတော်သမ္မတကြီးကို လက်ခံတွေ့ဆုံနိုင်ခဲ့သည့်အတွက် ကျေနပ်ပါကြောင်း၊ ယခုကဲ့သို့ အချိန်အခါသမယတွင် မြန်မာနိုင်ငံ၏ နယ်ပယ်ကဏ္ဍစုံပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ဂျပန်နိုင်ငံက ဆက်လက်ကူညီထောက်ပံ့နေမည်ဟု ကတိပြုပါကြောင်း၊ မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်မည့် ယခုနှစ်သည် မိမိတို့နှစ်နိုင်ငံ သံတမန်ဆက်ဆံမှုနှစ် (၆၀)ပြည့်သည့်နှစ်ဖြစ်သည့်အတွက် အရေးပါသောနှစ်တစ်နှစ် ဖြစ်ပြီး အဆိုပါအခွင့်အလမ်းကိုအသုံးပြုကာ နှစ်နိုင်ငံအပြန်အလှန်ဆက်ဆံရေးကို တိုးမြှင့်နိုင်မည်ဟုယုံကြည်ပါကြောင်းနှင့် အဆွေတော်သမ္မတကြီးနှင့်အတူ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဖော်ဆောင်နိုင်မည်ဟု မျှော်လင့်ပါကြောင်းဖော်ပြထားသည်။

ဘူတန်နိုင်ငံ

နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ ဘူတန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှာရင်းတော့ဂေးထံမှ ပေးပို့သောသဝဏ်လွှာတွင် မြန်မာနိုင်ငံ၏လွတ်လပ်ရေးနေ့အခါသမယ၌ အဆွေတော်သမ္မတကြီးနှင့် မြန်မာပြည်သူများဝမ်းမြောက်ပျော်ရွှင်စွာရှိပါစေဟု ဘူတန်အစိုးရနှင့် ဘူတန်ပြည်သူများကိုယ်စား ဆုတောင်းမေတ္တာပို့သပါကြောင်း၊ မြန်မာနိုင်ငံနှင့် ဘူတန်နိုင်ငံတို့သည် အပြန်အလှန်နားလည်ယုံကြည်မှုအပေါ် အခြေခံ၍ ရင်းနှီးချစ်ကြည်စွာဆက်ဆံလျက်ရှိသည့် နိုင်ငံများဖြစ်ပြီး မိမိတို့နှစ်နိုင်ငံကြား ရှိရင်းစွဲရင်းနှီးချစ်ကြည်မှုများသည် လာမည့်နှစ်များအတွင်း ပိုမိုတိုးတက်ခိုင်မာလာမည်ဟု ယုံကြည်ပါကြောင်း ဖော်ပြထားသည်။

မလေးရှားနိုင်ငံ

မြန်မာနိုင်ငံ၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ အဆွေတော်သမ္မတကြီးနှင့်ဇနီး ဒေါ်ခင်ခင်ဝင်း အပါအဝင် မြန်မာပြည်သူများရွှင်လန်းချမ်းမြေ့ပါစေရန် ဆုတောင်းမေတ္တာပို့သပါကြောင်း၊ မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သည် အပြန်အလှန်ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆက်ဆံလာခဲ့သည့် နိုင်ငံများဖြစ်ပါကြောင်း၊ အပြန်အလှန် ယုံကြည်မှု၊ အပြန်အလှန်နားလည်မှုများအပေါ် အခြေခံ၍ နှစ်နိုင်ငံပြည်သူများအကျိုးကျေးဇူးအတွက် မိမိတို့၏ ပူးပေါင်းဆောင်ရွက်မှုများသည် လာမည့်နှစ်များတွင် ပိုမိုတိုးတက်ခိုင်မာလာမည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ပေးပို့သော မလေးရှားနိုင်ငံ ဘုရင် အဗ္ဗဒူဟာလင်မ်မူအက်ဒ်ဇမ်ရှား၏ သဝဏ်လွှာတွင်ဖော်ပြထားသည်။

အလားတူ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ပေးပို့သော မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီမိုဟာမက် နာဂျစ် တွန်းရာဇတ်၏သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်သမ္မတကြီးနှင့် မြန်မာပြည်သူများ ဝမ်းမြောက်ပျော်ရွှင်စွာရှိပါစေဟု မလေးရှားအစိုးရနှင့် မလေးရှားပြည်သူများကိုယ်စား ဆုမွန်ကောင်းတောင်းပါကြောင်း၊ မြန်မာနိုင်ငံတွင် အဆွေတော်၏ဦးဆောင်မှုနောက်တွင်ဖြစ်ပေါ်နေသည့် အပြုသဘောဆောင်သော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအပေါ် မလေးရှားနိုင်ငံက ဆက်လက်ထောက်ခံသွားမည်ဖြစ်ပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပါအဝင် နယ်ပယ်ကဏ္ဍစုံ၌ မလေးရှားနိုင်ငံ၏ အတွေ့အကြုံနှင့် သင်ခန်းစာများကို မြန်မာနိုင်ငံသို့ မျှဝေရန် မိမိတို့အဆင်သင့် ရှိပါကြောင်းနှင့် မလေးရှားနည်းပညာပူးပေါင်းဆောင်ရွက်ရေး အစီအစဉ် (MTCP) ကို ဦးစားပေးကဏ္ဍအဖြစ် မြန်မာနိုင်ငံတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖော်ပြထားသည်။

ကျူးဘားသမ္မတနိုင်ငံ

နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ ကျူးဘားသမ္မတနိုင်ငံသမ္မတမစ္စတာ ရာအူးလ် ကက်စရိုရုဇ်မှ ပေးပို့သော သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ အဆွေတော်သမ္မတကြီးအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြထားသည်။

ဘရာဇီးသမ္မတနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဘရာဇီးသမ္မတနိုင်ငံသမ္မတ မစ္စ ဒဲလ်မာဗာနာ ရိုးဆပ်(ဖ်)မှ ပေးပို့သော သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဘရာဇီးပြည်သူများနှင့် ဘရာဇီးအစိုးရကိုယ်စား ဆုတောင်းမေတ္တာပို့သပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံက အရေးပါသည့် အာဆီယံဥက္ကဋ္ဌတာဝန်ကိုထမ်းဆောင်ရမည်ဖြစ်ပြီး အဆိုပါ တာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်ပါစေဟု ဆန္ဒပြုပါကြောင်း ဖော်ပြထားသည်။

ဆက်လက်ဖော်ပြပါမည်။

ဘင်္ဂလားဒေ့ရှ်ရွေးကောက်ပွဲ ပဋိပက္ခများဖြစ်

ဒါကာ ဇန်နဝါရီ ၅

အတိုက်အခံတို့က သပိတ်မှောက်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အထွေထွေရွေးကောက်ပွဲကိုကျင်းပနေစဉ် ရဲတပ်ဖွဲ့ဝင်များနှင့် အတိုက်အခံလှုပ်ရှားသူများအကြား ပဋိပက္ခများဖြစ်ပွားခဲ့ကြောင်း တနင်္ဂနွေနေ့တွင် ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

တနင်္ဂနွေနေ့မဲရုံများ၌ မဲထည့်ချိန်အတွင်းတွင် အနည်းဆုံး ၁၁ဦးသေဆုံးခဲ့သည်ဟုဆိုသည်။

မဲရုံအချို့မီးရှို့ခြင်းခံရပြီး မဲပေးခြင်းမှာ ဂရင်းနစ်စံတော်ချိန် ၁၀ နာရီတွင် ပြီးဆုံးခဲ့သည်။ မဲပေးသူ အရေအတွက်မှာ နည်းပါးသည်ဟုဆိုသည်။

ရွေးကောက်ပွဲ ရလဒ်များကို တနင်္လာနေ့ နံနက်စောစောအချိန်တွင် ကြေညာမည်ဟုမျှော်လင့်ရသည်။ သို့သော်လည်း ဝန်ကြီးချုပ် ရှိတ်ဟာစီနာ၏ အဝါမီလိဂ်ပါတီက အနိုင်ရရှိရန် သေချာနေသည်။

အတိုက်အခံတို့ကတောင်းဆိုသည့် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ပေးရန်နှင့် ရွေးကောက်ပွဲကြီးကြပ်ရေးအတွက် အိမ်စောင့်အစိုးရ ဖွဲ့စည်းရန်တို့ကို ဟာစီနာက ငြင်းပယ်ခဲ့သည်။

လုံခြုံရေးတင်းကြပ်သည့်အနေဖြင့် နိုင်ငံတစ်ဝန်းတွင် ရွေးကောက်ပွဲကာလအတွင်း ရဲတပ်ဖွဲ့ဝင် ၅၀၀၀၀ တာဝန်ပေးထားသည်ဟုဆိုသည်။

ဘီဘီစီ။

ဘင်္ဂလားဒေ့ရှ်အတိုက်အခံများက ရွေးကောက်ပွဲကို ကန့်ကွက်နေကြစဉ်။

ကျူးဘားအစိုးရ ကားသစ်ဈေးနှုန်း ပြည်သူများတုန်လှုပ်

ဟားဗားနား ဇန်နဝါရီ ၅

ကျူးဘားနိုင်ငံတွင် ၁၉၅၉ ခုနှစ် တော်လှန်ရေးကာလမှစ၍ ပထမဆုံးအကြိမ်အဖြစ် နိုင်ငံခြားမှတင်သွင်းလာသည့် ကားများကိုရောင်းချပေးရာ၌ သတ်မှတ်သောဈေးနှုန်းကြောင့် ပြည်သူအများ တုန်လှုပ်သွားရကြောင်း စနေနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အစိုးရက ကားအသစ်များတင်သွင်းခြင်း၊ ရောင်းချခြင်းများကို တစ်ဦးတည်းချုပ်ကိုင်ထားပြီး ဈေးနှုန်းမှာ ၄၀၀ ရာခိုင်နှုန်းနှင့် ထို့ထက်ပို၍ များပြားနေသည်။

ကားတစ်စီး၏တန်ဖိုးသည် ဗြိတိန်နိုင်ငံ၌ အမေရိကန်ဒေါ်လာ ၅၃၀၀၀ ဖြစ်ပြီး ကျူးဘား၌ ဒေါ်လာ ၂၆၂၀၀၀ ဖြင့် ရောင်းချရန် စာရင်းတင်ထားသည်။ ပြည်သူ၏တစ်လပျမ်းမျှလုပ်ခလစာငွေမှာ ဒေါ်လာ ၂၀ ခန့်သာဖြစ်သည်။

ပယ်ဖျက်

ကွန်မြူနစ်ကျူးဘားနိုင်ငံ၌ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိရာ နောက်ဆုံးလုပ်ဆောင်ချက်သည် ကားများကို လွတ်လပ်စွာ ရောင်းဝယ်ခွင့်ပြုခြင်းဖြစ်သည်။ ကားအသစ်များ ဝယ်ယူရန်အတွက် ခွင့်ပြုမိန့်လိုအပ်သည်ဆိုသော စည်းမျဉ်းကို ပယ်ဖျက်ပေးခဲ့ပြီးဖြစ်သည်။

သို့သော်လည်း လူနည်းစုအတွက်သာ အကျိုးရှိမည်ဖြစ်သည်ဟုဆိုသည်။

ဟားဗားနားမြို့၏ တစ်ပတ်ရစ်ကားများရောင်းချသည့် မီရာမာကား ဈေးကွက်မှ လူများသည် အစိုးရသတ်မှတ်သောကားဈေးနှုန်းကို ကြားသိလိုက်ရသည့်အခါ တုန်လှုပ်ချောက်ချားသွားကြသည်ဟုဆိုသည်။

အဆိုပါဈေးနှုန်းများသည် အရူးဈေးနှုန်းများဖြစ်ကြောင်း နိုင်ငံအတွက် အလုပ်လုပ်နေကြသော မည်သည့်ကျူးဘားနိုင်ငံသားတစ်ဦးကမှ ယခုဈေးနှုန်းဖြင့် ကားမဝယ်နိုင်ကြောင်း ၎င်းတို့အတွက် ကားဝယ်ရန်အခွင့်အလမ်းမှာ သုညသာဖြစ်ကြောင်း ဆူဆန်နီအမည်ရှိသူတစ်ဦးက ဘီဘီစီသို့ ပြောကြားသည်။ **ဘီဘီစီ။**

အီရတ်အစိုးရအား ထောက်ကူပေးမည်ဟု ကန်နိုင်ငံခြားရေးဝန်ကြီး ပြောကြား

ဝါရှင်တန် ဇန်နဝါရီ ၅

အယ်ကေဒါတပ်ဖွဲ့နှင့် အဆက်အစပ်ရှိသော စစ်သွေးကြွများအား အီရတ်အစိုးရက တိုက်ခိုက်မှုအတွက် အထောက် အကူပေးမည်ဖြစ်သော်လည်း အီရတ်နိုင်ငံသို့ အမေရိကန်တပ်ဖွဲ့များ ပြန်လည်စေလွှတ်မည်မဟုတ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ပြောကြားသည်။

အီရတ်ဝန်ကြီးချုပ် နူရီမာလီကီဦးဆောင်သည့် အစိုးရသည် စစ်သွေးကြွများအား တိုက်ခိုက်နှိမ်နင်းနိုင်လိမ့်မည်ဟု မိမိယုံကြည်ကြောင်း ဂျွန်ကယ်ရီက ဆက်လက်ပြောကြားသည်။

စွန့်လွှတ်

ယခုရက်သတ္တပတ် အစောပိုင်းက ဘဂ္ဂဒက်မြို့ အနောက်ဘက်ရှိ မဟာဗျူဟာမြောက် ဖလူဂျာမြို့အား ထိန်းချုပ်ထားနိုင်မှုကို စွန့်လွှတ်ခဲ့ရကြောင်း အီရတ်အစိုးရက ပြောကြားခဲ့သည်။

အယ်ကေဒါအဖွဲ့နှင့် ဆက်စပ်နေသည့် စစ်သွေးကြွတပ်ဖွဲ့များက ဖလူဂျာမြို့တောင်ဘက်ခြမ်းအား ထိန်းချုပ်ထားကြောင်း လုံခြုံရေးဆိုင်ရာ သတင်းရပ်ကွက်များက ဘီဘီစီသို့ ပြောကြားသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် အစ္စရေးနှင့်ပါလက်စတိုင်းတို့အကြား ငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေပြီး အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့မှ ဂျော်ဒန်နှင့် ဆော်ဒီအာရေဗျနိုင်ငံများနှင့် တွေ့ဆုံဆွေးနွေးရန် ထွက်ခွာစဉ် ယင်းသို့ မှတ်ချက်ပြုပြောကြားခြင်းဖြစ်သည်။

ဘီဘီစီ။

အမေရိကန်ပြည်ထောင်စုတွင် ဆီးနှင်းမုန်တိုင်း ကျဆင်းမှုအခြေအနေကို တွေ့ရစဉ်။

အမေရိကန်ပြည်ထောင်စုဒေသအချို့၌ အပူချိန်စံချိန်တင်ကျဆင်း

ဝါရှင်တန် ဇန်နဝါရီ ၅

အာတိတ်ဒေသမှ အေးမြသောလေများ တိုက်ခတ်ခြင်းကြောင့်အမေရိကန်ပြည်ထောင်စုဒေသအချို့တွင် အပူချိန်များ အနိမ့်ဆုံးစံချိန် ကျိုးပေါက်လောက်အောင် ကျဆင်းနေကြောင်း ယနေ့ ဘီဘီစီသတင်းတွင်ဖော်ပြသည်။

မကြာသေးမီရက်အတွင်းက တိုက်ခတ်ခဲ့သည့် ဆောင်းရာသီမုန်တိုင်းကြောင့် ကနေဒါနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စု အရှေ့မြောက်ပိုင်းဒေသတွင် ဆီးနှင်းများလွှမ်းခြုံကျဆင်းခဲ့ရာ ဆီးနှင်းထုပမာဏမှာ ၆၀ စင်တီမီတာ(နှစ်ပေ)ခန့်ထိရှိခဲ့သည်။

ဇန်နဝါရီ ၁ ရက်တွင် ကျရောက်ခဲ့သော နှင်းမုန်တိုင်းကြောင့် အမေရိကန်နိုင်ငံတွင် လူ ၁၆ ဦးသေဆုံးပြီး လေကြောင်းခရီးစဉ် ၅၀၀၀ ကျော်ကို ဖျက်သိမ်းခဲ့ရသည်။

အမေရိကန်နိုင်ငံ အနောက်အလယ်ပိုင်းဒေသများ၌ လေအေးများတိုက်ခတ်မှုကြောင့် အပူချိန်သည် ၅၈ ဒီဂရီဖာရင်ဟိုက်(- ၅၀ ဒီဂရီဆဲလ်စီရပ်)အထိကျဆင်းနိုင်ကြောင်း မိုးလေဝသခန့်မှန်းသူများကပြောကြားသည်။

ဒေသခံများ၏ အသက်အန္တရာယ်လုံခြုံရေးအတွက် အဆောက်အအုံတွင်း၌သာနေထိုင်ကြရန်နှင့် ဆီးနှင်းများဖယ်ရှားပြီးမှသာ လမ်းများကိုအသုံးပြုကြရန် အာဏာပိုင်များက သတိပေးနှိုးဆော်ထားသည်။

ကနေဒါနိုင်ငံ နယူးဖောင်လင်ကျွန်းတွင် ထောင်နှင့်ချီသောပြည်သူများမှာ ဆီးနှင်းထူထပ်စွာကျဆင်းမှုကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့် ကြုံတွေ့နေရသည်။ **ဘီဘီစီ။**

ဖွံ့ဖြိုးပြီးကမ္ဘာ့နိုင်ငံများ၌ အဝလွန်သူများလေးဆတိုး ဝဖြိုးသူဦးရေ တစ်ဘီလီယံနီးပါးမျှ ရှိလာ

လန်ဒန် ဇန်နဝါရီ ၅

ကိုယ်အလေးချိန်ပိုသူ အရွယ်ရောက်ပြီးသူများဦးရေသည် ဖွံ့ဖြိုးပြီးကမ္ဘာ့နိုင်ငံများ၌ လူဦးရေတစ်ဘီလီယံနီးပါး တိုးတက်လာခဲ့ပြီး ၁၉၈၀ ခုနှစ်ကထက် လေးဆနီးပါးရှိလာကြောင်း ဗြိတိန်အခြေစိုက် ပညာရှင်အဖွဲ့တစ်ဖွဲ့က ပြောကြားသည်။

ပင်လယ်ရပ်ခြား ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သုတေသနအဖွဲ့၏ အဆိုအရ ကမ္ဘာနှင့်အဝန်းတွင် လူသုံးဦးလျှင် တစ်ဦးမှာ ကိုယ်ခန္ဓာအလေးချိန်ပိုသူများဖြစ်နေပြီး အစိုးရအဖွဲ့များအနေဖြင့် ယင်းတို့အတွက် အာဟာရမှီဝဲမှုဆိုင်ရာများ၌ စီမံခန့်ခွဲမှု ပြုသင့်ကြောင်း ဖော်ပြသည်။

ဗြိတိန်နိုင်ငံတွင်းရှိ အရွယ်ရောက်ပြီး ပြည်သူဦးရေ၏ ၆၄ ရာခိုင်နှုန်းခန့်မှာ ကိုယ်အလေးချိန်ပိုမိုနေသူ သို့မဟုတ် အဝလွန်နေသူများဖြစ်သည်။

ကိုယ်အလေးချိန်ပိုနေ သူများသည် သို့မဟုတ် အဝလွန်နေသူများသည် နှလုံးရောဂါ၊ လေသင်တုန်းရောဂါနှင့် ဆီးချိုရောဂါဖြစ်ပွားမှုနှုန်းများ တိုးမြင့် ခံစားကြရကြောင်းသတင်းတွင် ဖော်ပြသည်။ **ဘီဘီစီ။**

Teamwork နှင့်ပတ်သက်သော
အတွေးထုတ်ဆောင်းပါးများနှင့်အတူ
အခွင့်အလမ်း ဂျာနယ်
Opportunity Journal
2014 Executive Planner

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်၏မိတ်ဆွေက ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၃/၉၄) ရပ်ကွက်၊ (၅)လမ်း၊ (စီ)ဘလောက်၊ တိုက်အမှတ်(၃၄)၊ အခန်း(၄၀၄)၊ (၄)လွှာအခန်းနှင့်တကွ ဥပဒေရေးရာ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ၁-၁-၂၀၁၄ ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ်စရန်ပေးကတိစာချုပ်ဖြင့် ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူ မည်သူမဆို ၎င်းကြော်ငြာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

အိမ်-အမှတ်(၇၇၆)၊ ၂-လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၁၃၀၈၇၃

ဦးသိန်းဟန်
LL.B,DML,DAPsy, DIL,DBL
စာပေဗိမာန်(အငြိမ်းစား)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၄၁)

ပြည်တွင်းရေးရာ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌနှင့်အဖွဲ့ အား လက်ခံတွေ့ဆုံ

နေပြည်တော်　　ဇန်နဝါရီ　　၅

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် **KNU** ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး ခေါင်းဆောင်သောအဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီးလှဋ္ဌေးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး **KNU** ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူးချုပ် ပဒိုစောကွယ်ထူးဝင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် ပဒိုစောရောဂျာခင်၊ ပဒိုမန်းငြိမ်းမောင်နှင့် ပဒိုစောတာဒိုမူး၊ ဗဟိုကော်မတီဝင်များနှင့် အရန်ဗဟိုကော်မတီဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ထာဝရငြိမ်းချမ်းရေးဖော်ဆောင်မှုဆိုင်ရာကိစ္စရပ်များ၊ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များနှင့် ဒီမိုကရေစီလမ်းစဉ်နှင့်အညီ လျှောက်လှမ်းနေမှုဆိုင်ရာကိစ္စရပ်များနှင့် နှစ်ဦးနှစ်ဖက် မကြာခဏ ထိတွေ့ဆက်ဆံမှုများ ပြုလုပ်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က **KNU** ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့် အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။**(ယာပုံ)** **(မြဝတီ)**

ဇေယျဝတီမြို့ရှိ ဆင်ဖြူတော်အဆင့်မြင့် သကြားစက်ရုံမှ တစ်ရက်သကြားဖြူတန် ၁၀၀ ထုတ်လုပ်

နေပြည်တော်　　ဇန်နဝါရီ　　၅

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် **(ဝဲပုံ)**သည် ဇန်နဝါရီ ၄ ရက် ညနေပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဇေယျဝတီမြို့ရှိ ဆင်ဖြူတော်အဆင့်မြင့်သကြားစက်ရုံသို့ သွားရောက်၍ တာဝန်ရှိသူများအား တွေ့ဆုံပြီး စက်မှုဝန်ကြီးဌာနမှ ငှားရမ်းထားသော စက်ရုံများကို ငှားရမ်းထားစဉ် ကာလအတွင်း မိမိတို့နှင့် မသက်ဆိုင်ဟု သဘောမထားဘဲ အခက်အခဲများရှိပါက ကူညီဖြေရှင်းပေးရေး၊ ကျော်သာကုမ္ပဏီအနေဖြင့် ဇေယျဝတီသကြားစက်ရုံကို ငှားရမ်းခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် မလည်ပတ်နိုင်ခဲ့ဘဲ ယခုစက်ရုံကြီးအား ပြန်လည်လည်ပတ်နိုင်ခဲ့ပြီး ဆင်ဖြူတော်အမှတ်တံဆိပ်ဖြင့် အဆင့်မြင့်သကြားများကို ထုတ်လုပ်နိုင်ပြီဖြစ်၍ ပြည်တွင်းဈေးကွက်လိုအပ်ချက်ကို တစ်တပ်တစ်အား ဖြည့်ဆည်းပေးနိုင်တော့မည် ဖြစ်ပါကြောင်း ပြောကြားပြီး စက်ရုံအတွင်း သကြားထုတ်လုပ်မှုလုပ်ငန်းစဉ်များကို ကြည့်ရှုအားပေးသည်။

စက်မှုဝန်ကြီးဌာန၏ ဇေယျဝတီသကြားစက်ရုံကို ကျော်သာကုမ္ပဏီမှ ၁-၉-၂၀၁၁ ရက်တွင် ငှားရမ်းခဲ့ပြီး စက်များအား Upgrade ပြုလုပ်၍ လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်ကာ ၂၅-၁၂-၂၀၁၃ ရက်မှစတင်ကာ တစ်ရက်လျှင် ကြံတန်ချိန် ၁၅၀၀ ကြိတ်ဝါးနိုင်ပြီး သကြားဖြူ တန် ၁၀၀ နှင့် တင်လဲရည်လေးတန်ကျော်ကို ထုတ်လုပ်နိုင်ပြီး သကြားဖြူ တန် ၁၅၀ ထိတိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ရည်မှန်းချက်ထား စီမံဆောင်ရွက်လျက်ရှိကြောင်း ဒေသခံကြံစိုက်တောင်သူများ ဝင်ငွေတိုးတက်ရရှိနိုင်ရေး တစ်ဧကလျှင် တန် ၄၀၊ ၅၀ ထွက်ရှိသော ထိုင်းမျိုးကြံ (k95-84) များကို စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရိဒ်ခေါဒါရ်မြို့နယ်ခွဲတွင် လူဦးရေနှင့် အိမ်အကြောင်းအရာ အသိပေးဟောပြော

ရိဒ်ခေါဒါရ်　ဇန်နဝါရီ　၅

ချင်းပြည်နယ် ရိဒ်ခေါဒါရ်မြို့နယ်ခွဲတွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းဟောပြောပွဲကို ဇန်နဝါရီ ၅ ရက်က အမှတ်(၂) ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း၌ ပြုလုပ်ရာ ယာယီမြို့နယ်ခွဲတာဝန်ခံ ဦးကျော်ဝင်းထွဋ်က ရှင်းလင်းပြောကြားခဲ့ပြီး တာဝန်ခံဦးသွမ်တန်ကပြည်သူများ သိရှိလိုသည်များကို ရှင်းလင်း ပြောကြားခဲ့ကြောင်းနှင့် အဆိုပါ ဟောပြောပွဲသို့ ရပ်ကွက်သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့ များနှင့် ပြည်သူအင်အား ၇၅ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)





မြန်မာနိုင်ငံလူမှုဖူလုံရေးအဖွဲ့၏ ဆောင်ရွက်ချက်များ

မြန်မာနိုင်ငံလူမှုဖူလုံရေးအဖွဲ့ကို ၁၉၅၄ ခုနှစ် လူမှုဖူလုံရေးအက်ဥပဒေအရ ဖွဲ့စည်းခဲ့ပြီး စီမံကိန်းကို ၁၉၅၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင်စတင်ခဲ့ပါသည်။ လက်ရှိအခြေအနေတွင် မြို့နယ်ပေါင်း ၁၁၀ ၌ ရုံးခွဲပေါင်း ၇၇ ရုံးဖွင့်လှစ်ထားပြီး အလုပ်သမားဆေးရုံ သုံးရုံနှင့်လူမှုဖူလုံရေးဆေးခန်း ၉၂ ခန်းတို့ဖြင့် အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ဆောင်ရွက်ပေးလျက်ရှိပါသည်။၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင်ရှိနေသော လူမှုဖူလုံရေးစီမံကိန်းနှင့် အကျုံးဝင်အလုပ်ဌာနများနှင့် အာမခံအလုပ်သမားများ၏အခြေအနေကို အောက်ပါဇယားတွင် တွေ့ရှိနိုင်မည်ဖြစ်ပါသည်-

ပိုင်ဆိုင်မှုကဏ္ဍ	ကျပ်ငွေဖြင့် ပေးသွင်းသော	နိုင်ငံခြားငွေဖြင့် ပေးသွင်းသော	ကျပ်ငွေဖြင့် ပေးသွင်းသော	နိုင်ငံခြားငွေဖြင့် ပေးသွင်းသော
	အလုပ်ဌာန		အလုပ်သမား	
နိုင်ငံပိုင်	၁၈၈၈		၁၆၈၅၈၂	
သမဝါယမပိုင်	၉၅၃		၄၇၀၁	
ပုဂ္ဂလိကပိုင်	၂၉၈၉၁	၅၈၃	၄၉၅၈၃၇	၁၂၈၅၅
စုစုပေါင်း	၃၂၃၂	၅၈၃	၆၆၉၁၂၀	၁၂၈၅၅

လူမှုဖူလုံရေးစီမံကိန်းတွင် အထွေထွေအရပ်ရပ်အာမခံစနစ်နှင့် လုပ်ငန်းခွင်အာမခံစနစ်ဟူ၍ အာမခံစနစ်နှစ်မျိုးရှိပါသည်။ အထွေထွေအရပ်ရပ် အာမခံစနစ်တွင် မမာမကျန်းမှု၊ မီးဖွားမှု၊ သေဆုံးမှုဆိုင်ရာငွေကြေးအကျိုးခံစားခွင့်များပါရှိပြီး လုပ်ငန်းခွင်ထိခိုက်မှု အာမခံစနစ်တွင် ယာယီမသန်စွမ်းမှု၊ အမြဲတမ်းမသန်စွမ်းမှု၊ ကျန်ရစ်သူငွေကြေး အကျိုးခံစားခွင့်တို့ပါရှိပါသည်။ အာမခံအလုပ်သမားများ မကျန်းမမာဖြစ်သည့်အခါ မီးဖွားမှုဖြစ်သည့်အခါများတွင် အခမဲ့ဆေးကုသခွင့်များပေးသကဲ့သို့ ဆိုင်ရာငွေကြေးအကျိုးခံစားခွင့်များကိုလည်းထုတ်ပေးပါသည်။ အကြောင်းအမျိုးမျိုးကြောင့် သေဆုံးသွားသည့်အခါ အသုဘစရိတ်ကိုလည်း ထုတ်ပေးပါသည်။ အလားတူ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် ဆေးဝါးကုသမှုခံယူရသည့်အခါမျိုးတွင် ယာယီမသန်စွမ်းမှုငွေကြေးအကျိုးခံစားခွင့်ထုတ်ပေးပြီး အမြဲတမ်းမသန်မစွမ်းဖြစ်ခြင်းကြောင့် လုပ်အားဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ပါက အမြဲတမ်းမသန်စွမ်းမှုငွေကြေးအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးပြီး လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးသွားခဲ့ပါက ကျန်ရစ်သူမိသားစုအတွက် ကျန်ရစ်သူပင်စင်များကိုလည်းထုတ်ပေးလျက်ရှိပါသည်။ ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင်ရှိနေသော အာမခံအလုပ်သမားများသို့ ခွင့်ပြုထုတ်ပေးခဲ့သော ငွေကြေးအကျိုးခံစားခွင့်များကို အောက်ပါဇယားတွင် တွေ့ရှိနိုင်မည်ဖြစ်ပါသည်-

အကျိုးခံစားခွင့် အမျိုးအစား	မြန်မာကျပ်ငွေဖြင့် ခွင့်ပြုထုတ်ပေးငွေ(ကျပ်သန်း)	နိုင်ငံခြားငွေဖြင့် ခွင့်ပြုထုတ်ပေးငွေ
မမာမကျန်းမှု	၁၄. ၂၅၀	၉၇၉. ၉၈
မီးဖွားမှု	၁၄. ၈၂၀	၁၅၅၆. ၁၄
သေဆုံးမှု	၄. ၇၂၀	၄၀၀. ၀၀
ယာယီမသန်စွမ်းမှု	၁. ၃၅၄	၁၃၃. ၄၇
အမြဲတမ်းမသန်စွမ်းမှု	၃. ၅၄၇	၈၆. ၀၃
ကျန်ရစ်သူပင်စင်	၃. ၈၁၁	၁၄၉. ၂၀
စုစုပေါင်း	၄၂. ၅၀၂	၃၃၀၄. ၈၂

လူမှုဖူလုံရေးဆေးခန်းများနှင့် အလုပ်သမားဆေးရုံကြီးတွင် အခမဲ့ဆေးဝါးကုသမှုပေးသော်လည်း အရေးပေါ်အခြေအနေကြောင့် ပြည်သူ့ဆေးရုံကြီးများတွင် ဆေးကုသမှုခံယူခဲ့ကြသူများနှင့် လူမှုဖူလုံရေးဆေးရုံ ဆေးခန်းများမှ ညွှန်းပို့သဖြင့် ပြည်သူ့ဆေးရုံကြီးများသို့ သွားရောက်ဆေးကုသမှုခံယူခဲ့ကြသူများအနေဖြင့် ပြင်ပမှဝယ်ယူအသုံးပြုခဲ့သော ဆေးဖိုးကုန်ကျငွေများကို အာမခံအလုပ်သမားများသို့ ပြန်လည်ပေးအမ်းလျက်ရှိရာ ၂၀၁၃ ခုနှစ် နိုဝင်ဘာလအတွင်း ပြန်လည်ပေးအမ်းခဲ့သည့်အခြေအနေကို အောက်ပါဇယားတွင် တွေ့ရှိနိုင်မည်ဖြစ်ပါသည်-

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	ဦးရေ	ခွင့်ပြုငွေ(ကျပ်)
၁	ရန်ကုန်တိုင်း	၈၀	၇၇၉၇၂၂၈
၂	မန္တလေးတိုင်း	၁၀၃	၅၂၉၉၅၆၅
၃	ပဲခူးတိုင်း	၁၆	၁၅၆၇၃၆၀
၄	စစ်ကိုင်းတိုင်း	၁၈	၇၇၅၀၉၀
၅	မကွေးတိုင်း	၄၈	၃၄၆၃၆၁၀
၆	ဧရာဝတီတိုင်း	၁၄	၇၁၀၄၆၅
၇	တနင်္သာရီတိုင်း	၃	၁၈၈၀၅၀
၈	မွန်ပြည်နယ်	၄	၂၀၄၀၀၀
၉	ကရင်ပြည်နယ်	၁	၅၀၄၀၀
၁၀	ရခိုင်ပြည်နယ်	၃	၁၈၄၇၉၅
၁၁	ရှမ်းပြည်နယ်	၆	၁၆၂၄၅၀
၁၂	ကယားပြည်နယ်	-	-
၁၃	ကချင်ပြည်နယ်	၃	၅၅၇၀၀
	စုစုပေါင်း	၂၉၉	၂၀၉၆၀၀၁၃

အောင်ဘုန်းမြင့်

အာမခံအလုပ်သမားများအနေဖြင့် လူမှုဖူလုံရေးဆေးခန်းများနှင့် အလုပ်သမားဆေးရုံကြီးများသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုကို အခမဲ့ခံယူခွင့်ရှိသော်လည်း ယင်းကဲ့သို့ သွားရောက်ပါက အလုပ်ပျက်ကွက်သဖြင့် ရက်မှန်ကြေးထိခိုက်ခြင်း၊ ကုန်ထုတ်စွမ်းအား လျော့ကျခြင်းများကို ဖြစ်စေသောကြောင့် ဆေးခန်းသို့လာရောက်ရန် အခက်အခဲရှိနေကြသည့် အလုပ်သမားများအတွက် လူမှုဖူလုံရေးဆေးရုံကြီးများမှ အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့သည် အခါအားလျော်စွာ စက်ရုံ၊ အလုပ်ရုံများသို့ ကွင်းဆင်း၍ လုပ်ငန်းခွင်မပျက် ဆေးဝါးကုသမှု၊ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိပါသည်။ ၂၀၁၃ ခုနှစ် နိုဝင်ဘာလအတွင်း စက်ရုံ၊ အလုပ်ရုံများသို့ ကွင်းဆင်းဆေးကုသသည့် အခြေအနေကို အောက်ပါဇယားတွင် တွေ့ရှိနိုင်မည်ဖြစ်ပါသည်-

စဉ်	ရက်စွဲ	ရန်ကုန် အလုပ်သမားဆေးရုံ		မန္တလေး အလုပ်သမားဆေးရုံ		တီဘီဆေးရုံ	
		ကြိမ်	ဦးရေ	ကြိမ်	ဦးရေ	ကြိမ်	ဦးရေ
၁	၅-၁၁-၂၀၁၃			၁	၁၄၃		
၂	၁၁-၁၁-၂၀၁၃					၁	၄၂
၃	၁၃-၁၁-၂၀၁၃					၁	၃၃
၄	၂၀-၁၁-၂၀၁၃					၁	၂၉
၅	၂၀-၁၁-၂၀၁၃	၁	၃၈၆				
	စုစုပေါင်း	၁	၃၈၆	၁	၁၄၃	၃	၁၀၄

အလားတူပင် နိုင်ငံအနှံ့အပြားရှိ လူမှုဖူလုံရေးရုံးခွဲတာဝန်ခံများ၊ ဆေးခန်းများမှ တာဝန်ခံဆရာဝန်များနှင့် သူနာပြုများသည်လည်း မိမိတို့မြို့နယ်များရှိစက်ရုံ၊ အလုပ်ရုံများသို့ ကွင်းဆင်း၍ လူမှုဖူလုံရေးဆိုင်ရာ သိကောင်းစရာများကို ဟောပြောအသိပေးခြင်း၊ ကျန်းမာရေးပညာပေးဟောပြောခြင်း၊ လုပ်ငန်းခွင်မပျက် ဆေးဝါးကုသမှု၊ ကျန်းမာရေးစောင့်ရှောက်မှုများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ၂၀၁၃ ခုနှစ် နိုဝင်ဘာလအတွင်း ၂၉၃ ကြိမ်ကွင်းဆင်းခဲ့ပါသည်။ ယင်းဟောပြောပွဲများသို့ အလုပ်သမား ၈၅၂၇ ဦးတို့ တက်ရောက်ခဲ့ကြပြီး အလုပ်သမားပေါင်း ၄၄၂၇ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုများ ပေးခဲ့ပြီး ဆေးဝါးကုသမှုများကိုလည်း ဆောင်ရွက်ပေးခဲ့ပါသည်။

လူမှုဖူလုံရေးအဖွဲ့သည် အလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို အထူးအလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် ယခုထက်ပိုမို၍ ကျန်းမာရေးစောင့်ရှောက်မှုများပိုမိုဆောင်ရွက်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ လက်ဆင့်ကမ်း(အပြေး) အမျိုးသား အမျိုးသမီး အပြီးသတ်လူရွေးချယ်

နေပြည်တော် ဇန်နဝါရီ ၅

မြန်မာနိုင်ငံမှ ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် စည်ကား သိုက်မြိုက်စွာကျင်းပမည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် လေးဦးလက်ဆင့်ကမ်း(အပြေး) အမျိုးသား အမျိုးသမီး အားကစားသမားများ အပြီးသတ်လူရွေးချယ်ပွဲကို မြန်မာမသန်စွမ်းအားကစားအဖွဲ့ဦးဆောင်၍ နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

အဆိုပါ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲ၌ အားကစားသမား လေးဦးအနေဖြင့် တစ်ဦးလျှင် မီတာ ၁၀၀ စီနှင့် မီတာ ၄၀၀ ကို လက်ဆင့်ကမ်းပြေး၍ ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရပြီး လက်ဆင့်ကမ်း(အပြေး) အမျိုးသား အမျိုးသမီး ပြိုင်ပွဲဝင်များတွင် (ဒူးအထက်တစ်ဖက်၊ လက်တစ်ဖက်၊ ဒူးအောက်နှစ်ဖက်၊ ဒူးအောက်တစ်ဖက်၊ မျက်မမြင်) မြန်မာမသန်စွမ်းအားကစားသမားများ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အားကစားသမားများအား မြန်မာမသန်စွမ်း(ပြေးခုန်ပစ်)အားကစားအသင်းမန်နေဂျာ ဦးစန်းထွန်းနှင့် (အပြေး)အားကစားနည်းပြ ဦးဩဂက်စတင်တို့က ကြီးကြပ်ခဲ့ကြောင်း သိရသည်။

(သန်းနိုင်-ဇမ္ဗူသီရိ)

ကျောက်တော်မြို့နယ် ရှောက်ချောင်းရေလှောင်တမံမှ သောက်သုံးရေလုံလောက်စွာပေးသွားမည်

စစ်တွေ ဇန်နဝါရီ ၅

ကျောက်တော်မြို့ပေါ်ရပ်ကွက်များရှိ ပြည်သူများ သောက်သုံးရေလုံလောက်စွာသုံးစွဲနိုင်ရန်အတွက် ရှောက်ချောင်းရေလှောင်တမံကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက ကျောက်တော်မြို့နယ် ရှောက်ချောင်းရေလှောင်တမံတည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိကြရာ ပြည်နယ်ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် မြောက်ဦးခရိုင်အုပ်ချုပ်ရေးမှူးတို့က လုပ်ငန်းစတင်ဆောင်ရွက်နေမှု၊ မြေနေရာစမ်းသပ်တိုင်းတာနေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများကို ရှင်းလင်းတင်ပြကြသည်။ ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းကိုက်ညီရေး၊ လုပ်ငန်းသုံးပစ္စည်းများ အရည်အသွေးကောင်းမွန်ရေးတို့အတွက် စနစ်တကျအလေးထား ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား တွေ့ဆုံပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ယခုတည်ဆောက်မည့်ရှောက်ချောင်းရေလှောင်တမံမှာ အလျားပေ ၁၁၀၀၊ အမြင့် ၅၅ ပေရှိ မြေသားတမံအမျိုးအစားဖြစ်ပြီး နှစ်စဉ်ပျမ်းမျှစီးဝင်ရေပမာဏ ၇၆၀၀ ဧကပေ၊ ရေဆင်းဧရိယာ ၁ ဒသမ ၅၁ စတုရန်းမိုင်၊ ကန်ရေဖြည့် ရေလှောင်ပမာဏ ဧကပေ ၁၆၀၀ (၄၃၅ ဒသမ ၂ သန်း ဂါလန်)ရှိပြီး သုံးစွဲရန်ထုတ်ပေးနိုင်သည့် ရေလှောင်ပမာဏ ၁၃၉၂ ဧကပေ (၃၇၈ ဒသမ ၆ သန်း ဂါလန်)ခန့် ရေပေးဝေနိုင်မည် ဖြစ်သည်။ အဆိုပါ ရေလှောင်တမံမှ ၁၈ လက်မပိုက်ဖြင့် ဆက်သွယ်ပြီး ကျောက်တော်မြို့ရှိ ရေလှောင်ကန်သို့ ရေဖြည့်ပေးဝေသွားမည်ဖြစ်သည်။ ယခုအချိန်တွင် ချဉ်းကပ်လမ်းဖောက်လုပ်ပြီးစီးပြီဖြစ်၍ မြေစမ်းသပ်တိုင်းတာမှုအပိုင်းကို ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ရေလှောင်တမံကို ပြည်နယ်အစိုးရ ရန်ပုံငွေ ကျပ်သန်းပေါင်း ၃၇၄၀ ဖြင့် အကုန်ကျခံတည်ဆောက် သွားမည်ဖြစ်ပြီး လုပ်ငန်းများအားလုံးပြီးစီးခဲ့ပါက ကျောက်တော်မြို့ပေါ်ရပ်ကွက်ရှိပြည်သူများ သောက်သုံးရေ လုံလောက်စွာ သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်းသိရသည်။

(ပြည်နယ်ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၆-၁-၂၀၁၄ (တနင်္လာနေ့)

၅း၄၀ ပဌာန်းပါဠိတော် + ရတနသုတ်
၆း၂၀ **MRTV**-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သမီးလေး"(အပိုင်း-၆၁)
၇း၁၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး"(အပိုင်း-၃၉)
၈း၂၅ **MRTV**-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသောနှလုံးသား"(အပိုင်း-၄၄)
၉း၁၀ **MRTV**-4 ရုပ်သံဇာတ်လမ်းတွဲ "ရွှေဖူးစာလေးတဝဲလည်"(အပိုင်း-၁၀)
၁၂း၀၀ "အဆိုးဆုံးရန်သူနှင့် အကောင်းဆုံးမိတ်ဆွေ" တရားတော် (သစ္စာရွှေစည်ဆရာတော်အရှင်ဥတ္တမ)

(၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနားများကျင်းပ

ဖရူဆို

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို လွိုင်ကော်ခရိုင် ဖရူဆိုမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှေ့၌ ဇန်နဝါရီ ၄ ရက် နံနက်တွင် အလံတင်အခမ်းအနားကျင်းပပြီး နိုင်ငံတော်အလံအလေးပြုခြင်းနှင့် နိုင်ငံတော်သမ္မတထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းအေးက ဖတ်ကြားသည်။

ထို့နောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဝင် ထက်/လယ်ဆင့် ဆုရကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဆုရရှိသော ကလေးနှင့် စံပြမိခင်များအား ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပကာ မြို့နယ်ပြည်သူ့အားကစားကွင်း၌ ပျော်ပွဲရွှင်ပွဲများပြုလုပ်ပြီး ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဖရူဆို(ပြန်/ဆက်)

ဒီးမော့ဆို

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှေ့၌ ဇန်နဝါရီ ၄ ရက် နံနက်တွင် အလံတင်အခမ်းအနားကျင်းပပြီး နိုင်ငံတော်အလံအလေးပြုခြင်းနှင့် နိုင်ငံတော်သမ္မတထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လှိုင်က ဖတ်ကြားသည်။ ဆက်လက်၍ မြို့နယ်ပြည်သူ့အားကစားကွင်း၌ ပျော်ပွဲရွှင်ပွဲများကျင်းပပြီး ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ထီးချိုင့်

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်က ထီးချိုင့်မြို့ မြို့မအားကစားကွင်း၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဂုဏ်ပြုစစ်ရေးပြအဖွဲ့မှဦးဆောင်၍ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများအား အလေးပြုခြင်း၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအေးဆွေက ဖတ်ကြားပြီး လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူ ၁၂ ဦးအား ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

စောကလျာ(ထီးချိုင့်)

တောင်ငူ

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို တောင်ငူခရိုင် အားကစားကွင်း၌ ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီတွင် အလံတင်အခမ်းအနား ကျင်းပပြီး နံနက် ၇ နာရီတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သက်က ဖတ်ကြားသည်။

(၁၂၉)

ညောင်လေးပင်

(၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ အလံတင်အခမ်းအနားကို ကျင်းပကာ ဆက်လက်၍ အထက(၁)ပညာ့ဂုဏ်ရည်ခန်းမ၌ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရာ နိုင်ငံတော်သမ္မတထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟံစိုးက ဖတ်ကြားပြီး တာဝန်ရှိသူများက မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီးအဆင့်ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(နေလင်း-ညောင်လေးပင်)

ကော့ကရိတ်

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်၌ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် လွတ်လပ်ရေးကျောက်တိုင်၌ ကျင်းပပြီး နံနက် ၇နာရီတွင် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို မြို့နယ်ခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းဆွေက ဖတ်ကြားပြီး (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲနှင့် လွတ်လပ်ရေးနေ့ ကလေးပြိုင်ပွဲများမှ ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးခဲ့သည်။

(၁၀၉)

သထုံ

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က သထုံမြို့မ အားကစားကွင်းအတွင်းရှိ လွတ်လပ်ရေးအထိမ်းအမှတ် ကျောက်တိုင်ရှေ့၌ ကျင်းပသည်။ နံနက် ၄ နာရီ မိနစ် ၂၀ တွင် နိုင်ငံတော်အလံကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဂုဏ်ပြုတပ်ဖွဲ့နှင့် ဌာနဆိုင်ရာအကြီးအကဲများက လွှင့်တင်ပေးကြပြီး နံနက် ၇ နာရီတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော သဝဏ်လွှာကို သထုံခရိုင် အုပ်ချုပ်ရေးမှူး ဦးနေလင်းက ဖတ်ကြားသည်။ အဆိုပါ အခမ်းအနားသို့ သထုံမြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သက်ဦး(သထုံ)

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ

ရန်ကုန်

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက်ရှိ ပြည်သူများစုပေါင်း၍ သက်ဆိုင်ရာလမ်းများအလိုက် ချောတိုင်တက်ပွဲ၊ အပြေးပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ အုန်းသီးလုပြိုင်ပွဲ၊ ဒယ်အိုးဖင်ကိုက်၊ သံပုံးရိုက်၊ အာလူးကောက်၊ ရေငုံမြင်းစီး၊ ဆန်ကောရွက်၊ မျောက်မြီးစွပ်၊ အပ်နဖားထိုး၊ ခြေသုံးချောင်းထောက်၊ ခေါင်းအုံးရိုက် စသည့် ကစားနည်းများကို ပျော်ရွှင်စွာကစားကြပြီး ညအချိန်တွင် သီချင်းဆိုပြိုင်ပွဲ၊ ကလေးငယ်လေးများ မော်ဒယ်ရှိုးပြိုင်ပွဲနှင့် လှယဉ်ကျေးမယ်ပြိုင်ပွဲများ ကျင်းပ၍ ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဇော်ကြီး(ပဏီတ)

မဒေါက်

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၄ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့၌ ကျင်းပသည်။ အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၃ ရက်မှစတင်၍ မာရသွန်အပြေးပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်း၊ အလှခတ်ဝိုင်းခြင်း၊ ပြေးခုန်ပစ်ပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ စုစုပေါင်း ကစားနည်း ၁၂ မျိုးတို့ဖြင့် ယှဉ်ပြိုင်ကြရာ မဒေါက်မြို့နယ်အတွင်းရှိ ကျေးရွာများမှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၄ ရက် ညနေ ၃ နာရီတွင် ကျင်းပရာ ဆုရရှိသောအသင်းများအား ညောင်လေးပင်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဝင် မဒေါက်မြို့ရပ်မိရပ်ဖ ဦးမျိုးကျော်၊ မဒေါက်မြို့ မြို့မ(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဇော်မင်းသန်း၊ မြို့မ(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်စိုးတို့က ဆုများချီးမြှင့်ခဲ့ကြပြီး လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

(နေလင်း-ညောင်လေးပင်)

ကျုံဒိုး

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ရှိ မြို့ပေါ် လေးရပ်ကွက်တွင် ပျော်ပွဲရွှင်ပွဲများ ကျင်းပရာ အမှတ်(၁)ရပ်ကွက် မနောသုခလမ်းတွင် ချောတိုင်တက်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ အိတ်စွပ်ခုန်အပြေးပြိုင်ပွဲ၊ ဘောလုံးမှုတ်ပြိုင်ပွဲ၊ ဖရဲသီးစားပြိုင်ပွဲ၊ သားရေကွင်းပစ်ပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲများ စသော ပြိုင်ပွဲများကို ကျင်းပပေးခဲ့ရာ ကလေး၊ လူငယ်၊ လူကြီးများ ပျော်ရွှင်စွာ အားပေးကစားကြသည်။ ပြိုင်ပွဲအသီးသီးမှ ဆုရရှိကြသူများအား ညနေ ၆ နာရီတွင် ဆုပေးအပ်ချီးမြှင့်ပြီး အခြားကံစမ်းမဲလက်ဆောင်များကိုပါ မဲစနစ်ဖြင့်ပေးအပ်ခဲ့ကြောင်း ပြိုင်ပွဲကျင်းပရေးမှ တာဝန်ရှိသူက ပြောသည်။ အလားတူ ကော့ကရိတ်မြို့တွင်လည်း (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများ ကျင်းပလျက်ရှိရာ နေရာဒေသအလိုက် အားကစားနည်းများ ကွာခြားလျက်ရှိကြောင်း သိရသည်။

(နိုင်နိုင်ထွန်း-ကျုံဒိုး)

ရမည်းသင်း

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ လူမှုထူးချွန်စာကြည့်တိုက်တွင် ဇန်နဝါရီ ၄ ရက် နံနက် ၁၀ နာရီက (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အပြည်ပြည်ဆိုင်ရာ စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ မြို့မိမြို့ဖများ၊ အား/ကာ ကော်မတီဌာနဆိုင်ရာများ၊ စစ်တုရင်ဝါသနာရှင်များအသင်း (ရမည်းသင်း)အမှုဆောင်အဖွဲ့နှင့် အသင်းသားများ တက်ရောက်ကြသည်။

ဆက်လက်၍ ဆုပေးပွဲကျင်းပရာ အကြီးတန်းပထမဆုရ ကိုတင်မင်းထွန်း၊ ဒုတိယဆုရ ကိုချမ်းလင်းကြူ၊ တတိယဆုရ ကိုသန်းထိုက်စိုးနှင့် အငယ်တန်းပြိုင်ပွဲတွင် ပထမဆုရရှိသော ဦးထွေးမောင်၊ ဒုတိယဆုရ ကိုနေကိုဝင်း၊ တတိယဆုရ ကိုဝင်းထွေးတို့အား တက်ရောက်ကြသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

(လှိုင်သန်းတင့်-ရမည်းသင်း)

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်၌ (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၄ ရက် နံနက်က ရပ်ကွက်/ကျေးရွာများတွင် ကျင်းပလျက်ရှိရာ မြို့သစ်အလယ်ရပ်ကွက်မှ ရင်သွေးငယ်များ အပြေးပြိုင်နေကြသည်ကို တွေ့မြင်ရစဉ်။ (ဓာတ်ပုံ-သက်ခိုင်)

တန်ပိုးရှိလှ
လူငယ်ဘဝ
မူးယစ်
ကင်းစင်
ကျန်းမာမှ

မူးယစ်
ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

တောင်သူလယ်သမားနေ့ဂုဏ်ပြု သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ပြပွဲ၊ ပြိုင်ပွဲများအတွက် စိုက်ပျိုးပြင်ဆင်နေမှုများ ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင် ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၅

ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြပွဲ၊ ပြိုင်ပွဲဆောင်ရွက်မည့် ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက်စနစ် စက်မှုလယ်ယာမြေ ဧက (၉၀၀) စိုက်ကွင်းသို့ ရောက်ရှိကြပြီး တောင်သူပညာပေးဆောင်ရွက်ရန် ကြိုတင်စိုက်ပျိုးထားသော စင်တင်သီးနှံများနှင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။(အောက်ပုံ)

ရှေးဦးစွာ ဖြစ်ထွန်းအောင်မြင်လျက်ရှိသော ဘူးစိုက်ခင်း၏ အသီးများ အစီအရီဝေဝေဖြာဖြာ ထွက်ရှိနေမှု၊ စိုက်ခင်းပညာရှင်များက စနစ်တကျ ရေတွက်မှတ်တမ်းတင်ပြုစုနေမှုများနှင့် အမယ်သစ်ပို့ကုန် ဥကန်စွန်းစိုက်ခင်း၏ အညွန့်အခက်၊ အလက်များ စိမ်းစိုဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ထမ်းများအား စားသောက်ဖွယ်ရာများနှင့် အနွေးထည်များ ပေးအပ်ကြသည်။

ယင်းနောက် ဘူး၊ ဖရုံ၊ ခဝဲ၊ သခွား၊ ကြက်ဟင်းခါး စသော စင်တင်သီးနှံစိုက်ခင်းများကိုလည်းကောင်း၊ (၃၀) ရက်သားသက်တမ်းရှိ ခရမ်းစပ်မျိုးစိုက်ခင်းကိုလည်းကောင်း၊ ပလတ်စတစ်ပေါင်းစနစ်ဖြင့် စိုက်ပျိုးထားသည့် ဖရဲသီးစိုက်ခင်း၊ ပိန်းဥစိုက်ခင်းများနှင့် မျိုးစေ့ထုတ်ရန် စိုက်ပျိုးထားသော ကျောက်စိမ်းသခွားမွှေးစိုက်ခင်းများ၊ အသီးများကောင်းစွာ ဖွံ့ဖြိုးကြီးထွားလျက်ရှိသော ကျောက်ဖရုံသီးစိုက်ခင်းနှင့် မြန်မာမူရင်းမျိုးကျောက်စိမ်းသခွားမွှေးစိုက်ခင်းများကို လည်းကောင်း၊ ပျိုးဥယျာဉ်အတွင်း၌ တောင်သူပညာပေးစိုက်ပျိုးပြသရန် ပျိုးထောင်ထားသော ဟင်းသီးဟင်းရွက် သစ်သီးဝလံပျိုးခင်းနှင့် အော်ဂဲနစ်နာနတ်သီးစိုက်ခင်း၊ ၁၂ ရာသီသီးပွင့်သော ဧရုတ်ပဒေသာစပ်မျိုးနှင့် အော်ဂဲနစ်နည်းပညာဖြင့် စိုက်ပျိုးထားသည့် ထိုင်ဝမ်မူရင်းမျိုး သဘော်စိုက်ခင်းများကို လည်းကောင်းကြည့်ရှုပြီး စိုက်ပျိုးလိုကြသော တောင်သူများ၏ တောင်းဆိုမှုနှင့်အညီ မျိုးကောင်းမျိုးသန့်မျိုးပင်၊ မျိုးစေ့များကို စိုက်ပျိုးရာသီအချိန်မီ အချိန်ကိုက် ဖြန့်ဖြူးနိုင်ရေး အလေးအနက်ထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သမ္မတနိဗ္ဗာန်ကုန်နှင့်သက်န်းတိုက်(နေပြည်တော်) ဆိုင်းသစ်ဖွင့်ပွဲနှင့် ကထိန်အောင်ပွဲ အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၅

သမ္မတနိဗ္ဗာန်ကုန်နှင့် သက်န်းတိုက်(နေပြည်တော်)ဆိုင်သစ်ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီခွဲက နေပြည်တော် ပျဉ်းမနားမြို့ ယောက်သွားအင်းရပ် ပျဉ်းမနား-တောင်ညိုလမ်းရှိ အဆိုပါ ဆိုင်သစ်ရှေ့၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးဝင်း၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်၊ သမ္မတနိဗ္ဗာန်ကုန်နှင့် သက်န်းတိုက်ပိုင်ရှင် ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဦးသန်းနိုင်နှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ထွေးတို့က ဆိုင်သစ်ဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဆိုင်ခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဆိုင်သစ်ဖွင့်ပွဲအထိမ်းအမှတ်နှင့် ကထိန်အောင်ပွဲ အလှူတော်မင်္ဂလာ အခမ်းအနားကို နေပြည်တော်ကောင်စီ နယ်မြေ ပျဉ်းမနားမြို့ ပညာရောင်ခြည်ကျောင်းတိုက်၌ ဆက်လက်ကျင်းပသည်။ အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ဆရာတော် အဘိဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး ဒုတိယဝန်ကြီးဦးစိုးဝင်းနှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်ပရိသတ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပညာရောင်ခြည်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသြဘာသထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး နိုင်ငံတော်သြဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ဆရာတော်က သြဝါဒကထာ ချီးမြှင့်ပေးသည်။

ယင်းနောက် နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ် ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုန်တိုင်းငယ် အဝါရောင်အဆင့်သာရှိ

နေပြည်တော် ဇန်နဝါရီ ၅

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည်သီရိလင်္ကာနိုင်ငံ ထရာကိုမာလီမြို့၏ မြောက်-အရှေ့မြောက်ဘက် မိုင် ၅၀ ခန့်၊ အိန္ဒိယနိုင်ငံ နာဂါပတ္တနမ်မြို့၏ အရှေ့တောင်ဘက် ၁၃၅ မိုင်ခန့်၊ မြန်မာနိုင်ငံကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် ၇၅၅ မိုင်ခန့် အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။အဆိုပါ မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး နောက် ၂၄ နာရီအတွင်း သီရိလင်္ကာနိုင်ငံမြောက်ပိုင်းကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ကာ တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာအဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိဟု သတ်မှတ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

(၅-၁-၂၀၁၄)

မြန်မာနိုင်ငံ မြောက်ပိုင်း ဒေသများတွင် ည အပူအချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

✱ ၂၀၁၄ မှ

ရန်ကုန်တိုင်းဒေသကြီးအတွင်း လှိုင်မြစ်ပေါ်တွင် ရွှေပြည်သာမြို့နယ်၌ ရွှေပြည်သာတံတား၊ အင်းစိန်နှင့် လှိုင်သာယာမြို့နယ်ကို ဆက်သွယ်ထားသည့် အောင်ဇေယျကြိုးတံတား၊ မရမ်းကုန်းနှင့် လှိုင်သာယာမြို့နယ်ကို ဆက်သွယ်ထားသည့် ဘုရင့်နောင်တံတား အမှတ် (၁) တို့နှင့် ယခုလေးစင်းမြောက်ဖြစ်သည့် ဘုရင့်နောင်တံတားအမှတ် (၂) သည်မကြာတော့သည့်ကာလတွင် ပြည်သူများ ဖြတ်သန်းသွားလာကြရတော့မည်ဖြစ်သည်။

အဆိုပါတံတားကြီးသည် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့ကို ဆက်သွယ်ထားသော ဘုရင့်နောင်တံတား အမှတ် (၁) ၏ မြစ်ညာ(အထက်ဘက်) ပေ ၂၀၀ ခန့်အကွာတွင် တည်ဆောက်နေသည်ဟု သိရသည်။ ထိုတံတားနှင့်ပတ်သက်၍ ဆောက်လုပ်ဖြစ်ခဲ့ပုံများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၅)မှ အင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်ကို ယခုလို တွေ့ဆုံမေးမြန်းခဲ့သည်။

မေး။ ။ အခုတံတားကြီးဆောက်လုပ်ဖြစ်ခဲ့ပုံကို သိချင်ပါတယ်ရှင့်။

ဖြေ။ ။ ခုံးကျော်တံတားတွေဆောက်ပေးမယ့် လူဦးရေထူထပ်မှုနဲ့ ယာဉ်စီးရေ များပြားတဲ့အတွက် ယာဉ်ကြောပိတ်ဆို့မှု၊ ကျပ်တည်းမှုတွေ ဖြစ်နေတုန်းပါပဲ။ အရင်တံတားဟောင်းက အသွားတစ်လမ်း၊ အပြန်တစ်လမ်း နှစ်လမ်းသွားပဲရှိလို့ တံတားမှာ ပုလင်းခေါင်းလို သွားဆို့နေပါတယ်။ တံတားဆိုတာ တိုင်နှစ်တိုင်အကြားလေထဲမှာ ရက်မတွေနဲ့ ထမ်းထားတာမို့ ခံနိုင်ဝန်အား ကန့်သတ်ချက်ရှိပါတယ်။ မော်တော်ယာဉ်တွေက ပုံမှန်အားဖြင့် တံတားပေါ်မှာ Live Load အနေနဲ့ ဖြတ်သန်းသွားရမှာ ဖြစ်ပါတယ်။

ယာဉ်ကြောပိတ်ဆို့တဲ့အခါ လမ်းနှစ်လမ်းစလုံး ယာဉ်တွေပြည့်ပြီးရပ်တန့်နေတော့ Dead Load အနေနဲ့ သက်ရောက်မှုအများအပြား ဖြစ်ပေါ်နေပါတယ်။ ဒါကြောင့် မူလတံတားဟောင်းကို မော်တော်ယာဉ်ဖြတ်သန်းခွင့်တန်ချိန်ကိုလျှော့ချ ကန့်သတ်ထားခြင်းဖြစ်ပါတယ်။ အခုလေးလမ်းသွားဆိုတော့ မူလတံတားဟောင်း နှစ်လမ်းသွားနဲ့ပေါင်းရင် ခြောက်လမ်းသွားဖြစ်သွားပြီမို့ ယာဉ်ကြောကျပ်တည်းမှုကို ရာခိုင်နှုန်းတော်တော်များများ အဆင်ပြေစေလိမ့်မယ်လို့ ထင်ပါတယ်။

မေး။ ။ တံတားတည်ဆောက်ထားမှုနဲ့ ပတ်သက်ပြီး ပြောပြပေးပါရှင့်။

ဖြေ။ ။ ဒီတံတားကြီးက သံမဏိသံပေါင်၊ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပါတယ်။ မရမ်းကုန်းဘက်ကမ်းမှာ ချဉ်းကပ်တံတားအရှည် ၈၁၉ ဒသမ ၃၆၄ ပေ၊ လှိုင်သာယာဘက်ကမ်းမှာ ၁၆၅၇ ဒသမ ၁၃၄ ပေရှိပြီး စုစုပေါင်း တံတားအရှည် ၄၁၀၄ ဒသမ ၅၃ ပေ ဖြစ်ပါတယ်။ ပြည်တွင်းက အင်ဂျင်နီယာတွေ၊ ဒီဇိုင်းပညာရှင်တွေနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန အထူးစီမံကိန်းကြီးအဖွဲ့(၅)က ကြီးကြပ်ဆောက်လုပ်နေတာပါ။ ပင်မတံတား သံမဏိသံပေါင်တွေကို ပြည်ပကနေ တင်ဒါခေါ်ယူခဲ့တယ်။ လေးလမ်းသွားဖြစ်ပြီး တံတားအကျယ်က ၄၈ ပေ ရှိပါတယ်။ တံတားအောက် ရေလမ်းကင်းလွတ်အကျယ်ကိုတော့ ပေ ၃၇၀ ထားရှိပါတယ်။ ဒီတံတားမှာ ထူးခြားတာက လူသွားလမ်းအကျယ်ကို ၁၀ ပေအထိ ထားပေးထားပါတယ်။ အမှတ်(၁)မှာဆိုရင် ငါးပေပဲရှိတာကြောင့် စက်ဘီးတွေ၊ လူတွေသွားလာရာမှာ ကျပ်နေတယ်။ ဒီတံတားမှာ ခြေကျင်သွားသူတွေအတွက်ပါ အဆင်ပြေအောင် ဆောက်လုပ်ထားပါတယ်။

မေး။ ။ တည်ဆောက်ရေးမှာ ကြုံတွေ့ရတဲ့ အခက်အခဲရှိရင်လည်း ပြောပြပေးစေလိုပါတယ်ရှင့်။

ဖြေ။ ။ အခက်အခဲကတော့ လှိုင်မြစ်က သိပ်အကျယ်ကြီးမဟုတ်ဘူး။ ဒါပေမယ့် လှေ၊ သမ္ဗန်၊ စက်လှေနဲ့ ရေယာဉ်ကြီးတွေ အသွားများတဲ့ မြစ်တစ်ခုဖြစ်တာကြောင့် သတိထားရပါတယ်။ စက်ပျက်ပြီး ဝင်တိုက်မိရင် လုပ်ငန်းခွင်အန္တရာယ်ရှိနိုင်ပါတယ်။ ဒါ့အပြင် တခြားလုပ်ငန်းခွင်တွေဆိုရင် လုပ်ရတာရှင်းလင်းတယ်။ ဒီမှာက တံတားအဟောင်းနဲ့ ကပ်နေပြီး စက်ယန္တရားတွေနဲ့ ဆောင်ရွက်ရတာကြောင့် အတိမ်းအစောင်းဖြစ်ပြီး ဟိုဘက်တံတားကို သွားထိမိရင် အန္တရာယ်လည်း ရှိနိုင်တာကြောင့် အချိန်နဲ့အမျှ ကြပ်မတ်ဆောင်ရွက်နေရတယ်။ အခက်အခဲအနေနဲ့ကတော့ ဒီလောက်ပါပဲ။

မေး။ ။ ကြံ့ခိုင်မှုနဲ့ပတ်သက်ပြီး ဘယ်လိုများဆောင်ရွက်ထားပါသလဲ။

ဖြေ။ ။ ပင်မတံတားမှာ အုတ်မြစ်နဲ့အောက်ထည်ကို Bored Pile & R.C.D နဲ့ ဆောက်ထားပါတယ်။ မော်တော်ယာဉ်တစ်စီးချင်း ဝန်အလေးချိန် ၇၅ တန် ဖြစ်တဲ့အတွက် ခံနိုင်ဝန်အားအများဆုံးလို့ ပြောလို့ရပါတယ်။ အရင်တံတားဟောင်းက ယာဉ်ကြီးတွေကို ဖြတ်သန်းခွင့်မပြုခဲ့ဘူး။ အခုတံတားမှာ ယာဉ်ကြီးတွေ၊ ကုန်တင်ယာဉ်တွေကို ဖြတ်သန်းခွင့်ပြုမှာပါ။

မေး။ ။ ဆောက်လုပ်တာ ရာခိုင်နှုန်း ဘယ်လောက်ပြီးစီးနေပြီလဲဆိုတာ သိချင်ပါတယ်ရှင့်။

ဖြေ။ ။ တံတားတည်ဆောက်မှုက ၇၈ ရာခိုင်နှုန်း ပြီးစီးနေပါပြီ။ ချဉ်းကပ်တံတားက တစ်ဖက်တစ်ချက်မှာ မြေကြီးလုပ်ငန်းတွေပြီးလို့ ကျောက်ခင်း၊ ကတ္တရာခင်းလုပ်ငန်း၊ ရေဆင်းမြောင်းဖောက်တာနဲ့ မြေထိန်းနံရံတွေလောက်ပဲ ကျန်တော့ပါတယ်။ ပင်မတံတားပိုင်းမှာ သံမဏိသံပေါင်တွေက ပြည်ပကနေမှာတာဖြစ်တာကြောင့် ပစ္စည်းက မတ်လလောက်မှာ ရောက်မှာမို့ သံပေါင်ဆင်တာနဲ့ ကတ္တရာခင်းတာကို သုံး၊ လေးလ အချိန်ယူရင် ပြီးစီးပါပြီ။ ၂၀၁၄ နှစ်လယ်ပိုင်း သတ်မှတ်ကာလမှာ ပြီးစီးဖို့ ကြိုးစားဆောင်ရွက်နေပါတယ်။

မေး။ ။ ဒီတံတားကြီးပြီးစီးသွားရင် ပြည်သူတွေအနေနဲ့ ဘယ်လိုအကျိုးကျေးဇူးတွေရရှိလာနိုင်မလဲ။

ဖြေ။ ။ ဒီတံတားက လှိုင်သာယာနဲ့ ဆက်သွယ်ထားတာကြောင့် FMI၊ ပန်းလှိုင်၊ နဝဒေး၊ ကျန်စစ်သား အိမ်ရာတွေနဲ့ စက်မှုဇုန်တွေက လုပ်ငန်းတွေအတွက် အများကြီးအထောက်အကူဖြစ်စေမှာပါ။ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်း၊ ရခိုင်ပြည်နယ်တို့ကို ကားကြီး၊ ကားငယ်အသွယ်သွယ်နဲ့ အလွယ်တကူ သွားလာနိုင်တဲ့အတွက် လူမှုရေး၊ စီးပွားရေးနဲ့ ကျန်းမာရေးလုပ်ငန်းတွေမှာပါ ဘက်စုံတိုးတက်လာမှာဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ ယာဉ်ကြောကျပ်တည်းမှု ခံစားနေကြရတာကို တစ်ဖက်တစ်လမ်းကနေ ဖြေရှင်းပေးနိုင်မှာမို့ အလွန်အကျိုးရှိတဲ့ တံတားဖြစ်ပါတယ်လို့ ပြောချင်ပါတယ်။

ယခုအခါ သမုဒ္ဒရာဝမ်းတစ်ထွာအတွက်ရေကြည်ရာ မြက်နုရာကို ရှာဖွေရင်း ပြောင်းရွှေ့နေထိုင်လာကြရာ ရန်ကုန်မြို့တွင် နေထိုင်သူဦးရေမှာ ခြောက်သန်းခန့်ရှိနေသည်ဟု ဆိုကြသည်။ လူဦးရေများပြားလာမှုနှင့် ဟန်ချက်ညီစေရန် မြို့ပြများကို တိုးချဲ့လာသလို လမ်းများ၊ ခုံးကျော်တံတားများကို ဆောက်လုပ်လာကြသော်လည်း ရန်ကုန်မြို့လယ်သည် ကုမ္ပဏီအများအပြားတို့ ရုံးစိုက်ရာ၊ လူ့စွမ်းအားအရင်းအမြစ်တို့အတွက် သင်တန်းအများအပြား တည်ရှိရာလည်းဖြစ်သဖြင့် ပြည်သူတို့မှာ ယာဉ်ကြောကျပ်တည်းမှုများကို နေ့စဉ်ကြုံတွေ့နေရသည်။

မကြာမီပြီးစီးတော့မည့် ဘုရင့်နောင်တံတား အမှတ်(၂)သည် ရန်ကုန်မြို့တစ်မြို့လုံးရှိ ယာဉ်ကြောပိတ်ဆို့မှု ခံစားနေကြရသည့် ပြည်သူများ၏ ဆန္ဒကို အပြည့်အဝမဖြည့်ဆည်းပေးနိုင်သော်လည်း ဘုရင့်နောင်လမ်းဆုံရှိ ယာဉ်ကြောကျပ်တည်းမှုကိုတော့ တစ်ဖက်တစ်လမ်းမှ ဖြေရှင်းပေးနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ရပါတော့သည်။

တွေ့ဆုံမေးမြန်း- ဝင်းဝင်းမော်၊ နန္ဒာဝင်း

✩ ဒုတိယသမ္မတမှ

လူရည်ချွန်စီမံကိန်း၏ နှစ်စ၊ နှစ်လယ်၊ နှစ်ဆုံး သုံးဆင့်စလုံးက လူရည်ချွန်ဘက်တော်သားများအနေဖြင့် ဘယ်သူက ဘယ်လို Achievement မျိုးရခဲ့ကြသည်ကို အသေအချာမသိနိုင်သော်လည်း အားလုံးက အသက်အရွယ်လေးတစ်ခု ရလာကြပြီဆိုသည်မှာ သေချာပါကြောင်း။

အသက်အရွယ်လေးများရလာသည်နှင့်အမျှ ဘဝဇာတ်ခုံအဖုံဖုံတွင် တွေ့ရဆုံကြရသော အတွေ့အကြုံများလည်း အသီးသီးအသကအသက ဖြတ်သန်းလာခဲ့ကြပြီဖြစ်ပါကြောင်း၊ အတွေ့အကြုံကွဲပြားသည်နှင့်အမျှ အယူအဆချင်း၊ အမြင်ချင်းလည်းမတူခြင်းလည်း ရှိမည်ဖြစ်ပါကြောင်း၊ တချို့အစိုးရဝန်ထမ်းအဖြစ်နှင့် ရာထူးရာခံအမျိုးမျိုး၊ တာဝန်ထမ်းဆောင်ခဲ့၊ ထမ်းဆောင်နေဆဲသူများရှိသလို Private Sector ထဲကို ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ရောက်သွားကြသူများလည်းရှိပါကြောင်း၊ အကြောင်းအမျိုးမျိုးဖြင့် နိုင်ငံရပ်ခြားကို အပြီးအပိုင်ထွက်သွားကြသူများလည်းရှိမည်ဖြစ်ပါကြောင်း။

လူရည်ချွန်ဖြစ်ခဲ့သည်ဖြစ်စေ၊ မဖြစ်ခဲ့သည်ဖြစ်စေ၊ ဘယ်လိုဖြစ်ဖြစ် မိမိတို့အားလုံးမှာ မနုဿလူသားများပင်ဖြစ်ပါကြောင်း။

လူရယ်၍ဖြစ်လာလျှင် လူသား၏တာဝန်ကိုယ်စီရှိပါကြောင်း၊ မိမိ၏အသိုင်းအဝိုင်းတစ်ခုတည်းအတွက်ကိုသာ အာရုံစိုက်ကြိုးစားနေသူနှင့် တခြားတစ်ဖက်စွန်းထိပ်တွင် မိမိအတွက်မပါ အများအတွက်သာ လှုပ်ရှားနေသောသူများ အစွန်းနှစ်ဖက်ကြား အလယ်အလတ်လမ်းစဉ် လှုပ်ရှားခဲ့နေကြသူများဟူ၍ ယေဘုယျအားဖြင့် (၃)မျိုးခွဲခြားတွေ့နိုင်ပါကြောင်း။

ယင်း(၃)မျိုးထဲမှ ပြီးခဲ့သည့်ခေတ်ကာလများတွင် မိမိတို့ တစ်မျိုးဖြစ်ဖြစ်၊ သုံးမျိုးစလုံးဖြစ်ဖြစ် ဖြတ်သန်းခဲ့သူများက ဖြတ်သန်းခဲ့ကြပြီး မိမိတို့ generation ထဲတွင် ခေတ်(၄)ခေတ်မှာ ကိုယ့်မျက်စိရှေ့အောက်မှာတင် ပြောင်းလဲလာခဲ့သည်ကို တွေ့ကြရပါကြောင်း။

ယခင် ပါလီမန်ဒီမိုကရေစီခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ တပ်မတော်အစိုးရခေတ်နှင့် ယခုဒီမိုကရေစီခေတ်ကို တစ်ပတ်ပြန်လည်ရောက်လာပြီဖြစ်ပါကြောင်း။

မိမိတို့ဝန်ထမ်းအဖြစ် ဝင်ရောက်ခါစ ဖောင်ကြီးသင်တန်းတက်ရတုန်းက ခေတ်ကြီး(၅)ခေတ်ဆိုပြီး သင်ပေးခဲ့သည်ကို မှတ်မိလိမ့်မည်ဟု ထင်ပါကြောင်း၊ ကမ္ဘာဦးစ ကျောက်ခေတ်၊ သက်ဦးဆံပိုင်ခေတ်၊ မြေရှင်ပဒေသရာဇ်ခေတ်၊ ဒီမိုကရေစီခေတ်နှင့် ဆိုရှယ်လစ်ခေတ်ဆိုပြီး သင်ပေးလိုက်ပါကြောင်း။

ထိုစဉ်က တချို့သင်တန်းသားများက ဆရာကို မေးကြပါကြောင်း၊ ဒီခေတ်ကြီး(၅)ခေတ်ပြီးရင် ဘာခေတ်လာဦးမှာလဲဟုမေးရာ ဆိုရှယ်လစ်ခေတ်သည် နောက်ဆုံးခေတ်ဟု ဖြေပါကြောင်း၊ မှားသည်၊ မှန်သည် ကိုယ့်ဘာသာကိုယ် ဝေဖန်သုံးသပ်ကြရုံပင်ဖြစ်ပါကြောင်း။

လူရည်ချွန်ဆိုကို တစ်ကြိမ်သာရသူနှင့် ရှစ်ကြိမ်အထိရသူကို စာရင်းထဲတွင် တွေ့ရပါကြောင်း၊ ထိုအချိန်ခါတုန်းက လူရည်ချွန်ရကြသူများက တော်သည်၊ တတ်သည်ဟု ယူဆကြသည်ထက် သူ့နေရာနှင့်သူ ထူးခြားခဲ့ကြသူများဟု ဆိုချင်ပါကြောင်း၊ စာပေဘက်တော်ကြမည်၊ သို့သော် လူ့ဘဝအတွေ့အကြုံမရကြသေးသည့်အရွယ် ဖြစ်နေပါကြောင်း။

ယနေ့ လူရည်ချွန်ရဲဘော်ရဲဘက်များကို လူမှုဘဝပုံစံ၊ ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် တစ်ခါပြန်ဆုံတွေ့ကြရသည်မှာ ခေတ်ပြောင်းစနစ်ပြောင်း၊ ကုသိုလ်ကံကောင်း၍ ပြန်ဆုံနိုင်ကြသည်ဟု ယူဆမိပါကြောင်း၊ မကြာခဏပြန်ဆုံနိုင်ကြပါစေဟု ဆန္ဒပြုလိုပါကြောင်း။

သို့သော် ယခုလို gathering များ လုပ်ရင်းပြီးသွားခြင်းမျိုးမဟုတ်ဘဲ အနာဂတ်အတွက် တစ်ခုခုအကျိုးရှိအောင် လုပ်နိုင်ပါမှလည်း အနှစ်သာရရှိသော gathering မျိုးဖြစ်မည်ဖြစ်ပါကြောင်း။

ယခင်အခါတုန်းက လူရည်ချွန်၊ လူရည်မွန်များသည် ကျောင်းသားမိဘပြည်သူများကြား စံပြစံနမူနာယူထိုက်သူများဟု မြင်ကြပါကြောင်း၊ မိမိတို့ သားစဉ်မြေးဆက်ခေတ်တွင် ထိုအပေါင်းလက္ခဏာအမြင်များ ပျောက်ပျက်မသွားအောင်၊ တကယ်လည်း စံနမူနာယူနိုင်အောင် လုပ်ဆောင်ပြကြစေလိုကြောင်း၊ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ ဘာလုပ်ကြမလဲဟု မေးလိုပါကြောင်း။

လူရည်ချွန်ဆုကို နိုင်ငံတော်က ချီးမြှင့်၍ရပါကြောင်း၊ ယင်းအချိန်က နိုင်ငံတော်အစိုးရအနေဖြင့်လည်း ထိုလူရည်ချွန်များသည် နောင်တစ်ခေတ် တိုင်းပြည်ကို ဖွံ့ဖြိုးအောင် ဦးဆောင်ဦးရွက်လုပ်သွားနိုင်မည့်သူများ ဖြစ်လာလိမ့်မည်ဆိုသော ရည်မှန်းချက်ဖြင့် ချီးမြှင့်ခြင်းဖြစ်ပါကြောင်း။

ခေတ်ပြောင်းသွားသည့်အတွက် လုပ်ငန်းများရပ်သွားပါကြောင်း၊ ယခုအခါ ခေတ်စနစ်အသစ် ပြန်ပြောင်းလာပြီဖြစ်ရာ ပြောင်းလဲလာသော ယနေ့ခေတ်တွင် နိုင်ငံတော်၏ လိုအပ်ချက်မှာ များလှပါကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ရေးပေါင်းများစွာမှာ လိုအပ်ပါကြောင်း။

ဤအသက်အရွယ်အတွင်း ရလာသောအတွေ့အကြုံ၊ တတ်မြောက်လာသည့်ပညာ၊ စုဆောင်းမိသော ခွန်အင်အားနှင့် နိုင်ငံကို တစ်ဖန်ပြန်ပြီး အကျိုးပြုနိုင်အောင် ကူညီကြရန်ဖြစ်ပါကြောင်း၊ ကူညီရန်တာဝန်ရှိကြသလို ကူညီနိုင်သောအခြေအနေ၊ ကူညီနိုင်သည့် နည်းလမ်းများလည်းရှိကြမည်ဖြစ်ပါကြောင်း။

မည်သို့သော အကူအညီမျိုး၊ မည်သည့်နေရာမှ ကူညီကြသည်ဖြစ်စေ မိမိတို့အနာဂတ်တိုင်းပြည်ကို ဖွံ့ဖြိုးအောင်၊ နိုင်ငံတကာအဆင့်မီအောင်၊ အေးချမ်းသောနည်းလမ်းမျိုးဖြင့် ကူညီကြစေလိုပါကြောင်း။

ထို့ကြောင့် သာယာလှပသော ယနေ့ညနေခင်းတွင် ပြန်ဆုံတွေ့ကြရသည့် လူရည်ချွန်ကျောင်းတော်သူ ကျောင်းတော်သားများကို တိုက်တွန်းလိုသည်မှာ နိုင်ငံ၏ လိုအပ်နေသည့် “ရေး”ပေါင်းများစွာထဲမှ တစ်ရေးဖြစ်စေ၊ နှစ်ရေးဖြစ်စေ၊ အားလုံးဖြစ်စေ“လူရည်ချွန်” ဆိုခဲ့သည့် အစွမ်းအစများဖြင့် အစွမ်းပြကြပြီး နိုင်ငံတည်ဆောက်ရေးတွင် ကိုယ်စီကိုယ်ငအုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်နိုင်ကြသူများဖြစ်ပါစေဟု ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ လူရည်ချွန်စီမံကိန်းစတင်အကောင်အထည်ဖော်ရာတွင် ဦးဆောင်ပါဝင်သူ ဒေါက်တာညီညီ၊ ဦးသန်းဦးနှင့် လူရည်ချွန်မောင်မယ်များက အမှတ်တရစကားများ ပြောကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဖိတ်ကြားထားသူများအား ရွှေရတုအကြို မိတ်ဆုံညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲသုံးဆောင်နေစဉ်အတွင်း လူရည်ချွန်မောင်မယ်များက ရှမ်းရိုးရာအက၊ လူရည်ချွန်သီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

လူရည်ချွန်(၁၉၆၄-၁၉၈၈)အဖွဲ့ကို အဆိုပါခုနှစ်များအတွင်း ရွေးချယ်ခြင်းခံရသော လူရည်ချွန်၊ သချာ်လူရည်ချွန်များအားလုံးကို ပြန်လည်စုစည်းရန်၊ နိုင်ငံနှင့် လူမျိုးအတွက် အကျိုးပြုသော ပညာရှင်အင်အားစု(Think Tank)အဖြစ် ရပ်တည်ရန်ရည်ရွယ်၍ ဖွဲ့စည်းပြီး ယနေ့နံနက်ပိုင်းတွင် အလုပ်အမှုဆောင် ၂၇ ဦးကို အဖွဲ့ဝင်များ၏ မဲဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ခဲ့သည်။

ပြည်သူကရွေးချယ်တင်မြှောက်ခဲ့သည့် ယခုနိုင်ငံတော်အစိုးရလက်ထက်တွင် ၁၉၈၈ ခုနှစ်နောက်ပိုင်း နှစ်ပေါင်း(၂၄)နှစ်အကြာတွင် ဘက်စုံထူးချွန်လူငယ်အမည်ဖြင့် နိုင်ငံတစ်ဝန်းရှိ မြို့နယ်နှင့် ခရိုင်အဆင့်တို့၌ ဘက်စုံထူးချွန် လူငယ်စာမေးပွဲများကို ပြန်လည်ကျင်းပပေးခဲ့သည်။

၂၀၁၃ ခုနှစ် ဧပြီလ ၁ ရက်တွင် ဘက်စုံထူးချွန်အပန်းဖြေစခန်းများကို ပြန်လည်ဖွင့်လှစ်ပေးခဲ့ရာ တက္ကသိုလ်ဝင်တန်း ဘက်စုံထူးချွန်ကျောင်းသား ကျောင်းသူ ၁၇၀ သည် ဘက်စုံထူးချွန်အပန်းဖြေစခန်း(ငွေဆောင်)၌လည်းကောင်း၊ နဝမတန်းဘက်စုံထူးချွန်ကျောင်းသား ကျောင်းသူ ၁၇၀ သည် ဘက်စုံထူးချွန်အပန်းဖြေစခန်း(အင်းလေးခေါင်တိုင်)၌ လည်းကောင်း၊ အဋ္ဌမတန်းဘက်စုံထူးချွန်ကျောင်းသား ကျောင်းသူ ၁၇၀ သည် ဘက်စုံထူးချွန်အပန်းဖြေစခန်း(ပုဂံ)၌ လည်းကောင်း ဧပြီလ ၁ ရက်မှ ၅ ရက်အထိ အပန်းဖြေကြပြီး ဒေသန္တရဗဟုသုတများကို လေ့လာရှာမှီးခဲ့ကြသည်။

ထို့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဆိုပါဘက်စုံထူးချွန်လူငယ် စုစုပေါင်း ၅၁၀ တို့အား ကင်းထောက်အဖွဲ့ဝင်လူငယ်များနှင့်အတူ နေပြည်တော်၌ ဂုဏ်ပြုတွေ့ဆုံနှုတ်ဆက်ခဲ့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးဆိုင် ဖွင့်လှစ်ပေး

ရန်ကုန် ဇန်နဝါရီ ၅

Pro-1 Home Center ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း အာလိန်ငါးဆင့်အနီး နံ့သာကုန်းရပ်ကွက် လမ်းသစ်လမ်း အမှတ်(၇၆)၌ ကျင်းပရာစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

ယခုဖွင့်လှစ်သည့် လုပ်ငန်းသုံးအရောင်းဆိုင်သည် ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်နေသူများအတွက် များစွာအထောက်အကူဖြစ်စေကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းသည် နိုင်ငံတော်အတွင်း လျင်မြန်စွာတိုးတက်လုပ်ဆောင်နေကြသဖြင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သော အမိုးမှစ၍ ကြမ်းခင်းအထိ အဆောက်အအုံတစ်လုံး ဆောက်လုပ်ရာတွင် လိုအပ်သောပစ္စည်းများကို တစ်နေရာတည်း၌ရရှိရန် ဆောင်ရွက်ပေးထားကြောင်း၊ ပစ္စည်းများမှာလည်း ထိုင်းနိုင်ငံမှ SCG ကုမ္ပဏီထုတ်ပစ္စည်းများအပြင် အခြားနာမည်ကြီးအမှတ်တံဆိပ် ကုန်ပစ္စည်းအမျိုးမျိုးတို့ကို ရရှိနိုင်ပြီး ဝယ်ယူရာတွင်လည်း ပစ္စည်းတင်ချပြုလုပ်ရာ၌ နေရာကျယ်ဝန်းခြင်း၊ လိုအပ်သလောက် ပစ္စည်းများကို ဝယ်ယူနိုင်ရန် စုဆောင်းထားခြင်းတို့ကြောင့် လာရောက်ဝယ်ယူသူများအနေဖြင့် စျေးလည်းသင့်တော်၊ စိတ်ချမ်းသာမှုလည်း ပေးစွမ်းနိုင်မည်ဖြစ်သဖြင့် လက်လီ၊ လက်ကား ဝယ်ယူလိုသူများအနေဖြင့် အထူးအဆင်ပြေနိုင်မည်ဖြစ်ကြောင်း သိရသည်။

(ငွေးခိုင်)

ကျောက်တင်ယာဉ်အောက် ဆိုင်ကယ်ရောက်

တွံတေး ဇန်နဝါရီ ၅

တွံတေးမြို့နယ် ပျော်ဘွယ်လေးကျေးရွာဘက် အုန်းပင်ချောင်တံတားအဆင်း ကိုက် ၂၀၀ အကွာ ဒလ-တွံတေးလမ်းနံဘေးတွင် ဇန်နဝါရီ ၄ ရက် ညနေက ကျောက်တင်ယာဉ်အောက်သို့ မျက်နှာချင်းဆိုင် ဆိုင်ကယ်မှ အရှိန်လွန်၍ ပစ်လဲသွားပြီး တရွတ်တိုက် ဝင်ရောက်တိုက်မိကာ ဆိုင်ကယ်မီးပွင့် မီးလောင်ကျွမ်းသွားရာ အဆိုပါယာဉ်ပါ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဒလမြို့ ဗိုလ်ရန်ပြေရပ်ကွက် ရာဇသင်္ကြန်လမ်းရှိ (ဧရာဝတီ) အုတ်၊ သဲ၊ ကျောက်ရောင်းဝယ်ရေးမှ ကျောက်တင် ၄က/---နစ်ဆန်း-အက်သလက်(အဖြူရောင်)အမျိုးအစားယာဉ်ကို ယာဉ်အကူတစ်ဦးနှင့် ယာဉ်မောင်း ဦးလှမင်းက ဒလ-တွံတေးလမ်းအတိုင်း ပျော်ဘွယ်ဘက်သို့ မောင်းနှင်သွားခဲ့ရာ အဆိုပါနေရာအရောက်တွင် မျက်နှာချင်းဆိုင်မှ ၂၀ ယ/--- ဆိုင်ကယ်ကို မောင်းနှင်လာသူ(အမည်မသိ)က အရှိန်လွန်၍ ဆိုင်ကယ်အား ပစ်လဲ့လိုက်သဖြင့် ကတ္တရာလမ်းနှင့် တရွတ်တိုက်ကာ ယာဉ်ရှေ့ဦးခေါင်းအောက်ဘက်ခြမ်းသို့ ဝင်ရောက်တိုက်မိပြီး ဆိုင်ကယ်မီးပွင့်ပြီး မီးလောင်ကျွမ်းသွားရာမှတစ်ဆင့် ဆိုင်ကယ်တစ်စီးလုံးနှင့် ယာဉ်ဦးခေါင်းရှေ့ပိုင်း မီးလောင်ဆုံးရှုံးသွားခဲ့သည်။ **(ယာပုံ)**

အဆိုပါအမှုအား တွံတေးမြို့မရဲ့စခန်းက ယာဉ် ပ-၃/၂၀၁၄ နှင့် ပြစ်မှုပုဒ်မ ၂၇၉/၂၈၅/၂၀၂ တို့ဖြင့် အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သန်းဌေး-ဒလ)

အင်းစိန်ဗဟိုအကျဉ်းထောင်မှ လွတ်ငြိမ်းခွင့်ရရှိသူများကို ဆက်လက်လွှတ်ပေးလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၅

(၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အင်းစိန်ဗဟိုအကျဉ်းထောင်(ရန်ကုန်)၌ အကျဉ်းသားများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွှတ်ပေးလျက်ရှိရာ ဇန်နဝါရီ ၅ ရက်က သုံးရက်မြောက် လွှတ်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါအင်းစိန်ထောင်မှ ဇန်နဝါရီ ၃ ရက်တွင် အကျဉ်းသား ၃၈၀၊ အကျဉ်းသူ ၁၆၀၊ ဇန်နဝါရီ ၄ ရက်တွင် အကျဉ်းသား ၂၆၀၊ အကျဉ်းသူ ၁၉၀ နှင့် ဇန်နဝါရီ ၅ ရက်တွင် အကျဉ်းသား အကျဉ်းသူ ပေါင်း ၂၁၆ ဦးခန့်ကို သုံးရက်မြောက်အဖြစ် လွှတ်ပေးလျက်ရှိကြောင်း အင်းစိန်ဗဟိုအကျဉ်းထောင်ဝန်ထမ်းတစ်ဦးထံမှ သိရသည်။ **(ကျော်သူရ)**

လက်တွေ့ကျသော ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး ဆရာအတတ်ပညာရေးစကားဝိုင်း ဆွေးနွေးချက်များ

နေပြည်တော် ဇန်နဝါရီ ၅

လက်တွေ့ကျသော ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးအတွက် ဆရာအတတ်ပညာရေးလုပ်ငန်းအဖွဲ့မှ ဒေါက်တာအောင်မင်း(ပါမောက္ခချုပ် ရန်ကုန်ပညာရေးတက္ကသိုလ်)၊ ဒေါက်တာထူးထူးအောင်(အငြိမ်းစား ဒုတိယပါမောက္ခချုပ် ရန်ကုန်ပညာရေးတက္ကသိုလ်)နှင့် ဒေါက်တာမြင့်မြင့်စန်း(Free Lance Education Consultant)တို့က ရုပ်မြင်သံကြားတွင် အောက်ပါအချက်များကို စကားဝိုင်းဖွဲ့၍ ဆွေးနွေးခဲ့ကြသည်-

ဆရာ၏ အဓိကလုပ်ငန်းမှာ သင်ကြားခြင်းဖြစ်ကြောင်း၊ သင်ကြားခြင်း(Teaching)သည် ပရော်ဖက်ရှင်(Profession) ဖြစ်ကြောင်း၊ ပရော်ဖက်ရှင်တစ်ခုတွင် လုပ်ငန်းဆိုင်ရာ အဆင့်မြင့်အသိအတတ်ပညာကို အချိန်ယူသင်ယူလေ့ကျင့်ထားရန် လိုအပ်ပြီး ကျင့်ဝတ်သိက္ခာရှိရန်လည်း လိုအပ်ကြောင်း၊ ဆရာအတတ်ပညာရေးဆိုသည်မှာ သင်ယူသူများ၏ သင်ယူမှုတိုးတက်ရေးအတွက် ကူညီရမည့် ဆရာများတွင် ရှိသင့်သော အသိပညာကျွမ်းကျင်မှု၊ သဘောထားနှင့် အတွေ့အကြုံများရရှိစေသည့် ဖြစ်စဉ် (သို့မဟုတ်) နည်းစဉ် (Process) ပင်ဖြစ်ကြောင်း၊ ဆရာအတတ်ပညာရေး၏ ရည်မှန်းချက်မှာ ဆရာအတတ်ပညာအရည်အသွေးပြည့်ဝပြီး အစဉ်သင်ယူနေသော ဆရာ ဆရာမများ ဖြစ်ထွန်းလာစေရေးအတွက် သင်ယူမှုအခွင့်အလမ်းအမျိုးမျိုး ဖန်တီးအကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

ထို့ပြင်မြန်မာနိုင်ငံတွင် ဆရာအတတ်ပညာရေးကို ရန်ကုန်ပညာရေးတက္ကသိုလ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်နှင့် ပညာရေးကောလိပ် ၂၀ ကျောင်းတွင် သင်ကြားပေးလျက်ရှိပြီး တိုင်းရင်းသားလူမျိုးများအတွက် အထူးအစီအစဉ်အဖြစ် စစ်ကိုင်းတိုင်းဒေသကြီး ရွာသစ်ကြီးတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကလည်း ဆရာအတတ်ပညာသင်တန်းများ ပေးလျက်ရှိသည်။

ဆရာအတတ်ပညာရေးကဏ္ဍကို မြှင့်တင်နိုင်ရန်အတွက် မူဝါဒများချမှတ်ရာတွင် အရည်အသွေးပြည့်ဝသည့် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာသင်တန်းများ၊ လုပ်ငန်းခွင်ရှိ ဆရာများအတွက် အစဉ်ဖွံ့ဖြိုးတိုးတက်သည့် ဆရာအတတ်ပညာသင်တန်းများပေးခြင်းနှင့် ပညာရေးကောလိပ်အသစ်များ အဆင့်မြှင့်ခြင်း၊ တိုးချဲ့ဖွင့်လှစ်ခြင်းများ ဆောင်ရွက်သင့်ကြောင်း၊ အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် အသီးသီးအတွက် ဆရာအတတ်ပညာရေးသင်တန်းအမျိုးမျိုးရှိရာ မူလတန်းဆင့် ဆရာအရေအတွက်ကို လိုအပ်ချက်ပြည့်မီအောင် သင်တန်းပေးရေးနှင့် အရည်အသွေးရှိသော မူလတန်းဆရာများ မူလတန်းအဆင့်တွင် ကြာရှည်တည်မြဲရေးမှာ အလေးထားစဉ်းစားသင့်သော အချက်တစ်ချက်ဖြစ်ကြောင်း၊ လိုအပ်သော မူလတန်းဆရာဦးရေတိုးတက်ရရှိရေးအတွက် ပညာရေးကောလိပ်အသစ်များ တိုးချဲ့ဖွင့်လှစ်ရန်၊ ကောလိပ်များတွင် သင်တန်းသားဦးရေတိုး၍ လက်ခံရန် လိုအပ်ကြောင်း၊ အထူးသဖြင့် ပညာရေးကောလိပ်မရှိသေးသော ချင်းပြည်နယ်နှင့် ကယားပြည်နယ်တွင် ပညာရေးကောလိပ်တစ်ခုစီဖွင့်ရန်၊ ရခိုင်ပြည်နယ်တွင် ကျောက်ဖြူပညာရေးကောလိပ်တစ်ခုရှိပြီးဖြစ်သော်လည်း စစ်တွေမြို့တွင် ကောလိပ်တစ်ခုထပ်ဖွင့်ပေးရန်လိုအပ်သေးကြောင်း၊ ထို့ပြင် တက္ကသိုလ်ဝင်တန်းအောင်သူများကို လက်ခံသော ဆရာအတတ်ပညာဒီပလိုမာ (D.TEd)သင်တန်းအပြင် ဘွဲ့ရများကို လက်ခံသော ဆရာအတတ်ပညာကျွမ်းကျင်မှုဒီပလိုမာ (DTEC)ကဲ့သို့ သင်တန်းများတွင်လည်း သင်တန်းသားဦးရေ တိုးတက်လက်ခံခြင်းဖြင့် မူလတန်းဆရာဦးရေ တိုးတက်ရရှိနိုင်မည်ဖြစ်ကြောင်း၊ မူလတန်းအဆင့်အခြေခံပညာရေးမြှင့်တင်ပေးနိုင်ရန် မူလတန်းဆရာအတတ်သင်ပညာကိုလည်း လက်မှတ်ရသင်တန်း၊ ဒီပလိုမာသင်တန်းအပြင် မူလတန်းအထူးပြုဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ဆရာအတတ်ပညာဆိုင်ရာဘွဲ့များ သင်တန်းများပြီးမြောက်မှုနှင့် ကျွမ်းကျင်မှုပေါ်မူတည်ပြီး မူလတန်းအဆင့်အတွင်းမှာပင် ပညာရှင်အဆင့် (၁)၊ (၂)၊ (၃)စသည်ဖြင့် ရာထူးတိုးပေးခြင်းများကို ဆောင်ရွက်သင့်ကြောင်း၊ ထို့ပြင် မူလတန်းအဆင့်နှင့် သက်ဆိုင်သော ပညာရေးစီမံခန့်ခွဲမှုအဆင့်များ တိုးချဲ့ဖွဲ့စည်းခြင်း၊ ပညာရေးကောလိပ်နှင့် ပညာရေးတက္ကသိုလ်များရှိ မူလတန်းဆရာအတတ်ပညာရေးအထူးပြု သင်တန်းများအတွက် သင်ကြားရေးဌာနများ တိုးချဲ့ဖွဲ့စည်းခြင်းဖြင့် မူလတန်းဆရာအတတ်ပညာရေးကို အထူးပြုသူများအတွက် ရာထူးအခွင့်အလမ်းများလည်း တိုးချဲ့ပေးသင့်ကြောင်း ဆွေးနွေးကြသည်။

အလားတူပင် အလယ်တန်း၊ အထက်တန်းအဆင့်များအတွက် ဆရာအတတ်ပညာရေးကိုလည်း အရည်အသွေးရော၊ အရေအတွက်ပါ တိုးမြှင့်ပေးရန်လိုအပ်လျက်ရှိရာ ဆရာအတတ်ပညာသင်ပေးသော ဌာနများ (Teacher Education Institution) ၏ ရုပ်ပိုင်းဆိုင်ရာ အင်္ဂါရပ်များ၊ သင်ရိုးညွှန်းတမ်း၊ သင်နည်းစနစ်၊ စစ်ဆေးအကဲဖြတ်နည်းစနစ်များ၊ သင်တန်းပေးသော ဆရာများ၏ အရည်အသွေးကို တိုးမြှင့်ရန် လုပ်ငန်းစဉ်များ စနစ်တကျ ချမှတ်ဆောင်ရွက်သင့်သည်ဟု ဆွေးနွေးကြသည်။

အထက်ပါအကြောင်းအရာနှင့် ပတ်သက်၍ အကြံပြုချက်များပေးပို့လိုပါက ဆရာအတတ်ပညာရေးလုပ်ငန်းအဖွဲ့ စိန်ရတုခန်းမ တက္ကသိုလ်စာတိုက် ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့ ဇန်နဝါရီ ၁၀ ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ကြောင်း ဆရာအတတ်ပညာရေးလုပ်ငန်းအဖွဲ့က မေတ္တာရပ်ခံထားသည်။

(သတင်းစဉ်)

လက်တွေ့ကျသော ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးအတွက် အသက်မွေးဝမ်းကျောင်းပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့ စကားဝိုင်းဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၅

စက်မှုနှင့် သက်မွေးပညာရေးကဏ္ဍအကြောင်း ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့ရာ ဆွေးနွေးပွဲတွင် ဒေါက်တာမြမြဦး၊ ဒေါက်တာသိင်္ဂီနှင့် ဒေါ်နိုင်ရီမာတို့က Technical and Vocational Education and Training (TVET) အကြောင်းကို အောက်ပါအတိုင်း ဆွေးနွေးခဲ့ကြသည်။

စက်မှုနှင့် သက်မွေးပညာရေးကဏ္ဍ (TVET) ဆိုသည့် စကားလုံးကို UNESCO မှ စတင်သုံးစွဲခဲ့ပြီး သက္ကရာဇ် ၂၀၀၀ ခန့်လောက်အထိ TVET သည် ကမ္ဘာ့ပညာရေးစနစ်တွင် ဒုတိယဦးစားပေးဖြစ်ခဲ့သည်။ တစ်ကမ္ဘာလုံးဆင်းရဲမှုလျှော့ချရေးနှင့် Education for All စသည့် UNESCO ၏ မျှော်မှန်းချက်များ ပြန်လည်ရေးဆွဲသည့်အခါ စက်မှုနှင့် သက်မွေးပညာရေးကဏ္ဍသည် အရေးကြီးကဏ္ဍကြီးတစ်ခု ဖြစ်လာခဲ့သည်။

လူကြီးလူငယ်မရွေး ကျွမ်းကျင်မှုပေးပြီး အလုပ်အကိုင်ရရှိစေကာ အလုပ်အကိုင်တစ်ခုမှ တစ်ခုပြောင်းသည့်အခါ ကျွမ်းကျင်မှု ပိုမိုတိုးတက်လာစေသည်မှာ စက်မှုနှင့် သက်မွေးပညာရေးကဏ္ဍဖြစ်သည်။

စက်မှုနှင့် သက်မွေးပညာရေးကဏ္ဍသည် အခြေခံအကျဆုံးပညာရေးဖြစ်သည်။ TVET သည် ကမ္ဘာမြေကြီးကို ထိန်းသိမ်းစောင့်ရှောက်ရန် ပညာရပ်များကိုပါ ဖြည့်ဆည်းပေးပြီး အလွှာပေါင်းစုံအတွက် အသိပညာ ဖြန့်ဝေပေးရာ ပညာရေးဖြစ်သည်။

စက်မှုနှင့် သက်မွေးပညာရေးကို မြန်မာနိုင်ငံတွင် ၁၉၃၇ ခုနှစ်ကတည်းက စတင်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ခိုင်မာသော စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာရေး ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ လက်ရှိခေတ်စနစ်နှင့် ကိုက်ညီသော စက်မှုနှင့် သက်မွေးပညာရေးဥပဒေကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ဦးဆောင်ရေးဆွဲလျက်ရှိသည်။

TVET ကဏ္ဍတွင် ဝန်ကြီးဌာန ၁၄ ခုအောက်၌ သင်တန်းကျောင်းများ ဖွင့်လှစ်ပြီး ဆောင်ရွက်လျက်ရှိရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်တွင် အစိုးရစက်မှုလက်မှုသိပ္ပံများ၊ စက်မှုအထက်တန်းကျောင်းများ ဖွင့်လှစ်ထားရှိသည်။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနအောက်တွင် Hotel Management သင်တန်းများ၊ Tourism သင်တန်းများရှိသည်။ စက်မှုဝန်ကြီးဌာနတွင် စက်မှုသင်တန်းကျောင်း ခြောက်ကျောင်း၊ အလုပ်သမားဝန်ကြီးဌာနအောက်တွင် အလုပ်သမားကျွမ်းကျင်မှု သင်တန်းကျောင်းများ ဖွင့်လှစ်ထားရှိသည့်အပြင် ပုဂ္ဂလိက သင်တန်းကျောင်း ၃၃ ကျောင်းရှိသည်။

TVET မှာ ကဏ္ဍသုံးမျိုးခွဲထားရာ Formal Education တွင် ကျောင်းတွင်းအခြေပြုသင်တန်းများဖြစ်ပြီး Diploma လက်မှတ်များ ထုတ်ပေးနေသည့် အစိုးရသင်တန်းကျောင်းများနှင့် ပုဂ္ဂလိကသင်တန်းကျောင်းများ ပါဝင်သည်။ Nonformal Education တွင် ကျောင်းပြင်ပလုပ်ငန်းခွင် အခြေပြုသင်တန်းများအားလုံး ပါဝင်ပြီး Informal Education တွင် မိရိုးဖလာလုပ်ငန်းများဖြစ်သော ယွန်းလုပ်ငန်း၊ ရွှေချည်ထိုးလုပ်ငန်း၊ အိုးလုပ်ငန်း စသည့်ပညာရပ်များ ပါဝင်သည်။

အထက်ပါ ကျယ်ပြန့်အရေးပါလှသည့် TVET ကဏ္ဍကြီး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆက်နွှယ်နေသော အစိုးရဝန်ကြီးဌာနများ၊ ပုဂ္ဂလိက လုပ်ငန်းများသာမက ပြည်သူတစ်ရပ်လုံးကပါ ပါဝင်ဆွေးနွေးအကြံပြုနိုင်ပြီး အကြံပြုဆွေးနွေးချက်များကို စိန်ရတုခန်းမ တက္ကသိုလ်စာတိုက် ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့ ဇန်နဝါရီ ၁၀ ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ကြောင်း အသက်မွေးဝမ်းကျောင်း ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့ထံမှ သတင်းရရှိသည်။

(သတင်းစဉ်)

ကလေးမြို့ပြည်သူ့ဆေးရုံ တိုးချဲ့ဆောင်များ ဆောက်လုပ်

ကလေး ဇန်နဝါရီ ၅

ကလေးမြို့ ခုတင် (၂၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးသည် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းမြို့နယ်များနှင့် ချင်းပြည်နယ်(မြောက်ပိုင်း)မြို့နယ်များရှိ ပြည်သူများ၏ ကျန်းမာရေးအတွက် အဓိက မှီခိုအားထားနေရသည့် ဆေးရုံကြီးဖြစ်ရာ ဆေးရုံနှင့်လူနာ၊ လူနာနှင့်ခုတင်၊ ခုတင်နှင့်အဆောင် မမျှတဖြစ်နေမှုကြောင့် လက်ရှိဆေးရုံ၏တောင်ဘက်သို့ တိုးချဲ့ဆောင်ဆောက်လုပ်နိုင်ရန် လွှတ်တော်တွင် တင်ပြခဲ့ရာ နိုင်ငံတော်မှ ခွင့်ပြုငွေကျပ်သိန်း ၄၆၉၀ ရရှိခဲ့ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးတင်လှိုင်က ပြောသည်။

လက်ရှိဆေးရုံကြီး၏ အဆောက်အအုံတောင်ဘက်ကို တိုးချဲ့ဆောင်အဖြစ် အလျား ပေ ၂၄၀၊ အနံ ၅၆ ပေ၊ နှစ်ထပ်အာစီ အဆောက်အအုံအဖြစ် Alpha Wing ကုမ္ပဏီမှ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ တတိယပတ်မှစ၍ ဆောက်လုပ်နေကြောင်း ဆောက်လုပ်ရေးမန်နေဂျာ ဦးမျိုးညွန့်က ပြောသည်။

အဆိုပါ တိုးချဲ့ဆောင်ဆေးရုံကြီးကို မေလတွင် အပြီးတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(လင်းလက်ကြယ်စင်)

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

သီဟသုဓမ္မသီဂီ သီရိသုဓမ္မသီဂီ မိခင်ကြီး ဒေါ်ခင်လှ အမိန့်ကြော်ငြာစာ အမှတ်-၁/၂၀၁၄ ဖြင့် ပေးအပ်သော အဂ္ဂမဟာသီရိသုဓမ္မသီဂီဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဝမ်းသာဂုဏ်ယူမိပါကြောင်းနှင့် သက်ရှည်ကျန်းမာချမ်းသာ၍ အမျိုးဘာသာ သာသနာအကျိုး၊ နိုင်ငံအကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်လျှုဒါန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

သား-ကိုမြင့်ဇော်-မအောင်မေစီ

အောင်ချမ်းသာလုံချည်



ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ အနော်ရထာလမ်းရှိ အိမ်အမှတ်(၃၁၃)၊ ပထမထပ်၊ အခန်း(1B)နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု ကတိပြုသူ ဦးထွန်းထွန်းအေး[၁၂/လမတ(နိုင်)၀၁၅၅၄၉]ထံမှ ကျွန်ုပ်အပြီးအပိုင် စာချုပ်ချုပ်ဆိုဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အောက်ပါဖုန်းနံပါတ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်လှရီ ဖုန်း-၀၉-၂၅၄၀၀၈၉၉၀
အမှတ်(၆၀၄)၊ ကမ်းနားလမ်း၊
လမ်းမတော်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊
ရန်ကုန်မြို့။







(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ

စစ်တွေ ဇန်နဝါရီ ၅

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ရခိုင်ပြည်နယ် စစ်တွေမြို့တွင် လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲကျင်းပရေးကော်မတီကကြီးမှူး၍ အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၁ ရက်မှ ၄ ရက်အထိ ကျင်းပရာ အဆိုပါ ပြိုင်ပွဲများတွင် ကျား/မ လွန်ဆွဲပြိုင်ပွဲများ**(အောက်ပုံ)**၊ ချောတိုင်တက်ပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲများကို စစ်တွေမြို့ ဝက်ဘာကွင်း၌လည်းကောင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဦးဥတ္တမပန်းခြံ၌လည်းကောင်း၊ တင်းနစ်ပြိုင်ပွဲကို စစ်တွေ တင်းနစ်ကလပ်၌လည်းကောင်း၊ ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) နံနက်ပိုင်းတွင် မြို့ပတ်အပြေးပြိုင်ပွဲကို မြို့ပတ်လမ်း၌လည်းကောင်း ကျင်းပပြီး ပြိုင်ပွဲအမျိုးအစားအလိုက် ရပ်ကွက်အသီးသီးမှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲများမှ ဆုရရှိသည့်တစ်ဦးချင်းအားကစားသမားများ၊ အသင်းလိုက်အားကစားသမားများအား ဇန်နဝါရီ ၄ ရက်(လွတ်လပ်ရေးနေ့)တွင် ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ကံမမြို့၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

ကံမ ဇန်နဝါရီ ၅

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့ ပြည်သူ့အားကစားကွင်းတွင် (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဇန်နဝါရီ ၂ ရက်မှ ၄ ရက်အထိ ကျင်းပရာ ပြေးခုန်ပစ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဘော်လီဘောပြိုင်ပွဲများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှု (ပွဲတက်ဝတ်စုံ)ပြိုင်ပွဲ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက စီစဉ်ဆောင်ရွက်သော ကလေးပြပွဲ၊ ပြိုင်ပွဲများပါဝင်ပြီး ဇာတ်ပွဲနှင့် အနယ်နယ်အရပ်ရပ်မှ လာရောက်ရောင်းချသောဈေးဆိုင်များတွင် ကံမမြို့ပေါ်နှင့် ကျေးရွာများမှ လာရောက်ကြသည့် ပြည်သူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

ကျော်ဇေယျဝင်း (iprd)

လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲများကျင်းပ

ကျောက်တံခါး ဇန်နဝါရီ ၅

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောက်တံခါးမြို့ စာတိုက်ရပ်ကွက် နှင်းဆီလမ်းတွင် ရပ်ကွက်အတွင်းရှိ ကလေးငယ်များအား ကိုယ်ခန္ဓာကျန်းမာသန်စွမ်းရေးနှင့်စိတ်ပျော်ရွှင်စေရေးအတွက် ရည်ရွယ်၍ ဇန်နဝါရီ ၄ ရက်က အလှူရှင် ဦးစိုးထွန်းနှင့် ဦးအောင်မြင့်ကျော်တို့က ဦးဆောင်၍ ဖူဆယ်ဘောလုံးပြိုင်ပွဲနှင့် ငှက်ပျောတုံးချောတိုင်တက်ပွဲများ ကျင်းပပေးခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ ကလေးငယ် ၃၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသူများအား ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

မျိုးဦး(ကျောက်တံခါး)

လွတ်လပ်ရေးနေ့အထိမ်းအမှတ် စက်ဘီးစီးပြိုင်ပွဲကျင်းပ

ပုသိမ် ဇန်နဝါရီ ၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ၂၀၁၄ ခုနှစ် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အမျိုးသား အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက်တွင် စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်က သေနတ်ပစ်ဖောက်၍ အစိုးရအဖွဲ့ရုံးရှေ့မှ စတင်တာလွှတ်ပေးခဲ့သည်။

အဆိုပါ စက်ဘီးစီးပြိုင်ပွဲတွင် အမျိုးသားများက သဲဖြူကျေးရွာမှ ပြန်ကွေ့၍လည်းကောင်း၊ အမျိုးသမီးများက သံပတ်ကျေးရွာမှ ပြန်ကွေ့၍လည်းကောင်း ကိုးသိန်းအားကစားကွင်းရှေ့တွင် ပန်းဝင်ရမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီး ၅၄ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

လွတ်လပ်ရေးနေ့အထိမ်းအမှတ်အားကစားပြိုင်ပွဲများ ကျင်းပ

သထုံ ဇန်နဝါရီ ၅

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီမှစတင်ကာ သထုံမြို့မ(၅)ရပ်ကွက်နှင့် ကျေးရွာများတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။ ရိုးရာအားကစားနည်းများဖြစ်သည့် ခြင်းအလုံခတ်၊ ပိုက်ကျော်ခြင်း၊ အာလူးကောက်၊ ဆန်ကောရွက်၊ ချောတိုင်တက်၊ ခေါင်းအုံးရိုက်၊ ထုပ်စည်းတိုး၊ ဖယောင်းတိုင်ထွန်း၊ သံပုံးရိုက်၊ မုန့်စားပြိုင်ပွဲများ၊ တာတို၊ တာလတ်၊ တာဝေး အပြေးပြိုင်ပွဲများ၊ ဘောလုံး၊ ဖူဆယ်ဘောလုံးပြိုင်ပွဲများကို အရွယ်သုံးမျိုးလုံးက ပါဝင်ယှဉ်ပြိုင်ကြသည်။ "ပြိုင်ပွဲတွေကို လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံက ပါဝင်ယှဉ်ပြိုင်အားပေးကြတာဆိုတော့ အချင်းချင်းစည်းလုံးပြီး ချစ်ကြည်ရင်းနှီးမှုလည်း ပိုလာပါတယ်"ဟု အောက်ကျင်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်က ပြောကြားသည်။

(ခရိုင်ပြန်/ဆက်)

ပြည်ထဲရေးဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် လိုအပ်သောလုံခြုံရေးဆိုင်ရာ စက်ပစ္စည်း၊ ဆက်သွယ်ရေးစက်ပစ္စည်းနှင့် မော်တော်ယာဉ်များဝယ်ယူရန် ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၉-၁-၂၀၁၄ ရက်
၃။ တင်ဒါပုံစံအရောင်းပိတ်မည့်ရက် - ၂၂-၁-၂၀၁၄ ရက်
၄။ ကုမ္ပဏီ၏ အချက်အလက်ပုံစံတင်ပြရန်နောက်ဆုံးရက် - ၂၈-၁-၂၀၁၄ ရက်
၅။ တင်ဒါဖွင့်မည့်ရက်/အချိန် - ၃၁-၁-၂၀၁၄ရက် နံနက် ၁၀ နာရီ
၆။ တင်ဒါပုံစံများအား တစ်စောင်လျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရုံးအမှတ်(၄၅) တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိလိုပါက တယ်လီဖုန်းနံပါတ် ၀၆၇-၄၁၂၅၁၂ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထဲရေးဝန်ကြီးဌာန
အကျဉ်းဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံး
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အကျဉ်းဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံး ကွပ်ကဲမှုအောက် အကျဉ်းထောင်/စခန်းများရှိ အကျဉ်းသား၊ အချုပ်သားနှင့် ရဲဘက်များစားသုံးရန် ၂၀၁၄-၂၀၁၅ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရိက္ခာဆန်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသည်။
တင်ဒါပုံစံနှင့်စည်းကမ်းချက်များ စတင်ရောင်းချမည့်ရက် - ၇-၁-၂၀၁၄ရက်
တင်ဒါပုံစံရောင်းချမည့်နေရာ - တိုင်းဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့။
နောက်ဆုံးတင်သွင်းရမည့်ရက် - ၁၆-၁-၂၀၁၄ရက် ၁၅း၀၀နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၈-၁-၂၀၁၄ရက် ၁၃း၀၀နာရီ
တင်ဒါဖွင့်မည့်နေရာ - တိုင်းဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့။
၂။ တင်ဒါလျှောက်လွှာပုံစံများကို တစ်စောင်လျှင်(၁၀၀၀၀/-)ကျပ်နှုန်းဖြင့် တိုင်းဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာနတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်-၀၅၉-၂၃၅၄၁၊ ၀၅၉-၂၃၅၄၆၊ ၀၉-၈၅၅၁၀၀၄ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့



Veronica Mars ဇာတ်ကားသစ်တွင် ခရစ္စတင်းဘဲလ် ပါဝင်သရုပ်ဆောင်ထား

မျိုးစန္ဒာမောင်
စုစည်းရေးသားသည်

အမေရိကန်ရုပ်ရှင်မင်းသမီးနှင့် ထုတ်လုပ်သူတစ်ဦးဖြစ်သူ ခရစ္စတင်းဘဲလ် ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်ထားပြီး ကယ်လီဖိုးနီးယားရုပ်သံဇာတ်လမ်းတွဲ Veronica Mars ကို ရုပ်ရှင်ဇာတ်ကားအဖြစ် ဒါရိုက်တာ Rob Thomas က ပုံဖော်ထားသည့် အမည်တူ Veronica Mars ဇာတ်ကားသစ်ကို မတ် ၁၄ ရက်တွင် အမေရိကန်နိုင်ငံ အေအမ်စီအင်န်တာတိန်းမန့်၏ ရုပ်ရှင်ရုံများ၌ စတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ခရစ္စတင်းဘဲလ်

ယင်းဇာတ်ကားတွင် ခရစ္စတင်းဘဲလ်နှင့်အတူ ခရစ္စလိုဝဲလ်နှင့် Teddy Dunn တို့အပြင် အခြားသရုပ်ဆောင်ပေါင်းများစွာပါဝင်သရုပ်ဆောင်ထားကြပြီး ယင်းဇာတ်ကား၏ ရုပ်သံဇာတ်လမ်းတွဲပြသစဉ်က နေ့စဉ်ကြည့်ရှုသူပေါင်း တစ်သိန်းခန့်ရှိကြောင်း သိရသည်။

“နာမည်ကျော် စာရေးဆရာတစ်ဦးလည်းဖြစ်တဲ့ ဒါရိုက်တာ Rob Thomas နဲ့ ရိုက်ကူးရမယ့် ဒီဇာတ်ကားမှာ သူ့ကို အကြွင်းမဲ့ယုံကြည်ထားပါတယ်။ သူဟာ ကိုယ်ကျိုးမငဲ့၊ တစ်ကိုယ်ကောင်း မဆန်တတ်တဲ့ ဒါရိုက်တာတစ်ဦးလည်း ဖြစ်ပါတယ်” ဟု အသက်(၃၃)နှစ်အရွယ်ရှိ မင်းသမီးခရစ္စတင်းက ဆိုသည်။

Veronica Mars ဇာတ်ကားတွင် မင်းသမီး ခရစ္စတင်းဘဲလ်က အထက်တန်းကျောင်းသူတစ်ဦးအဖြစ်လည်းကောင်း၊ ခရစ္စလိုဝဲလ်က ၎င်း၏ ယောက်ျားလေးသူငယ်ချင်းအဖြစ်လည်းကောင်း အဓိကဇာတ်ကောင်များအဖြစ် ပါဝင်သရုပ်ဆောင်ထားကြကြောင်း သိရသည်။

ဒုတိယမြောက် ပီဂျီအေဆန်ခါတင်ဆု ရွေးချယ်ခံရသည့် ဘရတ်ဒ်ပစ်

ဟောလိဝုဒ် ရုပ်ရှင်ထုတ်လုပ်သူများအစည်းအရုံးမှ နှစ်စဉ်ချီးမြှင့်လေ့ရှိသည့် ပီဂျီအေဆုပေးပွဲ (၂၅)ကြိမ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ဇန်နဝါရီ ၁၉ ရက်တွင် ဘီဗာလီဟီလ်တန်ဟိုတယ်၌ ကျင်းပသွားမည်ဖြစ်သဖြင့် ယင်းဆုအတွက် ဆန်ခါတင်ဆုရှင်များစာရင်းကို ဇန်နဝါရီ ၂ ရက်က ထုတ်ပြန်ကြေညာခဲ့ရာ ဟောလိဝုဒ်ဝါရင့်မင်းသားကြီး ဘရတ်ဒ်ပစ် ပါဝင်ခဲ့ကြောင်း သိရသည်။

အထူးဂုဏ်ပြုဆုပေါင်းများစွာ ပေးအပ်ချီးမြှင့်မည့် ယင်းဆုပေးပွဲအခမ်းအနားတွင် ယခုကဲ့သို့ ဆန်ခါတင်ရွေးချယ်ခံခဲ့ရခြင်းသည် ဘရတ်ဒ်ပစ်အတွက် ဒုတိယအကြိမ်မြောက်ဖြစ်ပြီး Moneyball ဇာတ်ကားဖြင့် ရွေးချယ်ခံခဲ့ရခြင်း ဖြစ်သည်။ သို့သော် ယင်းဆုပေးပွဲတွင် ဟောလိဝုဒ်၌ နာမည်ကြီးနေသည့် ဒါရိုက်တာ မာတင်စကော်စီစီနှင့် မင်းသားလီယိုနာဒိုတို့ မပါဝင်ခဲ့ပေ။ အဆိုပါ ပီဂျီအေ ဆုပေးပွဲတွင် အကဲဖြတ်ဒိုင်များအနေဖြင့် ဂျိမ်းစ်ဘွန်းဇာတ်ကားထုတ်လုပ်သူနှစ်ဦးနှင့် The Hobbit ဇာတ်ကားမှ ဒါရိုက်တာ Peter Jackson တို့ ပါဝင်အကဲဖြတ်ပေးကြမည်ဖြစ်ကြောင်း သိရသည်။

ဖခင်အစပျိုးခဲ့သည့် စင်ဒရဲလားဇာတ်ကားတွင် အကောင်းဆုံးပါဝင်သရုပ်ဆောင်ထားသည့် လိုင်လီဂျိမ်းစ်

Downton Abbey ဇာတ်ကားမှ မင်းသမီး လိုင်လီဂျိမ်းစ်က ကွယ်လွန်ခဲ့သည့် ဖခင်ဖြစ်သူ အစပျိုးခဲ့သည့် စင်ဒရဲလားဇာတ်ကားတွင် ပေါ့ပေါ့ပါးပါးဇာတ်ရုပ်ဖြင့် အကောင်းဆုံးပါဝင်သရုပ်ဆောင် ထားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

လိုင်လီဂျိမ်းစ်သည် ဒစ်စနီရုပ်ရှင်ထုတ်လုပ်ရေး၏ ပင်တိုင်မင်းသမီးတစ်ပါးဖြစ်ပြီး ယခုလက်ရှိတွင်လည်း ဒဏ္ဍာရီဇာတ်ကားတစ်ခုတွင် ပါဝင်သရုပ်ဆောင်လျက်ရှိကာ ဖခင်ထံမှ ဂီတနှင့်အနုပညာအမွေများကို ဖခင်မကွယ်လွန်မီအချိန်ထိ သင်ယူခဲ့ပါကြောင်းနှင့် ဒဏ္ဍာရီထဲက မင်းသမီးတစ်ပါးဖြစ်ချင်ခဲ့သည့် ဆန္ဒအမှန်တကယ် ပြည့်ဝခဲ့ပါကြောင်း ရွှေအိုရောင်ဆံကေသာပိုင်ရှင် မင်းသမီး လိုင်လီဂျိမ်းစ်က ဆိုခဲ့သည်။

စင်ဒရဲလားဒဏ္ဍာရီဇာတ်ကားကို ၂၀၁၅ ခုနှစ် မတ်လတွင် စတင်ဖြန့်ချိပြသမည်ဖြစ်ပြီး စင်ဒရဲလားအဖြစ် မင်းသမီး လိုင်လီဂျိမ်းစ်က အဓိကပါဝင်သရုပ်ဆောင်ထားသည်။ ယင်းဇာတ်ကားကို လန်ဒန်နှင့် အင်္ဂလန်တို့ရှိ ရုပ်ရှင်စတူဒီယိုများတွင် ၂၀၁၃ ခုနှစ် စက်တင်ဘာလမှစတင်ကာ ရိုက်ကူးလျက်ရှိကြောင်း သိရသည်။

လိုင်လီဂျိမ်းစ်

စာပေဆုရစာရေးဆရာ ဆရာဝန်များ ဂုဏ်ပြုပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ စာရေးဆရာဆရာဝန်အဖွဲ့က ကြီးမှူးကျင်းပမည့် စာရေးသောမြန်မာဆရာဝန်များ စာအုပ်မိတ်ဆက်ပွဲ၊ စာပေဆုရစာရေးဆရာ ဆရာဝန်များဂုဏ်ပြုပွဲ၊ နှစ်ပတ်လည်အစည်းအဝေးနှင့် အလုပ်အမှုဆောင်အသစ်ရွေးချယ်ပွဲများကို ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီတွင် အမှတ်(၂၄၉)သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်ပါသဖြင့်အဖွဲ့ဝင်စာရေးဆရာဆရာဝန်များ တက်ရောက်ပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

"လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၄ ရက်စွဲပါ [illegible] ၁/၂၀၁၄ [illegible] "သုဓမ္မသိင်္ဂီ" [illegible]

ရန်ကုန်ဥပဒေပညာရှင်အဖွဲ့
[illegible]

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကချင်ပြည်နယ်၊ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူးစီမံကိန်းကြီးအဖွဲ့ခွဲ(၄)မှ(၂၀၁၃-၂၀၁၄)ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း(ဖြည့်စွက်)နှင့် အထူးပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ရန်ပုံငွေဖြင့်ဆောင်ရွက်မည့်လဝ-ကာမိုင်း-ဖားကန့်လမ်း(မိုင် ၁၃/၀-၁၈/၆=၅ မိုင် ၆ ဖာလုံ)နှင့် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း (မိုင် ၅၃/၀-၁၃၂/၀=၇၉ မိုင်)တို့အတွက် လမ်းလုပ်ငန်းသုံးပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ ဝယ်ယူလိုသည့်လုပ်ငန်းသုံးပစ္စည်းများ၏ အရေအတွက်၊ စံချိန်စံညွှန်း အသေးစိတ်စာရင်းနှင့် တင်ဒါလျှောက်လွှာပုံစံများကို ဒုတိယအင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး၊ အထူးစီမံကိန်းကြီးအဖွဲ့ခွဲ(၄)၊ မြစ်ကြီးနားမြို့၊ ဖုန်း-၀၇၄-၂၉၃၆၂ တွင် (၆-၁-၂၀၁၄)ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

တင်ဒါပိတ်မည့်အချိန် ။ ။ (၁၉-၁-၂၀၁၄)ရက်၊ (၁၆း၀၀)နာရီ။
တင်ဒါဖွင့်မည့်နေရာ ။ ။ ဒုတိယအင်ဂျင်နီယာမှူးကြီးရုံး၊ ရောရပ်ကွက်၊ မြစ်ကြီးနားမြို့။
တင်ဒါဖွင့်မည့်အချိန် ။ ။ (၂၀-၁-၂၀၁၄)ရက်၊ (၁၃း၀၀)နာရီ။
အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၄ ရက် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၄ အရ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ သာယာကုန်းလမ်း၊ တိုက် - ၄၊ အခန်း - ၀၀၂ နေ (ကျေးဇူးကြီးလှ မိနှင့်ဘ) အောင်စည်းဖိမ်ကျောက်မျက်ကုမ္ပဏီမှ သုဓမ္မသိင်္ဂီ ဒေါ်နန်းတိုးတိုးရွှေ၏ ခင်ပွန်း “ဦးအောင်ကြီး” အား နိုင်ငံတော်မှ သုဓမ္မမဏိဇောတရဘွဲ့တံဆိပ် ချီးမြှင့်ခဲ့ခြင်းအတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အစဉ်ထာဝရ တိုးတက် အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

(1977-78) SUNDAY TALK သူငယ်ချင်းများ

မန်ယူနှင့် စာချုပ်သစ်မချုပ်ဆိုနိုင်ပါက ရွန်းနီးအား ပေါင်သန်း ၃၀ ဖြင့် ချယ်လ်ဆီးခေါ်ယူမည်

မန်ယူတိုက်စစ်မှူး ဝိန်းရွန်းနီအနေဖြင့် လက်ရှိမန်ယူအသင်းနှင့် စာချုပ်သစ်ထပ်မံချုပ်ဆိုရေးကိစ္စ မအောင်မြင်ခဲ့ပါက ပေါင်သန်း ၃၀ ဖြင့် စတမ်းဖို့ဒ်ဘရစ်ချ်သို့ အရောက်ခေါ်ယူရန်အသင့်ရှိနေကြောင်း ချယ်လ်ဆီးအသင်းက ထုတ်ဖော်ပြောကြားလိုက်သည်။

မန်ယူအသင်းအနေဖြင့် တိုက်စစ်မှူးရွန်းနီ၏ အေးဂျင့်ဖြစ်သူနှင့် ယခုလအတွင်း စာချုပ်သစ်ချုပ်ဆိုနိုင်ရေး ဆွေးနွေးသွားမည်ဖြစ်ပြီး ယင်းကိစ္စအထမမြောက်ခဲ့ပါမူ ရွန်းနီအား အမိအရခေါ်ယူရန် ချယ်လ်ဆီးအသင်းက ပစ်မှတ်ထားလျက်ရှိသည်။

ချယ်လ်ဆီးအသင်းနည်းပြ ဟိုဆေးမော်ရင်ဟို၏ ကစားသမားသစ်ခေါ်ယူရန်ကြိုးပမ်းနေသည့် ကစားသမားများအနက် မန်ယူတိုက်စစ်မှူးရွန်းနီမှာ နံပါတ်တစ်ကစားသမားတစ်ဦးဖြစ်ပြီး ၎င်း၏နောက်တွင် ကာဗာနီ၊ ဖယ်လ်ကာအို၊ ဂေါ့ဇီနှင့် နေမာတို့ ပစ်မှတ်ထားခြင်းခံနေရသည်။

မန်ယူအသင်းအနေဖြင့်လည်း ရွန်းနီကို လက်မလွှတ်စေရေးအတွက် ၎င်း၏အေးဂျင့်ဖြစ်သူ ပေါလ်စထရတ်ဖို့ဒ်နှင့် ဆွေးနွေးညှိနှိုင်းရန်ရည်ရွယ်ထားပြီး ၂၀၁၅ ခုနှစ် ဇွန်လတွင်ကုန်ဆုံးမည့်ရွန်းနီနှင့် မန်ယူအသင်းတို့ စာချုပ်ကိုထပ်မံသက်တမ်းတိုးရန် ပြင်ဆင်လျက်ရှိသည်။

ရာမည

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် စည်ပင်သာယာရေးကော်မတီအခွန်ဌာနပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း စော်ဘွားကြီးကုန်းပွဲရုံဝင်း မိသားစုများ၏ လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၄ ရက်က ပွဲရုံဝင်းအတွင်း၌ကျင်းပရာ ကျောက်စိမ်းလမ်းမကြီးပေါ်၌ ကလေးငယ်တစ်ဦးသံပုံးရိုက်ပြိုင်ပွဲ ဝင်နေသည်ကို တွေ့ရစဉ်။ (၆၈၆)

ပေါ်တူဂီဂန္ထဝင်ဘောလုံးသမား ယူစီဘီအို အသက် (၇၁) နှစ်အရွယ်၌ ကွယ်လွန်

ပေါ်တူဂီအသင်းနှင့် ပေါ်တူဂီနိုင်ငံ၏ စံနမူနာပြုထိုက်သည့် ဂန္ထဝင်ကစားသမားတစ်ဦးဖြစ်သူ ယူစီဘီအိုသည် အသက် (၇၁)နှစ်အရွယ် ဇန်နဝါရီ ၅ ရက်တွင် ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။

ပေါ်တူဂီဂန္ထဝင်ကစားသမား ယူစီဘီအို (ဝဲပုံ)

ယူစီဘီအိုသည် ပေါ်တူဂီကလပ် ဘင်ဖီကာအသင်းတွင် ပွဲပေါင်း ၄၄၀ ကစားပေးခဲ့ပြီး ၄၇၃ ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ထို့အပြင် ၎င်းသည် ပေါ်တူဂီနိုင်ငံကိုယ်စားပြု အသင်းအတွက် ၆၄ ပွဲတိတိကစားပေးခဲ့ပြီး ၄၁ ဂိုးသွင်းယူပေးခဲ့ကာ ၁၉၆၆ ခုနှစ် အင်္ဂလန်၌ကျင်းပသော ကမ္ဘာ့ဖလားတွင် ပေါ်တူဂီအသင်း တတိယနေရာရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ရုံမျှမက ၎င်း၏ သွင်းဂိုး ကိုးဂိုးမှာ အဆိုပါ ကမ္ဘာ့ဖလား၏သွင်းဂိုးအများဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်စေခဲ့သည်။

နာမည်ပြောင် Black Panther ဟု အမည်ရသော ယူစီဘီအိုသည် ၎င်း၏ လျင်မြန်မှု၊ ဖန်တီးနိုင်စွမ်းပြည့်ဝမှု၊ ကြောက်မက်ဖွယ်ကောင်းသော ညာခြေ၏ ကန်သွင်းအားတို့ကြောင့် ထင်ရှားကျော်ကြားခဲ့ပြီး ၎င်း၏ကစားသမားဘဝ သက်တမ်းတစ်လျှောက်တွင် ပွဲပေါင်း ၇၄၅ ပွဲကစားခဲ့ကာ ၇၃၃ ဂိုးထိ သွင်းယူနိုင်ခဲ့သူဖြစ်သည်။ ၎င်းသည် ၁၉၆၅ ခုနှစ်တွင် Ballon d'Or ဆုကိုလည်း ဆွတ်ခူးရယူနိုင်ခဲ့သူဖြစ်သည်။

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲများ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို ယမန်နေ့ နံနက် ၆ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲများတွင် အမျိုးသား/ အမျိုးသမီး မီတာ ၅၀၊ မီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀ အပြေးပြိုင်ပွဲများ၊ အမျိုးသား၊ အမျိုးသမီး သံပုံးရိုက်ပြိုင်ပွဲများ၊ (အမျိုးသမီး) အပ်နဖားထိုးပြိုင်ပွဲများ၊ (အမျိုးသမီး) အာလူးကောက်ပြိုင်ပွဲများ၊ (အမျိုးသား) ပီနမ်အိတ်စွပ် အပြေးပြိုင်ပွဲများ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာ ပြိုင်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နန်းအေးခိုင်နှင့် အားကစားဝန်ကြီးဌာနမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များ တက်ရောက်ကြပြီး (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများမှ ဆုရရှိကြသော ကလေးငယ်များအား ဆုကြေးငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

အားကစားမြှင့်တင်
စိတ်လန်းရှင်
ဆန့်ကျင်မှုးယစ်ဆေး

Junction Square တွင် ၆-၁-၂၀၁၄ ရက်မှ ၁၀-၁-၂၀၁၄ ရက်အထိ ရန်အောင်စာပေ(၂)မှ ဦးစီးကျင်းပသော စာအုပ်ဈေးရောင်းပွဲတော် ရန်အောင်(၁)၊ ရန်အောင်(၂)၊ ကံ့ကော်ဝတ်ရည်၊ ဇွန်ပွင့်၊ ဇော်စာပေ၊ ပြုံးစာပေ၊ ရွှေစင်မိုးစာပေ၊ တက်တိုးစာပေ၊ စိန်မိုးယံစာပေ၊ တင်ရွှေစာပေ၊ စံပယ်စာပေတိုက်တို့မှ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေပါသည်။

အထူးလိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

ချစ်ညီမလေး မဖြူဖြူစိမ်း(ခ)စတယ်လာ(Managing Director, Cho Cho Phyu Industrial & Manufacturing Co.,Ltd) (SPIKE)အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးအမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၄ ဖြင့် နိုင်ငံတော်မှပေးအပ်ချီးမြှင့်သော"သုဓမ္မသိင်္ဂီ"ဘွဲ့ကို ထိုက်ထိုက်တန်တန်ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးလိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာတော်အကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ကိုကြီး-ဦးစန်းအောင်ထွန်း-ဒေါ်မေသဇင်ဖြိုး
ကိုလတ်-ဦးခင်မောင်မြင့်-ဒေါ်မြင့်မြင့်သန်း
ကိုငယ်-ဦးခင်မောင်တင့်-ဒေါ်မိုးစန္ဒာ

မီးပွိုင့်လမ်းဆုံ၌ ယာဉ်ဆင့်ကဲတိုက်မှုဖြစ်

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းနှင့် အနော်ရထာလမ်း မီးပွိုင့်လမ်းဆုံတွင် ဇန်နဝါရီ ၃ ရက် ည ၉ နာရီ မိနစ် ၂၀ က BB ဆလွန်းကားအဖြူရောင်သည် ဘုန်းကြီးလမ်းအတိုင်း အရှိန်ပြင်းစွာဖြင့် မီးပွိုင့်မီးနီပြနေသည့်တိုင် မဆင်မခြင်မောင်းနှင်ဖြတ်ကူးခြင်းကြောင့် အနော်ရထာလမ်းမဘက်မှ မီးစိမ်းအတိုင်းမောင်းနှင်လာသော ယာဉ်မောင်းရဲဆွေ၏ COROLLA ကက/------ CITY TAXI ကို တိုက်မိသဖြင့် အတိုက်ခံယာဉ်မှာ လည်ထွက်သွားပြီး မီးပွိုင့်အနီးရှိ ICE BERRY အအေးဆိုင်ရှေ့ လမ်းဘေးတွင် ရပ်ထားသော TOYODA - LPSUM အဖြူရောင် ၃င/---ကို ထပ်ဆင့်တိုက်မိကာ ယင်းဘေးတွင် ရပ်နားထားသော TOYODA-LPSUM ၉င/---- ကို ထပ်ဆင့်တိုက်မိသဖြင့် စုစုပေါင်း ယာဉ်သုံးစီးပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်သည် ဆက်လက်မောင်းနှင်ထွက်ပြေးသွားသည်။ အခင်းဖြစ်နေရာသို့ မြို့နယ်ရဲတပ်ဖွဲ့အရာရှိနှင့် ယာဉ်ထိန်းရဲအရာရှိတို့ ရောက်ရှိလာပြီး လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ကာ ယာဉ်တိုက်မှုဖြစ်ကာ ထွက်ပြေးတိမ်းရှောင်နေသောယာဉ်အား အမြန်ဆုံးဖမ်းဆီးနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ထိခိုက်ဒဏ်ရာရသူများအား ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ဆေးကုသပေးထားကြောင်း သိရသည်။

ကျော်ဗိုလ်ဝင်း

အုန်းပင်အငှားတက်သူ အုန်းပင်ပေါ်မှပြုတ်ကျသေဆုံး

သထုံ ဇန်နဝါရီ ၅

သထုံမြို့ ဘင်လှိုင်ရပ်ကွက်တွင် ဇန်နဝါရီ ၄ ရက် ညနေ ၃ နာရီ မိနစ် ၄၀ ခန့်က အုန်းပင်အငှားတက်သူတစ်ဦး အုန်းပင်ပေါ်မှ ပြုတ်ကျသေဆုံးကြောင်းသိရသည်။ ဖြစ်စဉ်မှာ ဘင်လှိုင်ရပ်ကွက် ထန်းတောစုပိုင်းနေ အုန်းပင် အငှားတက်သူတစ်ဦးဖြစ်သည့် ဦးထွန်းမြင့်အသက်(၄၅)နှစ်သည် ကိုးနဝင်းလမ်း အိမ်အမှတ် (၅၉၈)နေ ဦးမောင်ဝင်း၏ နေအိမ်ခြံဝင်းအတွင်းရှိ အမြင့် ပေ ၈၀ ခန့်ရှိ အုန်းပင်ပေါ်မှ အုန်းသီးများခူးရန်အတွက် အခကြေးငွေဖြင့် အငှားတက်ရာ အုန်းပင်အထက်ဖျားမှအောက်သို့ ပြုတ်ကျသဖြင့် အခင်းဖြစ်နေရာတွင်ပင် သေဆုံးခဲ့သည်။ အဆိုပါ သေဆုံးမှုအား သထုံမြို့မရဲစခန်းက ဥပဒေအရ အမှုဖွင့် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

သက်ဦး(သထုံ)

ရှမ်းပြည်နယ် လားရှိုးမြို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၅

အမှတ် (၂၄) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (လားရှိုး)မှ တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ ဇန်နဝါရီ ၃ ရက် မွန်းလွဲ ၁ နာရီက လားရှိုးမြို့ ရပ်ကွက် (၅) နေ လီဝေဆုံး (၃၇) နှစ်၏ နေအိမ်အား သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၁ ဂရမ် တန်ဖိုးငွေကျပ် ၁၉၀၀၊ 88 နှင့် 1 စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ တန်ဖိုးငွေကျပ် ၄၀၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။ စစ်ဆေးချက်အရ မူးယစ်ဆေးဝါးများကို တစ်ရပ်ကွက်တည်းနေ မဂျာဘရီ (၄၁) နှစ်ထံမှ ဝယ်ယူခဲ့ကြောင်းသိရသဖြင့် လီဝေဆုံးနှင့် မဂျာဘရီတို့အား လားရှိုးမြို့မရဲစခန်းက မယ(ပ) ၃/၂၀၁၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၉(က) / ၂၁ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းမပေါ်တွင် (၄၃-မထသ)ယာဉ်လိုင်း (ရွှေပေါက်ကံ-ဆူးလေ-ကျုံးကြီး) ယာဉ်အမှတ် ၅ခ/---- နှင့်ဆလွန်းကားအမှတ် ၃င/---- တို့ ဇန်နဝါရီ ၃ ရက် ညနေ ၄ နာရီ မိနစ် ၅၀ ခန့်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်ကိုတွေ့ရစဉ်။ (၆၉၀)

ကမ်းပါးယံမှ မြေစာများ ပြိုကျသဖြင့် သုံးဦးသေ၊ သုံးဦးဒဏ်ရာရ

နေပြည်တော် ဇန်နဝါရီ ၅

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆယ်ဇင်ကျေးရွာ ဆယ်ကုန်းရွှေမှော်ဟောင်းတွင် ဇန်နဝါရီ ၃ ရက် ညနေ ၅ နာရီက မကွေးတိုင်းဒေသကြီး ကျောက်ထုမြို့နေ ဝင်းတင် (၄၂)နှစ်ပါ ခြောက်ဦးသည် ကျင်းဟောင်းအတွင်း တရားမဝင်ရွှေမျှောလုပ်ကိုင်နေစဉ် အမြင့် ၂၅ ပေခန့်ရှိ ကမ်းပါးယံမှ မြေစာများ ရုတ်တရက်ပြိုကျခဲ့သဖြင့် ဝင်းတင်နှင့် ဂန့်ဂေါမြို့နေသူများဖြစ်သည့် ဆန်းလင်းဦး (၂၁)နှစ်၊ ဇော်ထွန်း (၂၈)နှစ်တို့ သုံးဦးသည် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ဆင်ဖြူကျွန်းမြို့နေ အောင်ဇော်ဝင်း(၂၉)နှစ်ပါ သုံးဦးတွင် ဒဏ်ရာများရရှိခဲ့သည်။ မြေစာပိ၍ လူများသေဆုံးဒဏ်ရာရရှိကြောင်း သတင်းအရ ဆယ်ဇင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ပြီး သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများကို တာမခန်တိုက်နယ်ဆေးရုံသို့တင်ပို့ကာ ဆယ်ဇင်နယ်မြေရဲစခန်းက သေမှုသေခင်းအမှတ်စဉ် (၁/၂၀၁၄)ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ရဲပြန်ကြား)

မူးလျှင်မမောင်းနှင့်၊ မောင်းလျှင်မမူးနှင့်

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နေ(ဦးလှဦး)-ဒေါ်မြင့်မြင့်တို့၏သားငယ်

ဗိုလ်ကြီးနေဝင်းအောင်

B.Sc (Physics),D.S.A

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ နေပြည်တော်

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ

ဦးသန်းထွန်း-ဒေါ်မြင့်မြင့်အောင်တို့၏သမီးကြီး

မမော်မော်ထွန်း

B.A(English), D.M.L,D.B.L

BAT Myanmar Services Limited

တို့၏ ၅-၁-၂၀၁၄ရက်တွင် ရန်ကုန်မြို့ IBC မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော အငြိမ်းစားသံအမတ်ကြီး ဗိုလ်မှူးချုပ်အုန်းသွင်နှင့်ဇနီး ဒေါ်စမ်းစမ်းနွယ်၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော မှော်ဘီတပ်နယ်မှ ဗိုလ်မှူးကြီးကြည်စိုးနှင့်ဇနီးဒေါ်ဆွေဆွေနိုင်တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်ကြွရောက် ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟမိသားစုများနှင့် သူငယ်ချင်းများလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့မွန်များပေးပို့ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းများအားလည်းကောင်း၊ မေတ္တာဖြင့်မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးဇေယျာကျော်၊ မင်္ဂလာအခါတော်ပေးသီကျူးပေးပါသော တေးသံရှင်အန်တီ ဒေါ်နွဲ့ယဉ်ဝင်း၊ မင်္ဂလာတေးသံသာများသီကျူးပေးပါသော စန္ဒရားဒေါက်တာသိန်းမြင့်သန်းနှင့်အဖွဲ့၊ မင်္ဂလာပန်းကြဲ မသီရိလင်း၊ မင်္ဂလာအောင်စံပယ်ပန်းနှင့် မင်္ဂလာလက်စွပ်ကလပ်ကိုင်ဆောင်ပေးသော မအေးငြိမ်းသူ၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကြီးကောင်းသန့်နှင့် မင်္ဂလာသတို့သမီးအရံ မအိမွန်သော်စိုးတို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံ Lady Luck Fashion၊ မင်္ဂလာမိတ်ကပ်နှင့်ဆံပင်မေဦးနှင့်အဖွဲ့၊ မေတ္တာဖြင့်မင်္ဂလာလက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော အန်တီလဲ့+အန်တီလေး (ရတနာစုံ၊ ဗိုလ်ချုပ်ဈေး)အားလည်းကောင်း၊ ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းတင်ပေးပါသော ကိုမိုးကိုဦးနှင့် ချစ်သူငယ်ချင်း ခင်ဥအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးကူညီပေးပါသော IBC မှမန်နေဂျာနှင့် ဝန်ထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူး တင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးနေဝင်းအောင်-မမော်မော်ထွန်း

သီးနှံစိုက်ပျိုးဖြစ်ထွန်းမှု ဒေသခံတောင်သူများအား နည်းပညာပေးသရုပ်ပြပွဲကျင်းပ

စဥ့်ကိုင် ဇန်နဝါရီ ၅

စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ခုနှစ် စိုက်ပျိုးရာသီတွင် စဥ့်ကိုင်မြို့နယ် စွန်ရဲအင်းစိုက်ကွင်း၌ စိုက်ပျိုးထားရှိသော ပဲစင်းငုံ၊ ဝါနှင့် ကုလားပဲသီးနှံများ သုတေသန စိုက်ပျိုးထားရှိမှု၊ တောင်သူပညာပေး သရုပ်ပြ စိုက်ကွင်းများ စိုက်ပျိုးထားရှိမှုတို့ကို တောင်သူများအား ပညာပေး သရုပ်ပြပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက အဆိုပါ တောင်သူပညာပေး စိုက်ကွင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးနှင့် အရာထမ်းများ၊ တိုင်းဒေသကြီး အတွင်းရှိ စိုက်ကွင်းများမှ ဝန်ထမ်းများ၊ စဥ့်ကိုင်မြို့နယ် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးတောင်သူများ တက်ရောက်ကြသည်။

သရုပ်ပြပွဲတွင် စွန်ရဲအင်းစိုက်ကွင်း တာဝန်ခံ ဦးဌေးက စိုက်ကွင်းအတွင်း စိုက်ပျိုးထားရှိသော သီးနှံများနှင့် သုတေသနပြု စိုက်ပျိုးထားရှိသော သီးနှံများ၊ မျိုးထုတ်လုပ်ခြင်းအတွက် စိုက်ပျိုးထားရှိသော သီးနှံများ၊ တောင်သူပညာပေးစိုက်ကွင်းများတွင် စိုက်ပျိုးထားရှိသော သီးနှံများ၏ စိုက်ပျိုးနည်းစနစ်များ၊ သွင်းအားစုများနှင့် ပိုးမွှားကာကွယ်ဆေးများ အသုံးပြုမှုတို့ကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသော တောင်သူလယ်သမားများက မိမိတို့ စိုက်ပျိုးလျက်ရှိသော စိုက်ပျိုးသီးနှံများနှင့် ကွာခြားချက်များ၊ ကျရောက်တတ်သော ရောဂါပိုးမွှားများနှင့် အထွက်နှုန်းတို့ကို မေးမြန်းရာ တိုင်းဒေသကြီးဦးစီးမှူးနှင့် စိုက်ကွင်းတာဝန်ခံတို့က ပြန်လည်ရှင်းလင်းဖြေကြားပြီး တက်ရောက်လာကြသူများက တောင်သူပညာပေးစိုက်ကွင်းများတွင် စိုက်ပျိုးမှုဖြစ်ထွန်းနေသော ငွေခြည် ၆ ဝါစိုက်ဧက ၁၀ ဧကကိုလည်းကောင်း၊ ရေဆင်း ခုနစ်မျိုး ပဲဆင်းငုံ ကိုးဧကနှင့် ရေဆင်း ရှစ်မျိုး ကုလားပဲ ကိုးဧက စိုက်ပျိုးထားရှိမှုတို့ကို လက်တွေ့ကွင်းဆင်းလေ့လာခဲ့ကြသည်။

စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန စွန်ရဲစိုက်ကွင်းအနေဖြင့် တောင်သူလယ်သမားများအတွက် မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးပေးခြင်း၊ မျိုးကောင်းမျိုးသန့်များရရှိရေးအတွက် သီးနှံများ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဆောင်ရွက်လျက်ရှိသည့်အပြင် တောင်သူများ စိုက်ပျိုးနည်းစနစ်များသိရှိစေရန်အတွက် လေ့ကျင့်ပညာပေးစိုက်ကွင်းများစိုက်ပျိုးကာ ပညာပေးပြပွဲများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

ကလေးမြို့ပြည်သူများအတွက် မြို့ရှောင်လမ်းဖောက်လုပ်မည်

ကလေး ဇန်နဝါရီ ၅

ကလေးမြို့ရှိ ရပ်ကွက်ကြီး ၁၉ရပ်ကွက်တွင် လူဦးရေ ၇၇၉၀၀ ကျော်နှင့် ကလေးမြို့နယ်ကျေးရွာအုပ်စု ၄၁ အုပ်စုတွင်လူဦးရေ ၂၀၇၇၄၀ ကျော် နေထိုင်ကြကာ ပြည်သူများသည် မြို့တွင်းသွားလာရာတွင် ဗိုလ်ချုပ်လမ်းမ တစ်လမ်းတည်းသာ အသုံးပြုလျက်ရှိကြသည်။

ယခုအချိန်တွင် ကလေးမြို့နယ်သည် လူဦးရေများပြားလာသည်နှင့်အမျှ ယာဉ်ကြီးယာဉ်ငယ်များလည်း အလွန်များပြားလာပြီး ဗိုလ်ချုပ်လမ်းမတစ်လမ်းတည်းသာ အများပြည်သူအသုံးပြုကြသည့်အတွက် သွားလာရေး အလွန်ကျပ်တည်းလျက်ရှိသည်။

နိုင်ငံတော်သမ္မတကြီး ကလေးမြို့သို့ရောက်ရှိစဉ်က အောင်ဇေယျရိပ်သာ၌ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာတွင် မြို့ရှောင်လမ်းအဖြစ် အောင်သစ္စာရပ်ကွက်မှ မြို့လုရပ်ကွက်အထိ အများပြည်သူသုံးလမ်းမ ဖောက်လုပ်နိုင်ရေးတင်ပြကြရာ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် ဖောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ အဆိုပါ မြို့ရှောင်လမ်းဖောက်လုပ်မည့် လမ်းအူကြောင်းနေရာအား ဒီဇင်ဘာ ၃၀ ရက် ညနေပိုင်းတွင် ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါမြို့ရှောင်လမ်းသည် အောင်သစ္စာရပ်ကွက်အတွင်း အရှည်ပေ ၆၁၄၁၊ မြို့လုရပ်ကွက်အတွင်း အရှည် ၄၇၄၂ ပေ စုစုပေါင်း အရှည် ၁၀၈၈၃ ပေနှင့် လမ်းသားအကျယ်ပေ ၆၀ ဖြင့် လယ်ယာမြေများကို ဖြတ်၍ဖောက်လုပ်မည်ဖြစ်ပြီး လယ်ပိုင်ရှင်များနှင့်လည်း ညှိနှိုင်းသဘောတူကြသည့်အပြင် ကလေးမြို့နေပြည်သူတစ်ရပ်လုံးကလည်း အဆိုပါ မြို့ရှောင်လမ်းကြီး အမြန်ဆုံးပေါ်ထွန်းလာနိုင်ရေး ကြိုဆိုမျှော်လင့်ကြကြောင်း သိရသည်။

ဂျူနိုင်း

ပုလဲမြို့နယ် ကျေးရွာငါးရွာ ဆိုလာစနစ်ဖြင့်မီးလင်းပြီ

စစ်ကိုင်း ဇန်နဝါရီ ၅

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေဖြင့် ယင်းမာပင်ခရိုင် ပုလဲမြို့နယ် စစ်ရင်ကျေးရွာ၊ ကျေသမျှားကျေးရွာ၊ ချင်ပြစ်ကွင်းကျေးရွာ၊ တောင်ရွာသစ်ကျေးရွာနှင့် ခေါသန္တိကျေးရွာတို့တွင် ဆိုလာစနစ်ဖြင့် ဒီဇင်ဘာ ၂၀ ရက်မှစတင်၍ မီးလင်းနေပြီဖြစ်ကြောင်းသိရသည်။ ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာငါးရွာကို ဆိုလာစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်နိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ဆိုလာနှင့်ဆက်စပ်ပစ္စည်းများ၏ တန်ဖိုးကျသင့်ငွေတစ်ဝက်ကို ထောက်ပံ့ပေးခြင်းဖြစ်ပြီး ပြည်သူထည့်ဝင်ငွေတစ်ဝက်ဖြင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ရာ စစ်ရင်ကျေးရွာတွင် ၇၇ ခု၊ ကျေသမျှားကျေးရွာတွင် ၁၂၀၊ ချင်ပြစ်ကွင်း ကျေးရွာတွင် ၇၅ ခု၊ တောင်ရွာသစ်ကျေးရွာတွင် ၃၆ ခုနှင့် ခေါသန္တိကျေးရွာတွင် ၄၂ ခု စုစုပေါင်း ပုလဲမြို့နယ်အတွင်း ၃၅၀ တပ်ဆင်အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။

"ပုလဲကနေ မိုင် ၄၀ကျော်ဝေးတဲ့ တောင်ပေါ်ကျေးရွာလေးဖြစ်တဲ့အတွက် ဖွံ့ဖြိုးရေးကနောက်ကျပါတယ်။အဲဒီနောက်ကျတဲ့ ကျွန်တော်တို့ စစ်ရင်ရွာလေးကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ထောက်ပံ့မှုနဲ့ ဆိုလာမီးတပ်လိုက်တာ တစ်ရွာလုံးမီးလင်းနိုင်ခဲ့ပါပြီ။ ဝိုင်းဝန်းထည့်ခဲ့ကြတဲ့ ဒေသခံတွေနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ကျေးရွာဒေသခံတွေက ကျေးဇူးတင်နေကြပါတယ်"ဟု စစ်ရင်ကျေးရွာ ဒေသခံတစ်ဦးကပြောကြားသည်။

မျိုးဝင်းထွန်း(မုံရွာ)

အစိုးရကြော်ငြာ

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

(၁၈/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-156(2013-2014)	Gas Detector Equipment with Complete Accessories	(2) Sets	US$
(၂)	IFB-157(2013-2014)	N 69 & GD 75 Swivel Complete Sets	(2) Items	US$
(၃)	IFB-158(2013-2014)	Assorted Sizes of ERW Steel Line Pipes (API 5L Grade X42, 3LPE Coated) & Pipe Accessories	(1) Lot	US$
(၄)	IFB-159(2013-2014)	Welding Electrode	(3) Items	US$
(၅)	IFB-160(2013-2014)	50 Ton Tractor with Low Bed Trailer	(2) Units	US$
(၆)	IFB-161(2013-2014)	Assorted Sizes of Tri-Cone Rock Bits & PDC Bits	(5) Items	US$
(၇)	IFB-162(2013-2014)	10 Ton Dump Truck	(1) Unit	US$
(၈)	IFB-163(2013-2014)	CAT D 3508 Engine	(3) Nos	US$
(၉)	DMP/L-048(2013-2014)	Electrical Spares for ZJ 70L Drilling Rig	(4) Items	Ks
(၁၀)	DMP/L-049(2013-2014)	Portable Fire Pump, Transformer Welding Set & Gas Cutting Torch	(3) Items	Ks
(၁၁)	DMP/L-050(2013-2014)	Geological Survey Instruments & Mud Testing Equipments	(1) Lot	Ks

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၃-၂-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများတွင် အသုံးပြုရန် အောက်ဖော်ပြပါ မော်တော်ယာဉ်များအား DDP (ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No. 24/HPGE/2013-2014

(က) Fire Fighting Vehicle (1600 Gallon) (၅)စီး

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့် ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များအား ကြော်ငြာပါသည့်ရက်မှ စတင်၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါများအား ၂၀-၁-၂၀၁၄ ရက် ၁၆း၀၀ နာရီအရောက် နောက်ဆုံးထား၍ တင်သွင်းရပါမည်။

ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၆၈၊ ၀၆၇-၄၁၁၀၇၆

သတ္တုတွင်းဝန်ကြီးဌာန
သတ္တုတွင်းဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သတ္တုတွင်းဦးစီးဌာနမှ အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က)	Copier Toner (Sharp) (202ST)	(၃၀)ခု
(ခ)	နိုင်ငံခြားစက္ကူ (70 gsm) (1K Plus) (A4)	(၃၂၀၀)ထုပ်
(ဂ)	နိုင်ငံခြားစက္ကူ (70 gsm) (1K Plus) (A3)	(၅၀)ထုပ်
(ဃ)	နိုင်ငံခြားစက္ကူ (70 gsm) (1K Plus) (Legal)	(၁၀၀)ထုပ်

တင်ဒါပိတ်ရက်နှင့်အချိန် ၂၇-၁-၂၀၁၄ ရက် ၁၅း၀၀ နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် သတင်းစာပါ ကြော်ငြာသည့်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ငွေစာရင်းဌာန
သတ္တုတွင်းဦးစီးဌာန
ရုံးအမှတ်(၁၉)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၉၃၇၇

မူးယစ် ကင်းစင် အလှဆင်

ကျေးရွာချင်းဆက်လမ်းများပေါ်ရှိ တံတားများဆောက်လုပ်

ကလေး ဇန်နဝါရီ ၅

ကလေးမြို့နယ် အနောက်မြောက်ပိုင်းလမ်းမပေါ်ရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် ကျေးရွာချင်းဆက်တံတားများဖြစ်သော မောက်လင်းကျေးရွာနှင့် ချမ်းသာကြီးကျေးရွာချင်းဆက်လမ်းမပေါ်ရှိ ချမ်းသာကြီးတံတားနှင့် မြောက်ချောတောကျေးရွာနှင့် ပျဉ်းတောဦးကျေးရွာချင်းဆက်လမ်းမပေါ်ရှိ မြောက်ချောတော တံတားများ ဆောက်လုပ်နေမှုကို ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက ဒီဇင်ဘာ ၃၁ ရက် ညနေပိုင်းတွင် ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ တံတားများသည် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင်ပြုရန်ပုံငွေမှ ကျပ်သိန်း ၂၀၀ စီ အကုန်အကျခံကာ Royal Great ကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက် တံတားနှစ်စင်းတို့သည် အရှည် ပေ ၂၀၊ အကျယ် ၁၄ ပေရှိ RCC သံကူကွန်ကရစ်တံတားများဖြစ်ပြီး စုစုပေါင်း ကျပ်သိန်း ၄၀၀ ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။ **ဂျူနိုင်း**

ကျန်းမာတဲ့ ဆံပင်ဖြစ်စေဖို့

(၁) ဆံပင်အနံ့ ဆိုးသူများက ဆံပင်အရင်းပိုင်း ဦးရေပြားကစ၍ ဆံပင်ထိပ်ဖျားအထိ တစ်ခေါင်းလုံးအနှံ့ကို ခရမ်းချဉ်သီးမှည့်မှည့်နဲ့ နာနာပွတ်ပြီးနောက် ခေါင်းလျှော်ချလိုက်ပါ။
(၂) ဗောက်ထ၍ ယားယံခြင်းများအတွက် သံလွင်ဆီ ၁-ဆ(သို့မဟုတ်) အုန်းဆီ ၁-ဆထဲကို သံပရာရည် ၃-ဆရော၍ ဦးရေပြားအနှံ့ လိမ်းကျံပြီးနောက် ၁၅-မိနစ်ခန့်ကြာအောင် မျက်နှာသုတ်ပဝါသေးသေးနဲ့ ဦးခေါင်းကိုပေါင်းထုပ်ထားပါ။ ပြီးရင် (Anti Dandruff, Itchy Scalp)စာသားပါတဲ့ ရှမ်ပူအမျိုးအစားနဲ့ခေါင်းလျှော်၍ ရေစင်စင်လောင်းပါ။ (ဒီနည်းက ဗောက်ပျောက်စေတဲ့အပြင် ဆံပင်ကျွတ်ခြင်းမှလည်း ကာကွယ်ပေးပါတယ်)
(၃) ဆံပင်အရောင်မွဲခြောက်၍ ဖွာလန်ကြဲနေခြင်းအတွက် ပုံမှန်အတိုင်း ခေါင်းလျှော်ပြီးတဲ့အခါ ရှလကာရည်ကို ရေပန်းနွေးနွေးနဲ့ ဆတူရော၍ ဆံပင်ပေါ်သို့ ဆေးကြောလောင်းချပေးရုံပါပဲ။ (ဆံသားတောက်ပြောင်လာစေရုံသာမက ဆံပင်ကျွတ်ထွက်ခြင်းတို့ကိုပါ သက်သာစေပါတယ်)
၄။ ဆံသားကြမ်းတမ်းသူများက ငှက်ပျောသီးနဲ့ သဘော်သီးမှည့်မှည့်တို့ကို ဆတူရောကျိတ်ချေ၍ ပျားရည် သင့်ရုံရောထည့်ကာ ဆံသားများအပေါ် လိမ်းကျံပေးပါ။ အဲဒီအရောနှောတွေ ဆံပင်ပေါ် ခြောက်သွားတဲ့အချိန်ထိ စောင့်ပြီးနောက် ရေအေးအေးဖြင့် ခေါင်းလျှော်ချပါ။
(၅) ခေါင်းလျှော်ပြီးတဲ့ အခါတိုင်း ရေစိုနေတဲ့ ဆံပင်ကိုခြောက်သွားစေဖို့ မျက်နှာသုတ်ပဝါဖြင့် တစ်ခေါင်းလုံးကို လုံအောင်ပေါင်းထားပေးပါ။ မျက်နှာသုတ်ပဝါနဲ့ ဖိတိုက်ပွတ်ဆွဲခြင်းမျိုး (လုံး၀)မလုပ်ပါနဲ့။ ဆံသားတွေ ပျက်စီးကျိုးကြေသွားစေတတ်လို့ပါ။
(၆) ဆံပင်ကောင်း ဆံပင်သန်လိုသူများက အနည်းဆုံး ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ် သံလွင်ဆီ (သို့မဟုတ်) အုန်းဆီ(သို့မဟုတ်) ဗီတာမင်အီး ဆေးလုံးလေးကို ဖောက်၍ ဦးရေပြားထဲစိမ့်ဝင်အောင် နှိပ်နယ်၍ လိမ်းပေးပါ။ (ဆံပင်ထိပ်ဖျားလေးတွေကို ၄-လ တစ်ကြိမ် ကတ်ကြေးနဲ့ ညှိပေးလိုက်ပါဦး)

တင်ထက်ထက်ဇော်

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် အနောက်ချောက်ကန်ကျေးရွာတွင် စက်ရေတွင်းသစ်ဖွင့်ပွဲကျင်းပ

ပခုက္ကူ ဇန်နဝါရီ ၅

(၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့်ဆောင်ရွက်သော အနောက်ချောက်ကန်ကျေးရွာ စက်ရေတွင်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီခွဲတွင် ပခုက္ကူမြို့နယ် ချောက်ကန်ကျေးရွာအုပ်စု အနောက်ချောက်ကန်ကျေးရွာရှိ စက်ရေတွင်းအနီး၌ ကျင်းပသည်။

ရေဦးစာမြို့နယ်စည်ပင်လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မင်းကြိုင်က စက်ရေတွင်းနှင့်ပတ်သက်၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆင်းရဲမှုလျှော့ချရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်အရ အကျယ်လေးလက်မ၊ အနက်ပေ၄၅၀၊ စက်ရေတွင်းသစ်ကို ၂၀၁၃ ဩဂုတ် ၂၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၁၈ ရက်တွင် ငွေကျပ်သိန်း ၁၇၀ အကုန်အကျခံဆောင်ရွက်ပေးခဲ့ရာ သန့်ရှင်းသော သောက်သုံးရေ တစ်နာရီလျှင်ဂါလန် ၂၃၀၀ ထွက်ရှိသဖြင့် ယခင်က မိုးနိုပန့်စက်ရေတွင်းတစ်တွင်းနှင့် မိုးရေလှောင်ကန်တစ်ခုတို့ကို သုံးစွဲခဲ့ရာမှ ယခုအခါအနောက်ချောက်ကန်ကျေးရွာပြည်သူများသာမက လက်ပကန်ကျေးရွာပြည်သူများပါ သုံးစွဲနိုင်ပြီဖြစ်၍ ကျေးလက်ပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ **အောင်မန်းတက္ကသိုလ်**

လှူငယ့်အားမာန်သုတဘဏ် စာကြည့်တိုက်တွင် စာပေရေချမ်းစင်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် (၁၅)ရပ်ကွက် လူငယ့်အားမာန်သုတဘဏ် စာကြည့်တိုက်၏ စာပေရေချမ်းစင်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၈ ရက်က အဆိုပါစာကြည့်တိုက်တွင် ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဆွေ၊ အမှတ်(၁၅)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်နှင့် အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယခုဖွင့်လှစ်သည့် ရေချမ်းစင်မှာ အလျား ၁၂ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ကိုးပေ၊ အုတ်ကာ၊ သွပ်မိုးဖြစ်ပြီး တန်ဖိုးငွေ ၁၆၇၇၀၀ ဖြစ်ပြီး နေ့စဉ်ထုတ်သတင်းစာနှင့် ဂျာနယ်မဂ္ဂဇင်းများကို ညစဉ် ၈ နာရီထိ ဖတ်ရှုနိုင်ရန် ဖွင့်လှစ်ထားကြောင်း သိရသည်။ **မြင့်ဦး(အင်းစိန်)**

အစိုးရ/စီးပွားရေးကြော်ငြာ

[illegible] (Open Tender) [illegible]

စဉ်	[illegible]	[illegible]
၁	[illegible]/CE	[illegible]
၂	[illegible]/CE	[illegible] Waiting Shed [illegible]
၃	[illegible]/CE	[illegible] Apron [illegible]
၄	[illegible]/CE	[illegible]
၅	[illegible]/CE	[illegible]
၆	[illegible]/CE	[illegible]
၇	[illegible]/CTP	[illegible] White Board (3½' x 2') [illegible]

[illegible] 294312, 291994

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(က)	008(SP)/HIE-1(STEEL)/2013-2014	Ball Bearing	49 Items	1 Lot
(ခ)	009(Chem)/HIE-1(STEEL)/2013-2014	Chemical	33 Items	1 Lot
(ဂ)	010(SP)/HIE-1(STEEL)/2013-2014	Electrical	37 Items	1 Lot
(ဃ)	011(SP)/HIE-1(STEEL)/2013-2014	Hydraulic	19 Items	1 Lot
(င)	012(SP)/HIE-1(STEEL)/2013-2014	Pipe & Accessories	69 Items	1 Lot
(စ)	013(SP)/HIE-1(STEEL)/2013-2014	Weighting Scale	3 Items	1 Lot
(ဆ)	014(Lub)/HIE-1(STEEL)/2013-2014	စက်ဆီ/ချောဆီ	15 Items	1 Lot
(ဇ)	015(SP)/HIE-1(STEEL)/2013-2014	Tools	38 Items	1 Lot

၂။ တင်ဒါပုံစံ စတင်ရယူနိုင်သည့်ရက် - ၆-၁-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၇-၁-၂၀၁၄ ရက် ၁၄း၀၀ နာရီ
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း ရယူနိုင်ပါသည်။

သံမဏိစက်ရုံများကြီးကြပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
ရုံးအမှတ်(၄၁)၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၀၈၃၄၅

[illegible]

သမီးအဖြစ်မှ
အမွေပြတ်စွန့်လွှတ်ခြင်း

ဦးရဲမြင့်[၆/ကသန(နိုင်)၀၁၁၂၂၇]နှင့် ဒေါ်ခင်ဝင်းကြည်[၆/ကသန(နိုင်)၀၁၁၂၂၈] ကိုင်ဆောင်သူတို့၏သမီးဖြစ်သူ မခင်အေးချမ်းမြင့်[၁၂/ရကန(နိုင်)၀၆၄၂၄၂]သည် မိဘများ၏ဆိုဆုံးမမှုများအား မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကို မိဘနှစ်ပါးသည်းမခံနိုင်အောင်ပြုလုပ်ခဲ့ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝမှာ မိဘများနှင့် လုံး၀ (လုံး၀)မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးရဲမြင့်-ဒေါ်ခင်ဝင်းကြည်

မြစ်သာမြစ်အရှေ့ဘက်ခြမ်းရှိ ကျေးရွာချင်းဆက် လမ်းဖောက်လုပ်မည့် လမ်းအူကြောင်းများစစ်ဆေး

ကလေး ဇန်နဝါရီ ၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်တွင် ချင်းတွင်းမြစ်၏ မြစ်လက်တက်တစ်ခုဖြစ်သည့် မြစ်သာမြစ်သည် ချင်းပြည်နယ်တောင်ပိုင်းနှင့် မကွေးတိုင်းဒေသကြီး ဂန့်ဂေါနယ်ကို မြစ်ဖျားခံပြီး တောင်မှမြောက်သို့စီးဆင်းလျက် ထူးခြားသောမြစ်တစ်စင်းဖြစ်သည်။ ကလေးမြို့နယ်တွင် မြစ်သာမြစ်၏အရှေ့ဘက်ခြမ်း၌ ကျေးရွာ ၁၉ ရွာရှိပြီး အဆိုပါကျေးရွာများမှာ ကျေးရွာချင်းဆက်လမ်းမရှိဘဲ မြစ်သာမြစ်တစ်ခုတည်းကိုသာ အားကိုးနေရသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေးက ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးအား ကျေးရွာချင်းဆက်လမ်း အမြန်ဖောက်လုပ်ရန် ညွှန်ကြားခဲ့သည်။

ထိုသို့ ဝန်ကြီးချုပ်ဦးသာအေး၏ ညွှန်ကြားချက်နှင့်အညီ မြစ်သာမြစ် အရှေ့ဘက်ခြမ်းရှိ အူဒူ-ကင်ပွန်းခြံ-ပေါက်တော-အင်းဒင်-ရှားတော-ဆင်ရွာ-ကုက္ကိုလ်-ရေရှင်-မန္တာကျေးရွာ ချင်းဆက်လမ်းအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ရှစ်မိုင်ရှည်လျားသော မြေသားလမ်း ဖောက်လုပ်ရန် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တင်ဒါစနစ်ဖြင့် ထက်နေလင်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအေးနိုင်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များသည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် အဆိုပါ လမ်းဖောက်လုပ်နေမှု အခြေအနေနှင့် လမ်းအူကြောင်းများ သွားရောက် ကြည့်ရှုစစ်ဆေးပြီး ကျေးရွာလူကြီးများနှင့် တွေ့ဆုံမှုများ ပြုလုပ်ခဲ့သည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပြီးစီးပါက ယခင်မိုးတွင်းကာလများတွင် လှည်းလမ်းနှင့် လူသွားလမ်းများပင် မပေါ်ပေါက်သော ကျေးရွာ ၁၇ ရွာတို့အား အကျိုးပြုမည်ဖြစ်၍ ယခုအခါ ယင်းဒေသရှိ ကျေးလက်ပြည်သူများ ဝမ်းသာပီတိဖြစ်နေကြကြောင်း သိရသည်။ **ချင်းတွင်းသား(iprd)**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပုဇွန်တောင်မြို့နယ်ရုံး၌ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇာတိမာန် နံရံကပ်စာစောင်၊ စာအုပ်နှင့် ဓာတ်ပုံပြပွဲတွင် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းပုံရိပ်မှတ်တမ်းဓာတ်ပုံများ၊ အေးချမ်းသာယာပြည်မြန်မာ မှတ်တမ်းဓာတ်ပုံများ၊ ပြည်သူ့ဝန်ဆောင်မှု မှတ်တမ်းဓာတ်ပုံများနှင့် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းမှတ်တမ်းစာအုပ်များ၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး စာအုပ်များ ပြသထားသည်ကို ဇန်နဝါရီ ၃ ရက်က လာရောက်ကြည့်ရှုလေ့လာစဉ်။ **(စန္ဒာမိုး)**

အစားလည်းဆေး

အောင်ကျော်စိုး(မြို့ဟောင်း)

"၂၁-ရာစုတွင် နှလုံးသွေးကြောရောဂါ၊ ကင်ဆာရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါများစသည့် ကူးစက်မဟုတ်သော ရောဂါများကြောင့် သေဆုံးနေရမှုများသည် အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်လာနေသည်။ ကမ္ဘာတွင် ဆီးချိုသွေးချိုရောဂါတစ်ခုတည်းပင်လျှင် ဝေဒနာရှင်(၃၈၂) သန်းရှိနေပြီး ထက်ဝက်ကျော်မှာ အာရှနှင့်ပစိဖိတ်ဒေသနိုင်ငံများ ဖြစ်နေသည်။

ဆိုးကျိုးသက်ရောက်

ဤရောဂါကြောင့် နှစ်စဉ်သေဆုံးနေရသူ ၅ ဒသမ ၁ သန်းခန့် တစ်နည်းအားဖြင့် ခြောက်စက္ကန့်တွင် တစ်ဦးနှုန်းရှိနေသည်။ အသက်ရှင်သန်နေသေးလည်း မျက်စိကွယ်ခြင်း၊ ကျောက်ကပ်၊ နှလုံးပျက်စီးခြင်း စသဖြင့် နောက်ဆက်တွဲ ဒုက္ခမျိုးစုံကြုံတွေ့ ခံစားနေကြရသည်။ ရင်နာစရာအဖြစ်ဆိုးမှာ ၂၀၁၃ ခုနှစ်အတွင်း မွေးဖွားသူ ၂၁ သန်းကျော်တွင် ဆီးချိုသွေးချိုရောဂါ အမွေပါလာခဲ့ကြခြင်းဖြစ်သည်။ မျိုးရိုးဗီဇ၏ ဆိုးကျိုးသက်ရောက်မှု။

ခန့်မှန်းထား

မိမိတို့နိုင်ငံတွင်လည်း ဤရောဂါကြောင့် နှစ်စဉ်သေဆုံးနေရသူ ခြောက်သောင်းကျော်ရှိနိုင်ကြောင်း၊ နှစ်သန်းခန့်မှာဤရောဂါကို ခံစားနေကြရပြီး ရောဂါရှိမှန်းမသိသူ နောက်ထပ်ပြည်သူ ၁ ဒသမ ၂ သန်းခန့် ရှိနိုင်သေးကြောင်းခန့်မှန်းထားကြသည်။

ဆီးချိုသွေးချိုရောဂါသည် အဝလွန်ခြင်း၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းမလုပ်ခြင်းတို့မှ အစပြုလာခဲ့ခြင်း။ တချို့မှာအစားအစာလွန်ကဲစွာ စားခြင်းကြောင့် ဖြစ်လာရပြီး အများစုမှာအစားအစာရှားပါးခြင်းနှင့် လုံခြုံစိတ်ချမှုမရှိသည့် အစားအစာများကြောင့်ဟုလည်း ထောက်ပြထားသည်။ ဆင်းရဲ၊ ချမ်းသာမရွေးပါ ဤရောဂါဖြစ်တတ်သည်။

အနာနှင့်ဆေး

အနှစ်ချုပ်လျှင် ဤရောဂါသည် မျိုးရိုးဗီဇ လိုက်တတ်သလို နေထိုင်စားသောက်မှုပုံစံနှင့်လည်း သက်ဆိုင်သည်။ ယနေ့ထိ အမြစ်ပြတ်ကုသနိုင်စွမ်းမရှိသေး၊ ကုရာနတ္ထိဆေးမရှိကား မဟုတ်တန်ရာ။ အနာနှင့်ဆေး မတွေ့သေး၍သာ ဖြစ်လိမ့်မည်။

အရှေ့တိုင်း တိုင်းရင်းဆေးပညာအလိုအရ "အနာသိ၊ ဆေးရှိ"ဆိုစကားရှိသည်။ ဗုဒ္ဓလက်ထက်တော်က ဆရာဇီဝက သက်သေပြခဲ့သည်။ ဆရာဇီဝက၏ ဆေးပညာတတ်မြောက်မှု စစ်ဆေးခံရာတွင် သူ့ဆရာက နေ့တစ်ဝက်ခရီးကို အသွားအပြန်လမ်းလျှောက်ခိုင်းသည်။ လမ်းဘေးဝဲယာတစ်ဖက်တစ်ချက်မှ ဆေးဖက်မဝင်သော သစ်ပင်သစ်ရွက်၊ သစ်သီးများတွေ့ရှိပါက ခူးယူလာဟု ညွှန်ကြားသည်။ တစ်လမ်းလုံးမှာ ဆေးဖက်မဝင်အပင်ဟူ၍ ရှာမတွေ့။ ဤသို့ဖြင့် ဆရာဇီဝက ဆေးတက္ကသိုလ် အောင်ခဲ့သည်။

သဘာဝမိခင်သည် လူသားများအတွက် အနာနှင့်ဆေးဖွဲ့တည်ပေးထားခဲ့ပြီးသားဖြစ်ကြောင်းကို ဤဖြစ်ရပ်မှန်က သက်သေပြနေသည်။ "ရှာဖွေလေတွေ့ရှိလေ" မိမိတို့ရှာဖွေရယူတတ်ဖို့သာလိုသည်။

သုတေသနပြုသင့်

တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသလို ဆေးမြီးတိုကုထုံးလေးများနှင့် ဤရောဂါမှ သက်သာခွင့်ရနေကြသူများရှိနေကြပါသည်။ ဥပမာ- ရုံးပတီသီး သုံးတောင့်ကို ရေသန့်သန့်နှင့်ဆေး၊ အပိုင်းလေးများပိုင်းဖြတ်ကာ သောက်ရေသန့်တစ်ခွက်တွင် တစ်ညလုံးစိမ်ထားပေး။ နံနက်မိုးသောက်အလင်းရောက်သည့်အခါ ထိုရေကိုသောက်ပေးခြင်း၊ ကသစ်ရွက်နုကို ချက်၍ဖြစ်စေ၊ ပြုတ်၍ဖြစ်စေ ပုံမှန်စားပေးခြင်း၊ ဆေးခါးရွက်ကိုကျိုသောက်ခြင်းစသဖြင့်"အစာလည်းဆေး၊ ဆေးလည်းအစာ" ဆီးချို၊ သွေးချိုရောဂါကုထုံးလေးများ ဖြစ်ပါသည်။ ပညာရှင်များ သုတေသနပြုသင့်သည့် အစာဆေးများဖြစ်ပါသည်။ အမြစ်ပြတ်ကုထုံးတစ်ရပ်ကို မတွေ့သေးမီ လောလောဆယ်မှာ ဝေဒနာရှင်များအတွက် နေထိုင်မှုပုံစံကိုပြင်၊ အစားအသောက်ကိုဆင်ခြင်လျက်၊ အသံတိတ်လူသတ်သမား၏ ခြောက်စက္ကန့်တစ်ယောက်နှုန်း စာရင်းဝင်မသွားရအောင် ကြိုတင်ကာကွယ်နိုင်ကြပါစေဟုသာ။ ။

အစိုးရ/စီးပွားရေးကြော်ငြာ

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဘုရင့်နောင်တံတားအမှတ်(၂)နှင့်မြန်မာ-လာအိုချစ်ကြည်ရေးတံတားများ၏ တည်ဆောက်ရေးစီမံကိန်းများတွင် သုံးစွဲရန်အရေးပေါ်လိုအပ်နေသော အောက်ဖော်ပြပါ စက်ပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်-

-SD 15 Hydraulic Rotary Drilling Rig	(1)Set
-Mobile Asphalt Plant (30TPH)	(1)Set
-Asphalt Paver(width 2.5~9m) With Leveling Sensor	(1)Set
-Drop Hammer	(4)Sets
-Sheet pile (600x130x10.3)mm	(350Tons)

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၇-၁-၂၀၁၄ ရက်
၃။ တင်ဒါပိတ်မည့်ရက် - ၁၄-၁-၂၀၁၄ ရက်
၄။ တင်ဒါပိတ်မည့်အချိန် - ၁၆း၃၀ နာရီ
၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန
တည်ဆောက်ရေးပစ္စည်းများစိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၁၁)ဝင်း၊ စက်မှုဦးစီး၊နေပြည်တော်
ဖုန်း-၀၉-၅၁၄၇၁၂၉၊ ၀၉-၈၆၃၆၁၈၅၊ ၀၆၇-၄၀၇၆၀၂

မင်းသုဝဏ်၊ လူထုဦးလှ၊ တင်မိုး၊ ဂုဏ်ဝင်း၊ ကြည်အောင်၊ မောင်ယဉ်မှူး၊ ပျဉ်းမနားမောင်နီသင်း၊ ဦးတင်ဦး(ကျူရှင်)၊ ကြည်နိုင်၊ တင်အောင်နီ၊ ယဉ်မင်းပိုက်၊ အောင်အောင်ထွေး၊ ဟတ်ကော့၊ မောင်ရဲသူ၊ ပေါ်ကာတို့၏ လက်ရာများဖြင့်
အမှတ်(၂၁)၊ ဇန်နဝါရီလ
အလီမွာ ကလေးမဂ္ဂဇင်း **ထွက်ပြီ**
ရောင်းဈေး ၁၀၀၀ ကျပ်
သင့်အိမ်မှာကလေးရှိရင် တစ်အုပ်ဝယ်ထားပါ။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
ပဲခူးမြို့နယ်တရားရုံးတော်၌
၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂၆

ဒေါ်ခင်ကြည် နှင့် ၁။ ဒေါ်ဆွေဆွေဝင်း
၂။ ဦးတင်အေး
(တရားလို) **(တရားပြိုင်များ)**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ ဆိုရှယ်လစ်(၅)လမ်း၊ အမှတ်(၉၉၂)တွင်နေထိုင်သော (၁)တရားပြိုင်ဒေါ်ဆွေဆွေဝင်း(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်ခင်ကြည်က အလေးချိန် ၁၁ ကျပ် ၁၁ ပဲ ၁/၂ ရွေးရှိရွှေဆွဲကြိုးတစ်ကုံး (သို့မဟုတ်) ယင်းရွှေဆွဲကြိုးနှင့်ညီမျှသည့် ငွေကျပ်-၁၂၀၀၀၀၀(ကျပ်တစ်ဆယ့်နှစ်သိန်းတိတိ) ပြန်လည်ရလိုမှုလျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ(သို့မဟုတ်)ယင်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ(သို့မဟုတ်)၎င်းအမှုနှင့်သက်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၇ရက် (၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင်အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင်သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းများအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ ရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **(တင်တင်မော်)**
တွဲဖက်မြို့နယ်တရားသူကြီး(၂)၊ ပဲခူးမြို့နယ်တရားရုံး

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတွင်ဖွင့်လှစ်မည့်
Geographic Information System(GIS)
အခြေခံသင်တန်းအတွက်သင်တန်းသားခေါ်ယူခြင်း

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ကြီးမှူးစီစဉ်သော "Geographic Information System using NK-GIAS" အခြေခံ (၃)ရက်ကြာ တစ်နေကုန်သင်တန်းကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်မြို့တွင် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ(၂၀၊၂၁၊၂၂)ရက်များ၌ ဂျပန်နိုင်ငံမှ ဖိတ်ကြားထားသောဆရာများမှ သင်ကြားပို့ချမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများသည် ဦးမြင့်စိုး(CEO,MES) ဖုန်း၀၁-၅၁၉၆၇၃၊ Ext-၂၁၂၊ ၀၉-၅၁၄၁၃၂၂ သို့ ၁၅-၁-၂၀၁၄ ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ပါသည်။ ဤသင်တန်းသို့ တက်ရောက်လိုသူသည် အခြေခံကွန်ပျူတာနှင့် အင်တာနက်တတ်ကျွမ်းပြီး BE (Civil),MECivil), B.Sc(Geology), M.Sc(Geology)နှင့် B.A(Geography), M.A(Geography) ဘွဲ့ရရှိပြီးသူများ၊ အဆိုပါဘွဲ့များအတွက် ကျမ်းပြုစုနေသူများ တက်ရောက်သင့်သော သင်တန်းဖြစ်ပါသည်။ သင်တန်းသား(၂၀)ဦးသာလက်ခံသင်ကြားမည်ဖြစ်ပြီး သင်တန်းကြေး ၃၅၀၀၀ ကျပ် [နေ့စဉ်(ကော်ဖီ၊ မုန့်) နှစ်ကြိမ်၊ နေ့လယ်ထမင်းအပါအဝင်]ကို စာရင်းပေးသွင်းသောနေ့တွင် အပြီးပေးသွင်းကြရမည်ဖြစ်ပါသည်။

IGCSE (Mathematics)

January လတွင် Question Study စမည်။
ဖုန်း-၀၉-၇၃၁၅၉၅၁၆၊ ၀၉-၇၃၁၀၉၅၇၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄ H၊မြေကွက်အမှတ်၈၃/၈၇၊ မြေကွက်တည်နေရာ အမှတ်-၃၊ဦးဘကျော်လမ်း၊ တာမွေလေးရပ်ကွက်၊ (ဦးကျော်ဒင်) MGN-၁၀၇၃၂၆ အမည်ပေါက် ဂရန်ရှိ မြေပိုင်မြေအား အမည်ပေါက်ဦးကျော်ဒင်(ဖခင်)၊ ဒေါ်ခင်ထွေး(မိခင်)တို့ကွယ်လွန်သဖြင့် ဒေါ်တင်နွဲ့[၁၂/ဗတတ(နိုင်)၀၁၂၄၇၂]၊ ဒေါ်မြင့်မြင့်[၉/မခန(နိုင်)၀၃၁၀၈၀]တို့က သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တိုက်ခန်းရောင်းမည်

ဗိုလ်ချုပ်အောင်ဆန်း လမ်းမကြီးပေါ် ၄၇လမ်းထိပ် ပထမထပ်၊ ပေ(၁၅ × ၅၅) အမြင့် ၁၄ပေ၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း-၀၉-၄၃၀၅၆၄၂၉၊ ၀၉-၄၂၀၇၆၇၅၉၇

ပြည်တွင်းရေးရာ

ကြို့ပင်ကောက်မြို့နယ်စပါးများ အထွက်ကောင်း၍ တောင်သူများဝင်ငွေကောင်း

ကြို့ပင်ကောက် ဇန်နဝါရီ ၅

စပါးတစ်ဧကလျှင် တင်း ၇၀ မှ တင်း ၁၀၀ အထိ အထွက်နှုန်းများ ကောင်းမွန်ခဲ့ကြောင်း ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ တောင်သူများမှာ စပါးဈေးနှုန်းများလည်း မြင့်တက်လာချိန်နှင့် ကြုံကြိုက်သဖြင့် ယခုနှစ်ရာသီအတွက် အထူးပင် ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်စိုက်ပျိုးညှိနှိုင်းမှုအဖွဲ့၏ ဦးဆောင်မှုဖြင့် တစ်မြို့နယ်လုံး လယ်မြေဧက ၈၅၀၀၀ ကျော်စိုက်ပျိုးခဲ့ကြရာ အောင်မြင်ခဲ့ကြခြင်းဖြစ်သည်။

အထူးသဖြင့် မြို့အရှေ့ ၁၀ မိုင်ခန့်အကွာ ကရင်အမျိုးသားများ နေထိုင်သည့် လက်ပန်ဖြူရွာမှ ရိုးရာစိုက်စနစ်အတွင်းမှ မျိုးသစ်ဖြစ်ထွန်းလာသည့် (ကရင်မထိပ်ဆောင်း) စပါးအမျိုးအစားမှာ ယခုနှစ်တွင် ငါးဆယ်ရာခိုင်နှုန်းမျှစိုက်ပျိုးခဲ့ကြပြီး အထွက်တိုးနှုန်းမှာ တင်း ၈၀ မှ တင်း ၁၀၀ အထိ ထွက်ရှိရာ အခြားစပါးထက် တင်းတစ်ရာကြိတ်လျှင် သုံးတင်းမျှ ပိုထွက်၍ စားလို့လည်းကောင်းကြောင်း၊ သို့သော် အခြားစပါးထက် ၁၅ ရက်နောက်ကျမှပေါ်ကြောင်း၊ တရုတ်မူဆယ်ဈေးကွက်မှ အများဆုံးမှာယူနေပြီး ပေါ်ဦးစမှာ ကျပ် ၄၄၀၀၀၀ ဈေးအထိရှိကြောင်း ဆန်စက်ပိုင်ရှင် ဦးခင်မောင်စိုးက ပြောပြသည်။

မြို့ပေါ်ရှိ ဆန်စက်အကြီးအသေး ၆၀ခန့်တို့မှာ ဝယ်စပါး၊ အပ်စပါးများနှင့် စပါးပုံကြီးများမှာ တောင်လိုပုံလျက်တွေ့မြင်ခဲ့ရသည်။ စီးပွားရေးလည်ပတ်မှုအရ မြန်မာ့စီးပွားရေးဘဏ်၊ ကမ္ဘောဇဘဏ်၊ သမဝါယမဘဏ်၊ ထွန်းဖောင်ဒေးရှင်းဘဏ်၊ ရိုးမဘဏ်နှင့် မြန်မာ့ရတနာဘဏ်ခြောက်ဘဏ်တို့မှာ တောင်သူအကျိုးပြုလုပ်ငန်းများကို လုပ်ကိုင်ပေးနေကြရ၍ လုပ်ငန်းများ အောင်မြင်စွာလည်ပတ်လျက်ရှိကြောင်း သိရသည်။

(ဇီးကုန်း ခင်မောင်သိန်း၊ ကျော်ကျော်နိုင်)

သယ်န်းကျွန်းမြို့နယ်၌ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေး ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်၍ ဓာတ်အားလွှတ်ပေး

နေပြည်တော် ဇန်နဝါရီ ၅

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ သယ်န်းကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလှမြင့်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့ကြီးကြပ်မှုဖြင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လျှပ်စစ်ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်ရေးအတွက် ယခုရက်ပိုင်းအတွင်း (ဂ) ရပ်ကွက် ဘောဂလမ်းနှင့် ဘောဂလမ်းသွယ် (၂) လမ်းထောင့်၌ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် ၃၁၅ ကေဗွီ ထရန်စဖော်မာအသစ်တစ်လုံး တည်ဆောက်ပြီး ၆၆ ကေဗွီ ဓာတ်အားလိုင်းလေးခန်းနှင့် ကွန်ကရစ်ကျောက်တိုင်အသစ် ခြောက်တိုင်စိုက်ထူ၍ ဓာတ်အားလွှတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မွှေးမွှေး (သယ်န်းကျွန်း)

ဖယ်ခုံမြို့အတွင်း ဖြတ်သန်းစီးဆင်းသော ရေမြောင်း ရေစီးရေလာကောင်းမွန်ရေး စက်ယန္တရားဖြင့်တူးဖော်

ဖယ်ခုံ ဇန်နဝါရီ ၅

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ဖယ်ခုံမြို့အတွင်း မိုးရာသီ တောင်ကျချောင်းရေ ဖြတ်သန်းစီးဆင်း၍ ရေလျှံလေ့ရှိသော ရေမြောင်းကို ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဇန်နဝါရီ ၂ ရက်က မြို့နယ်စည်ပင်မှ စက်ယန္တရားဖြင့် စတင်တူးဖော်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေမြောင်းသည် ဖယ်ခုံမြို့အတွင်း အနောက်မှအရှေ့သို့ မိုးရာသီ တောင်ကျချောင်းရေများ ဖြတ်သန်းစီးဆင်းရာ အချိန်ကာလ ကြာမြင့်လာသည်နှင့်အမျှ ယင်းရေမြောင်းမှာ နုန်းမြေအမှိုက်များဖြင့် ပိတ်ဆို့ တိမ်ကောလာပြီး ဈေး လမ်းတံတားအနီး ပတ်ဝန်းကျင်တွင် မိုးများသည့် အချိန်တိုင်း ရေကြီး၍ အိမ်ခြံဝင်းများအတွင်း ရေဝင်ခြင်း၊ ကားလမ်းပေါ် ရေကျော်ကာ ချုံနွယ်အမှိုက်များဖြင့် လမ်းပိတ်လေ့ရှိသည်။

ယခုအခါ အဆိုပါ ရေမြောင်းကို ရေစီးရေလာကောင်းမွန်ရေးအတွက် အနက်လေးပေ၊ အကျယ် ခြောက်ပေ၊ အရှည် ပေ ၁၅၀၀ ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုလှူဒါန်းငွေကျပ်သိန်း ၃၀ ဖြင့် တူးဖော်ဆောင်ရွက်လျက်ရှိပြီး အဆိုပါတံတားအနီး နေထိုင်သူများနှင့်လမ်းအသုံးပြုသူများမှာ မိုးရာသီရေစီးရေလာ ကောင်းမွန်ပြီး လမ်းပိတ်ဆို့မှု ကင်းရှင်းမည်ဖြစ်သည့်အတွက် ပျော်ရွှင်ကျေနပ်လျက်ရှိကြောင်း သိရသည်။

ကိုထွေး(ဖယ်ခုံ)

လက်ဝဲမြင်းနီ အထက ကင်းထောက်များခရီးကြမ်းထွက်

နွားထိုးကြီး ဇန်နဝါရီ ၅

နွားထိုးကြီးမြို့နယ် လက်ဝဲမြင်းနီ အထက၏ အမျိုးသမီးကင်းထောက်သင်တန်း ခရီးကြမ်းထွက်ခြင်းကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်က ကျောင်းအုပ်ဆရာကြီး ဦးကျော်သူဦးဆောင်သော ဆရာ ဆရာမ ရှစ်ဦး၊ သင်တန်းသား ကင်းထောက်မောင်မယ် ၁၀၀ ဖြင့် နွားထိုးကြီးမြို့ပေါ်သို့ မိုင်၂၀ ခရီး ခြေကျင်လမ်းလျှောက်ကြသည်။ ခရီးစဉ်တွင် အလှူရှင်များက ကြိုဆိုဧည့်ခံကျွေးမွေးကြသည်။မြို့အနောက်ဘက် တတိုင်းရစေတီကုန်းတွင် ကင်းထောက်စခန်းချ တဲထိုးနည်းဖြင့် တဲခြောက်လုံးကို လက်တွေ့သရုပ်ပြကြသည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

အစိုးရ/စီးပွားရေးကြော်ငြာ

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ရှေးဟောင်းဘုရားများ ပြုပြင်ထိန်းသိမ်းရန်အတွက် အလှူရှင်များဖိတ်ခေါ်ခြင်း

၁။ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်အတွင်း ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ဘုရားနှစ်ဆူကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနကဦးစီး၍ ပြုပြင်ထိန်းသိမ်းသွားမည်ဖြစ်ပါသည်။ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်ရာတွင် ဘုရားတစ်ဆူစီအတွက် ဦးစီးဌာနမှ ရန်ပုံငွေကျပ် သိန်း ၅၀စီ မတည်ပြီး ကျန်လိုအပ်မည့် ကုန်ကျစရိတ်များကို အလှူရှင်များမှ လှူဒါန်းရန်ဖြစ်ပါသည်။ ဘုရားတစ်ဆူစီအတွက်ပြုပြင်ထိန်းသိမ်းမည့် ကုန်ကျစရိတ်၊ ဦးစီးဌာနမှ မတည်ငွေနှင့် အလှူရှင်များမှ လှူဒါန်းရန်လိုအပ်ငွေတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	ဘုရားအမည်	ပြုပြင်ထိန်းသိမ်းရန် ကုန်ကျစရိတ်	ဦးစီးဌာနမှ မတည်ငွေ	အလှူရှင်များမှ လှူဒါန်းရန်လိုအပ်ငွေ
၁။	စိမ်းညက်အမဘုရား	၈၀၀၀၀၀၀/-	၅၀၀၀၀၀၀/	၃၀၀၀၀၀၀/-
၂။	သိကြားပုန်းဘုရား	၁၁၀၀၀၀၀၀/-	၅၀၀၀၀၀၀/-	၆၀၀၀၀၀၀/-

၂။ အထက်ပါမိမိလှူဒါန်းထားသော ဘုရား၏နောင်အခါ ပျက်စီးယိုယွင်းမှုများကိုလည်း ဆက်လက်တာဝန်ယူလှူဒါန်းလိုသူများအား ရာသက်ပန်အလှူရှင်အဖြစ် ခံယူလှူဒါန်းသွားနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

ဆက်သွယ်လှူဒါန်းနိုင်သော နေရာဌာနများ

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန
ရုံးအမှတ်(၃၅)၊နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၀၃၂

၂။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၀၄၀၊ ၄၀၈၀၂၇

၃။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ရန်ကုန်ဌာနခွဲ
၃၂-ဒီ၊ခြောက်မိုင်ခွဲ၊ပြည်လမ်း၊ရန်ကုန်မြို့
ဖုန်း-၀၁-၅၁၅၀၅၄၊ ၅၁၂၁၃၇

၄။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ
ဖုန်း-၀၆၁-၆၀၂၆၉

၅။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊မန္တလေးဌာနခွဲ
ဖုန်း-၀၂-၇၆၁၅၂

တိုက်ခန်းရောင်းမည်

ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးပေါ် (၄၇)လမ်းထိပ်၊ ပထမထပ်၊ (၁၅'×၅၅') အမြင့် ၁၄' ပုဇွန်တောင်မြို့နယ်။

ဖုန်း ၀၉-၄၃၀၅၆၄၂၉၊ ၀၉-၄၂၀၇၆၇၅၉၇

မြေကွက်များဝယ်လိုသည်

ဒဂုံအရှေ့ပိုင်း၊တောင်ပိုင်း၊ ဆိပ်ကမ်းအိမ်အရောက် ဈေးကောင်းပေးဝယ်သည်။

ဖုန်း ၀၉-၂၅၄၁၁၇၅၈၂





တောင်ကြီးမြို့၌ စာပေဟောပြောပွဲ၊ လှယဉ်ကျေးမယ်ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပ

တောင်ကြီး ဇန်နဝါရီ ၅

မြန်မာနိုင်ငံ စာရေးဆရာအသင်း (တောင်ကြီး)မှ ကြီးမှူးကျင်းပသည့် စာပေဟောပြောပွဲ၊ လှယဉ်ကျေးမယ်ပြိုင်ပွဲနှင့်ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို တောင်ကြီးမြို့ ကျောက်တိုင်အားကစားကွင်း အဝင်မုခ်ဦးရှေ့တွင် ဇန်နဝါရီ ၂ ရက် နံနက် ၁၀ နာရီကကျင်းပခဲ့သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားကို တောင်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်သိန်း၊ ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်ဆမ်တစ်၊ စာရေးဆရာအသင်း(တောင်ကြီး) ဥက္ကဌ ဦးခွန်စိန်ဝင်း (မောင်ခွန်နွယ်-အင်းလေး)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကျောက်ဆည်မြို့ မိုးဇော်ဆင်အဖွဲ့မှ ကျောက်ဆည်ဆင်အကဖြင့် ဧည့်ခံပေးခဲ့ရာတာဝန်ရှိသူများနှင့် ပွဲတော်လာပရိသတ်များက တစ်ခဲနက် အားပေးခဲ့ကြသည်။

ယင်းပွဲတော်ကို ဇန်နဝါရီ ၂ ရက်မှ ၆ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီအထိ ကျင်းပလျက်ရှိရာ စာပေဟောပြောပွဲတွင် ခင်-တောင်ကြီး၊ သျှီ-အင်ကြင်း၊ ကိုချစ်၊ (ပြန်/ဆက်) ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးထွန်းတို့က ရသစာပေနှင့်အထွေထွေ ဗဟုသုတအကြောင်းတို့ကို ဟောပြောကြပြီး ရိုးရာလှယဉ်ကျေးမယ် ပြိုင်ပွဲနှင့် လူသုံးကုန်ပစ္စည်း မျိုးစုံတို့ကိုလည်း ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

တင့်ဆွေ(တောင်ကြီး)

သီးနှံဖြစ်ထွန်းအောင်မြင်စေရန် မြေပြုပြင်ပါ

ကန့်ဘလူ ကံတင်အောင် (ပထဝီဝင်)

မြေသစ်သည် အပင်ဖြစ်ကာ သီးနှံအထွက်အောင်မြင်ဖြစ်ထွန်းစေပါသည်။ ဘိုးဘွားဘီဘင် အစဉ်အဆက်က လုပ်ကိုင်လာခဲ့သော လယ်မြေ၊ ယာမြေများမှာ မြေဆီဩဇာကုန်ခန်း၍နေကြပေပြီ။ မြေများဟောင်းသွားပြီဖြစ်ရာ စိုက်သမျှအပင်တို့ မဖြစ်ထွန်းချင်တော့ပေ။ ပိုးများကျရောက်ဖျက်ဆီးကာ သီးနှံအထွက်ပါ လျော့စေပါတော့သည်။

ယာမြေဖြစ်ဖြစ်၊ လယ်မြေဖြစ်ဖြစ် စိုက်သမျှအပင်များ ဖြစ်ထွန်းကာ သီးနှံအထွက်ပိုစေရန်အတွက်နှင့် အပင်များကို မြေတွင်းပိုးများ မဖျက်ဆီးစေရန် မြေပြုပြင်ပေးရန်လိုပေသည်။ ယာမြေများမှာကား စိုက်ပျိုးစဉ်ကပင် ထယ်ထိုးလှန် ထွန်ယက်စိုက်ပျိုးထားခြင်းများကြောင့် ထူး၍ ပြုပြင်ပေးရန်မလိုတော့ပေ။

သို့သော် စိုက်သည့်အပင်များ မြေလျော့မှုကြောင့် ညှိုးနွမ်းနေရာ အပင်မဖြစ်ထွန်း၊ ကြာလျှင် ခြောက်သွေ့ကာသေသွားရပါတော့သည်။ ထိုမြေလျော့သည့်နေရာများတွင် သဘာဝမြေဩဇာများချပေးခြင်း၊ သဲအေးအေးဖြူးချပေးခြင်း၊ မြေကျပ်ပါက စနယ်မြေနက်နှင့်သဲများ၊ သဘာဝမြေဩဇာများရော၍ချပေးကာ ပြုပြင်ပေးဖို့လိုပေသည်။

လယ်မြေများမှာကား ရိတ်သိမ်းပြီးသည်နှင့် တစ်ပြိုင်နက် အစိုဓာတ်များရှိနေသေးချိန် ထယ်ဖြင့်ထိုးလှန်မှောက်ပေးခြင်းဖြင့် မြေပြုပြင်ပေးရပါမည်။ မြေတွင်းပိုးများသေစေခြင်း၊ ရိုးဖြတ်များသည် မြေသားအောက်ရောက်သွားမှုကြောင့် ဆွေးမြည့်သွားကြရာ မြေဆီလွှာကိုတိုးပွားစေပါသည်။ သဘာဝမြေဩဇာ ကျွေးပြီးရာလည်း ရောက်ပါသည်။

ထိုသို့ ထယ်ဖြင့်ထိုးလှန်မှောက်ထားသော လယ်မြေများကို ထွန်ယက်စိုက်ပျိုးချိန်ရောက်ပါက သက်သောင့်သက်သာမွှေခြေ၍ လယ်တမန်းကောင်းကောင်းရကာ သီးနှံအပင်ဖြစ်ထွန်းအောင်မြင်ပြီး စပါးအထွက်တိုးစေပါသည်။ သီးနှံအပင်ဖြစ်ထွန်းကာ အောင်မြင်၍ ပိုးမကျသောကြောင့် သီးနှံအထွက်ပါ တိုးပွားစေပါသည်။

လယ်သမားများသည် မိုးရာသီထွန်ယက်စိုက်ပျိုးချိန်မှစ၍ ရိတ်သိမ်းခြွေလှေ့ပြီးချိန်အထိ မနားကြရ၊ ပင်ပင်ပန်းပန်း လုပ်ကိုင်နေကြရခြင်းကြောင့် လယ်မြေများကို ထယ်ထိုးလှန်မှောက်ပြုလုပ်ရန် မစွမ်းနိုင်ကြတော့ပေ။ မြေသားမခြောက်မီ ရိတ်သိမ်းပြီး အစိုဓာတ်ရှိချိန်မှာ ထယ်ထိုးလှန်မှောက်ပြုထားသင့်ပေသည်။

တကယ်လုပ် အဟုတ်ဖြစ်ပါသည်။ လယ်မြေဖြစ်ဖြစ်၊ ယာမြေဖြစ်ဖြစ် လုပ်ကိုင်ချိန်ကြာလာသောအခါ မြေဟောင်းအဖြစ် အပေါ်ယံမြေဆီလွှာများမရှိဖြင့် စပါးသီးနှံမဖြစ်ထွန်း၊ မအောင်မြင်သောကြောင့် စပါးအထွက်လျော့ရပေသည်။ စာရေးသူ အကြံပြုသည့်အတိုင်း လိုက်နာဆောင်ရွက်ကြသူတောင်သူအချို့မှာ မြေပြုပြင်ပေးကာ စိုက်ပျိုးခဲ့ကြ၍ စပါးသီးနှံအထွက်နှုန်းမှာ ပိုပိုသာသာ ရရှိခံစားကြရပေသည်။ သို့ပါ၍ သီးနှံဖြစ်ထွန်းအောင်မြင်ပြီး အထွက်တိုးပွားစေရေး မြေပြုပြင်ပေးကြပါရန် စေတနာမှန်ဖြင့် ရေးသားလိုက်ရပါသည်။ ။

(၁၂)ကြိမ်မြောက် စုပေါင်းသွေးလှူ

ပြင်ဦးလွင် ဇန်နဝါရီ ၅

၂၀၁၄ ခုနှစ် သင့်မြတ်ခြင်းနှင့် ငြိမ်းချမ်းရေးကြိုဆိုပွဲကို သင့်မြတ်လိုသူများ၊ ဘာသာပေါင်းစုံလူငယ်များ ပရဟိတအဖွဲ့မှ (၁၂)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းခြင်းကို ဇန်နဝါရီ ၂ ရက်က ပြင်ဦးလွင်မြို့နယ် အာရှအလင်းရောင် ပရိယတ္တိစာသင်တိုက် ဝါးဘိုးရေကျေးရွာ၌ ကျင်းပသည်။

စုပေါင်းသွေးလှူဒါန်းပွဲသို့ မန္တလေးတိုင်းဒေသကြီး ဗဟိုအမျိုးသမီးဆေးရုံမှ ဒေါက်တာဝင်းမော်နှင့် ဆရာဝန်၊ သူနာပြုများက စေတနာဖြင့် လာရောက်ကြီးကြပ်ပေးပြီး မန္တလေးနှင့်ပြင်ဦးလွင်မြို့နယ်မှ သွေးလှူရှင်အသင်းများဖြစ်သည့် မြတ်သုခ၊ နှလုံးလှကြယ်စင်၊ ဆည်းဆာအလှ၊ မြို့နယ်ကြက်ခြေနီအသင်း၊ သိပ္ပံနှင့် နည်းပညာသုတေသနဌာန၊ ဆိုက်ဘာစီးတီး (ရတနာပုံ)၊ MCC၊ အောင်ချမ်းသာ၊ သုံးတောင်၊ အကယ်ဒမီပညာ့ဗိမာန်၊ အာရှအလင်းရောင်ဖောင်ဒေးရှင်းအဖွဲ့၊ သန္တိသုခလူမှုရေးအသင်း၊ ဆေးဝါးစက်ရုံ၊ ဆေးသုတေသန၊ သာသနပါလ ပရဟိတအဖွဲ့နှင့် မန္တလေး (ရတနာမွန်)သွေးလှူအသင်းတို့ ပါဝင်ပြီး သွေးလှူရှင်ပေါင်း အင်အား ၃၀၀ ကျော် လာရောက်လှူဒါန်းကြသည်။ **(ယာပုံ)** သင့်မြတ်ခြင်းနှင့် ငြိမ်းချမ်းရေး ကြိုဆိုစုပေါင်းသွေးလှူပွဲတွင် သွေးအမျိုးအစားဖြစ်သည့် A, B, AB, O သွေးအိတ် စုစုပေါင်း ၂၁၆ လုံးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(၅၈၁)**

ပူတာအိုမြို့ အကျဉ်းထောင်နှင့် ရဲတပ်ဖွဲ့အချုပ်စခန်းများ ကြည့်ရှုစစ်ဆေး

ပူတာအို ဇန်နဝါရီ ၅

ကချင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာသည် ကချင်ပြည်နယ်အကျဉ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဝင်းနိုင်လင်းနှင့် ပူတာအိုခရိုင်တရားသူကြီး ဦးရေချမ်းတို့လိုက်ပါလျက် ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၁ နာရီက ပူတာအိုအကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ထောင်မှူးဦးငြိမ်းမောင်က အကျဉ်းသားအကျဉ်းသူများ၏ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဥပဒေပါအခွင့်အရေးရရှိခံစားသူတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်နယ်တရားသူကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့သည်။

ထို့နောက် ပူတာအိုနှင့် မချမ်းဘောမြို့မရဲတပ်ဖွဲ့ အချုပ်စခန်းများကို ကြည့်ရှုစစ်ဆေးခြင်း၊ ပူတာအိုခရိုင်နှင့် မြို့နယ်တရားရုံးဆောက်လုပ်မည့် မြေနေရာ၌ ခြံစည်းရိုးကာရံထားခြင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ပူတာအိုခရိုင်/မြို့နယ်တရားရုံး၊ မချမ်းဘောမြို့နယ် တရားရုံးဝန်ထမ်းများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

မိုးယံကျ(မြစ်ကြီးနား)

ချောင်းကမ်းပါးမြေထိန်းနံရံ အမာခံသဲကျောက်ပို့ခြင်းလုပ်ငန်းဆောင်ရွက်

ကလေး ဇန်နဝါရီ ၅

ကလေးမြို့ ပြည်သူ့ဆေးရုံအနီး သံကူကွန်ကရစ်တံတား ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ယင်းတံတားအနီး ဥပုသ်ချောင်းတောင်ဘက် ချောင်းကမ်းပါးများအား ရေတိုက်စားခြင်းမှ ကာကွယ်ရန် အမာခံသစ်လုံးများ စိုက်ထားသည့် နေရာကြားတွင် သဲကျောက်များဖို့ခြင်းလုပ်ငန်းကို စက်ယန္တရားကြီးဖြင့် ဇန်နဝါရီ ၂ ရက်က နေ့ချင်းပြီး ဆောင်ရွက်ခဲ့သည်။ **(အပေါ်ပုံ)** အဆိုပါ လုပ်ငန်းဆောင်ရွက်မှုကို ကလေးခရိုင်စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌ ဦးမောင်ထူး၏ လမ်းညွှန်မှုဖြင့် ကလေးမြို့နယ် စည်ပင်သာယာရေး ကော်မတီက တာဝန်ယူပြီး သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးက အနီးကပ်ကြီးကြပ် ဆောင်ရွက်ခြင်းဖြစ်သည်။

ယင်းလုပ်ငန်းဆောင်ရွက်ပြီးစီးခြင်းကြောင့် တံတား၏ကမ်းကပ်အုတ်ခုံချောင်းရေတိုက်စားခြင်းမှ ကာကွယ်နိုင်မည်ဖြစ်သည့်အပြင် ချောင်းကမ်းပါးအနီးတွင် နေထိုင်ကြသည့် ပြည်သူများလည်း စိတ်ချမ်းသာလျက်ရှိကြောင်း သိရသည်။ **(ဂျိုးနက်)**

အန္တရာယ်ကင်းသည့် ချဉ်ရည်ဟင်း

မြို့ပေါ်အရပ်ဒေသတွေက စားသောက်ဆိုင်ကြီးတွေမှာတော့ ချဉ်ရည်ဟင်းကို အလေးထားခပ်ထည့်ပေးတာ တွေ့ရသည်။ ကျေးလက်များမှာတော့ စိုက်ပျိုးရိတ်သိမ်းခြွေလှေ့ချိန်၊ ဘုရားပွဲ၊ ကျောင်းပွဲရှိလာချိန်တို့မှာ လာသမျှဧည့်ခံကျွေးမွေးသည့် ထမင်းဝိုင်းမှာ ချဉ်ရည်ဟင်းကို လိုလိုလားလား တွေ့ရလေသည်။

ချဉ်ရည်ဟင်းမှာ မုန်လာထုပ်၊ မုန်လာဥ၊ ပဲသီး၊ ခရမ်းသီး၊ ပုစွန်ဆိတ်၊ ငါးကလေး စသည်တို့ကို မန်ကျည်းသီးစိမ်းပြုတ်ပြီး အချဉ်ရည်ယူကာရောစပ်၍ ချက်ပြုတ်စီမံထားသော မြိန်ရှက်ဖွယ် အရည်တစ်မျိုးပင်။ မြို့ပြဒေသ မန်ကျည်းသီးမရနိုင်သော အရပ်များတွင်ကား လွယ်ကူသက်သာသည့် အချဉ်မှုန့်ကိုသုံးကာ ချက်ပြုတ်စီမံကြပါသည်။ လက်ဖက်သားရောင်းသူများကပင် သဘာဝအတိုင်းမဟုတ်ဘဲ အချဉ်မှုန့်ရောကာ လက်ဖက်ချဉ်ချဉ်ကလေးဟုအမည်တပ်ကာ ရောင်းချကြသည်။

သဘာဝမန်ကျည်းသီးအချဉ်ရည်ကသာ ကျန်းမာရေးကို အထောက်အကူပြုပါသည်။ လက်ဖက်ဖြစ်စေ၊ လက်ဖက်ထဲထည့်ရသော ချင်းပေါက်ပြီးသားများဖြစ်စေ မန်ကျည်းသီးအချဉ်ရည်ဖြင့် သတ်ကာ စားကြည့်ပါက အလွန်မြိန်ရှက်ပါသည်။ ခေါင်းတစ်ရာသားဟုခေါ်သော ငါးဟင်းချက်လျှင်လည်း မန်ကျည်းသီးအချဉ်ရည် လောင်းထည့်ချက်ကြည့်ပါ။ အရိုးပါနပ်၍စားကောင်းပါသည်။

တချို့အရပ်ဒေသ မန်ကျည်းသီးမရနိုင်သူတို့က လွယ်ကူစွာပင် ဓာတုဗေဒနည်းဖြင့် ဖော်စပ်ထားသော အချဉ်မှုန့်များကို သုံး၍ ချက်ပြုတ်စီမံကြရာ အန္တရာယ်များလှပေသည်။ သဘာဝမန်ကျည်းသီးစိမ်းမှရသော အချဉ်ရည်ကိုသာ သုံးစွဲသင့်ပါသည်။ မန်ကျည်းသီးစိမ်းများသည် ရေရှည်မရနိုင်၍မန်ကျည်းသီးရင့်မှည့်ချိန်အထိ စောင့်ရပါသည်။ မန်ကျည်းသီးမှည့်ကို ရေစိမ်၊ အချဉ်ရည်ကိုယူ၍လည်း ချဉ်ရည်ဟင်းချက်စားကြည့်ပါ။ မန်ကျည်းသီးအစိမ်းမှရသော အချဉ်ရည်ထက်ပင်အရသာပိုကာမြိန်ရေရှက်ရေ စားလို့ကောင်းပါသည်။ မန်ကျည်းသီးမှည့်ကို အစေ့ထုတ်၍ ဆားများထည့်နယ်ကာ တာရှည်ခံရန် သိမ်းဆည်းထားနိုင်ပါသည်။

မြို့ကြီးဒေသ အချို့စားသောက်ဆိုင်များက ချဉ်ရည်ဟင်းမှာ သဘာဝအတိုင်းမဟုတ်ပေ။ အချဉ်မှုန့်များဖြင့် ကျိုချက်ထားခြင်းဖြစ်ရာ အန္တရာယ်အလွန်များပေသည်။ အစာအိမ်အချဉ်ပေါက်ကာ ရောဂါရနိုင်ပါသည်။

ထို့ကြောင့် သဘာဝအတိုင်းရှိနေသည့် မန်ကျည်းသီးစိမ်း(ဝါ) မန်ကျည်းသီးမှည့်မှရသော အချဉ်ရည်ဖြင့် ကျိုချက်ထားသော ချဉ်ရည်ဟင်းကသာ အန္တရာယ်ကင်း၍ စားသုံးကြပါရန် စေတနာမှန်ဖြင့် တင်ပြရေးသားလိုက်ရပါသည်။

ကံတင်အောင်(ကန့်ဘလူ)

သမချေးငွေ အတိုးနှုန်းလျှော့၍ ၅၀၀၀၀ နှုန်းချေး

နွားထိုးကြီး ဇန်နဝါရီ ၅

နွားထိုးကြီးမြို့ပေါ်တွင် ငွေစုငွေချေး သမအသင်းနှစ်သင်းကို မြို့နယ်သမဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တစ်မူထူးခြားစွာ တစ်ကျပ် ပြား ၅၀ အတိုးနှင့်ငွေကျပ် ၅၀၀၀၀ စီ ထုတ်ချေးသည်။

ငွေစုငွေချေး သမအသင်းသား တစ်ဦးလျှင် ကျပ် ၃၀၀၀၀ နှုန်း ချေးနေရာမှ ၅၀၀၀၀ နှုန်းထိ တိုးမြှင့်ပြီး အတိုး နှစ်ကျပ် ပြား ၅၀ တိုးမှ တစ်ကျပ် ၅၀ ပြားသို့ အတိုးလျှော့ချေးသည်ဟု ငွေထုတ်ချေးသူ သမအသင်းသား တစ်ဦးက ပြောသည်။

ဒီဇင်ဘာ ၂၉ ရက်က ရတနာမိုး သမဝါယမအသင်း ငွေစုငွေချေးသမအသင်းကိုလည်းကောင်း၊ ဇန်နဝါရီ ၁ ရက်တွင် အမှတ်(၃) သမငွေစုငွေချေးအသင်းကိုလည်းကောင်း သမဝါယမဦးစီးဌာန တာဝန်ခံဦးညွန့်ထိန် ဦးဆောင်သော သမဦးစီးဝန်ထမ်းများက လာရောက်ထုတ်ချေးကြောင်း သိရသည်။

နွားထိုးကြီးမြို့နယ်တွင် သမဝါယမအသင်းပေါင်း ၁၂၉ သင်းရှိရာ တတိယသုတ်အဖြစ် မြို့ပေါ်ငွေချေးနှစ်သင်းကို စတင်ထုတ်ချေးခြင်းဖြစ်ကြောင်း သိရသည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

သွေးသည် အသက်

“PREMIER Coffee” သို့ ကျေးဇူးမှတ်တမ်း

၂၉-၁၂-၂၀၁၃ ရက် သုဝဏ္ဏအားကစားပြိုင်ပွဲရုံ(၁) ရန်ကုန်တွင် ကျင်းပပြီးစီးခဲ့သော ၂၀၁၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်အကယ်ဒမီ ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ကျွန်တော်များ Clover Solutions Co.,Ltd အား အဓိကပံ့ပိုးကူညီခဲ့သော PREMIER Coffee အား Clover Solutions Co.,Ltd မှ လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

Clover Solutions Co.,Ltd

ရုံးခန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်း

ကျော်သာဆောက်လုပ်ရေးအဖွဲ့ ကုမ္ပဏီ၏ရုံးခန်းများကို

၇-၁-၂၀၁၄ ရက်မှစ၍

အောက်ပါလိပ်စာများအတိုင်း

ပြောင်းရွှေ့ ဖွင့်လှစ်လိုက်ပါသည်။

ရန်ကုန်ရုံး- N0.(15/B) ဦးထွန်းမြတ်လမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်

Tel:01-8604455, 8604456, 543046, Fax:01-556188

မန္တလေးရုံး- N0.(825)၊ (62)လမ်း၊ ၄၀×၄၁ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊

Tel: 02- 62782, Fax: 02-77755

ရိုလုံရွှေဆိုင်ကြီး နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ရိုလုံရွှေဆိုင် အမှတ် (၁)၊ (၂)၊ (၃)၊ ချန်းလုံရွှေဆိုင်နှင့် ချွန်းလုံရွှေဆိုင် မိသားစု ရွှေဆိုင်များတွင် လက်လီလက်ကား ဝယ်ယူအားပေးကြသော နယ်ကိုယ်စားလှယ်ကြီးများ၊ နယ်ရွှေဆိုင်ကြီးများနှင့် မိတ်ဟောင်းမိတ်သစ်များအား နှစ်သစ်မင်္ဂလာ အပေါင်းနှင့် ပျော်ရွှင်ချမ်း မြေ့ကြပါစေကြောင်း ရိုလုံမိသားစုရွှေဆိုင်များမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

Ph- 01-8550634, 09-450051313, 01-200747(Ext)2008

ဦးလှဝေ+ဒေါ်ဝင်းမြင့်လွင် ရိုလုံရွှေဆိုင်ကြီး (ယုဇနပလာဇာ၊ ဗညားဒလလမ်း၊ ရန်ကုန်မြို့)



ဗဂျီးကျော်(စစ်တွေ)၏ဟာသဝတ္ထုတိုများ

ဗဂျီးကျော်(စစ်တွေ)၏ စာရေးသက် နှစ်(၅၀)ပြည့် အထိမ်းအမှတ် အစ်ကိုတို့ ယောက်ျားတွေ ဟာသဝတ္ထုတိုများစာအုပ်ကို မျိုးဆက်သစ်စာပေ(ရန်ကုန်) ဖုန်း-၀၉-၄၂၀၂၂၂၉၆၂ နှင့် ပန်းခိုင်ခိုင်စာပေ(စစ်တွေ) ဖုန်း-၀၉-၈၅၂၂၃၈၅တို့မှ ဖြန့်ချိနေပါပြီ။

YPGG
ဂေါက်သီးရိုက်ပြိုင်ပွဲ

(YPGG) ဂေါက်သီးရိုက်အသင်း၏ (၅၃)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ ၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၆း၃၀နာရီတွင် (ဒဂုံဂေါက်ကွင်း)တွင်ကျင်းပမည်ဖြစ်ပါ၍ အသင်းသားတိုင်း ပါဝင်ကြရန်နှင့် အသေးစိတ်သိလိုပါက ဦးချစ် ၀၉-၅၁၀၅၄၃၅၊ ဦးတင်ရွှေ ၀၉-၅၁၆၈၁၇၈၊ ဦးကျော်ဝင်း ၀၉-၅၁၅၄၄၀၈၊ ဦးထွန်းထွန်းဦး ၀၉-၅၀၁၆၆၁၆ထံတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

www.facebook.com/Yuzana Plaza Golfer Group တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ပိုင်ရှင်ကိုယ်တိုင်မြေနှင့်မြေညီတိုက်ခန်းရောင်းမည်

သန့်ရှင်းရေး၊ လုံခြုံရေးနှင့်ဝန်ဆောင်မှုဝန်ထမ်းများရှိခြင်း၊ ကားပါကင်ရှိခြင်း၊ လိုင်းခွဲ ကြိုးဖုန်းရှိခြင်း၊ စုပေါင်းမြေပိုင်ဆိုင်ခြင်း၊ ဝန်ဆောင်မှုအတွက် စုပေါင်းရန်ပုံငွေရှိသော "အဆင့်မြင့်ရွှေသရဖီရိပ်မွန်အိမ်ရာ" ပေ(၂၇×၅၀) (၁၃၅၀စတုရန်းပေ) မြေညီထပ်၊ ဘုရင့်နောင်လမ်း၊ ကမာရွတ်၊ တိုက်ခန်းအားရောင်းမည်။ သိန်း၂၇၀၀ (ညှိနှိုင်းဈေး)

ဖုန်း-၀၉-၂၅၀၂၇၀၄၂၈၊ ၀၁-၅၃၉၄၃၃လိုင်းခွဲ၂၂၃

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ နန္ဒမာလာ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
ဒီဃဘာဏက ဒီဃနိကာယကောဝိဒ၊ သာသနဓဇ ဓမ္မာစရိယ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်(၁၃၇၀ မှ ၁၃၇၄ ထိ)
မဟာနာယကဆရာတော်(ဝေဠုဝန်)
သိက္ခာတော်(၄၈)ဝါ၊ သက်တော်(၆၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ တဂေါင်းဘုရားလမ်း၊ ရတနာအုဋ္ဌကျောင်း ပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယက ဆရာတော်ကြီး ဘဒ္ဒန္တနန္ဒမာလာသည် (၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၂ရက်) ၂-၁-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၈း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပြီဖြစ်ပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၈ရက်) ၈-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရတနာအုဋ္ဌကျောင်း ပရိယတ္တိစာသင်တိုက်မှ သရောင်းချောင်းလောင်တိုက်တော်သို့ပင့်ဆောင်ပြီး နံ့သာထင်းများဖြင့် မီးပူဇော်လျှုဒါန်းမည်ဖြစ်ပါ၍ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

နာယကဆရာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
လောင်းလုံးမြို့နယ် မူလသုဓမ္မာဂိုဏ်းချုပ်၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဘဒ္ဒန္တဓမ္မသာမိ
သိက္ခာတော် (၇၆)ဝါ၊ သက်တော်(၉၆)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ ဝပြောရွာ ဝပြောတိုက်ကျောင်း ပဓာန နာယကဆရာတော် ဘဒ္ဒန္တဓမ္မသာမိ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)သည် (၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁ရက်) ၁-၁-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ရက်) ၂၉-၁-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ဝပြောတိုက်ကျောင်းအနီး လယ်ကွင်းပြင်၌ အန္တိမ အဂ္ဂိဈာပနပူဇော်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး တပည့် သံဃာနှင့် ဒါယကာ၊ ဒါယိကာမ အပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။ **ဈာပနကျင်းပရေးကော်မတီ**

ရဟန်းဒါယကာကြီး
ယူဟုန်ဟိုက်(ခ)ဦးစိန်မောင်(သုံးခွ)
အသက်(၉၀)

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ (၁၁)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၄၅)နေ (ယူတင်ကျန်-တန်ကျင်ဝေ)တို့၏သား၊ (ဦးရောက်လင်း-ဒေါ်တန်ပိန်)တို့၏သားသမက်၊ ဒေါ်လေးဝှါး၏ခင်ပွန်း၊ ဒေါ်စပါယ်မြင့်၊ ကိုကျော်ဖိန်-ဒေါ်သဇင်မြင့်၊ ကိုစိုးအောင်-ဒေါ်အေးအေးမြင့်၊ ဒေါ်ချယ်ရီမြင့်-ဦးမင်းစိန်၊ ဦးကျော်အောင်-ဒေါ်ဝင်းဝင်းမာ၊ ဦးထွန်းအောင်-ဒေါ်ခင်ခင်ရီတို့၏မွေးသဖခင်၊ မြေး ၁၀ယောက်တို့၏ အဘိုးသည် ၃-၁-၂၀၁၄ (သောကြာနေ့) နံနက် ၁း၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၄ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် သုံးခွမြို့ ကရင်စုသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၉-၁-၂၀၁၄(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးကျင်စိန်-ဒေါ်နီနီအေး(Ta-Fa Trading Co.,Ltd, Follow Me)တို့၏ဖခင် လင်ချန်အင်(ခ)ဦးစန်ရင် (၉၇)နှစ်သည် ၂၅-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

Inter Group of Companies
မိသားစုနှင့်ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်သက်သက်(ခ)ရှယ်လီလှ
အသက်(၈၀)
အထက(၂)၊ စမ်းချောင်း(ငြိမ်း)

St. Philomena's နှင့် အထက(၂)၊ စမ်းချောင်း(၁၉၈၀ နှစ်ထိ) ကျောင်းသူဟောင်းများ၏ ကန်တော့ခံဆရာမကြီး ဒေါ်သက်သက်(ခ)ရှယ်လီလှသည် ၂၇-၁၂-၂၀၁၃(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

St. Philomena's နှင့်
အထက(၂)စမ်းချောင်း(၁၉၈၀ နှစ်ထိ)ကျောင်းသူဟောင်းများ(IBC)

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမြင့်လွင်(ခ)ဦးမောင်မောင်
အသက်(၅၈)နှစ်

ဝါးချက်ဆေးရုံတည်ထောင်စအချိန်က အစ်မကြီးဖြစ်သူ ဥက္ကဋ္ဌသုဓမ္မသီဂီဒေါ်ခင်စော (ကွယ်လွန်)နှင့်အတူ ပါရမီဖြည့်ကုသိုလ်ယူခဲ့သည့် လက်ရှိအမှုဆောင် ဒေါ်ဝင်းမေ၏ မောင်ငယ် ဒေါ်ခင်ထားဆွေ(ထ/၁ မရမ်းကုန်း)၏ခင်ပွန်း ဦးမြင့်လွင်(ခ)ဦးမောင်မောင်သည် ၂၀-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုများနှင့်အတူ ဝမ်းနည်းကြေကွဲကြရပါသည်။

အမှုဆောင်အဖွဲ့
ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံ
စစ်ကိုင်းတောင်ရိုး

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်စုစုလှိုင်
အသက်(၄၆)နှစ်

ချစ်ညီမလေး မမေသူခင်၏ချစ်လှစွာသောမိခင် ဒေါ်စုစုလှိုင် အသက်(၄၆)နှစ်သည် ၁-၁-၂၀၁၄ ရက် နံနက် ၅း၅၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Dr.သိန်းထွဋ်ဦး- Dr.ထက်ထက်ရင်မြင့်
မိသားစု



သင့်သွေးဖြင့် အသက်ကယ်ပါ

ဒေါ်ညွန့်ရီ
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမ ရပ်ကွက်၊ သမာဓိလမ်း၊ တိုက်(၁၂)၊ မြေညီထပ်နေ (ဦးကာဒယ်-ဒေါ်မြမေ)တို့၏ သမီး၊ ဦးကြည်မောင်၏ဇနီး၊ ဦးမြင့်ဆွေ-ဒေါ်ချိုချို၊ ဦးမောင်ထွန်း (ထက်မြက် မွေးမြူရေးဆေးဆိုင်၊ ဗိုလ်ချုပ်ဈေးသစ်)-ဒေါ်ဖြူသန္တာအောင်၊ တကကမောင်မောင် (အင်းတကော်)တို့၏ မိခင်ကြီး၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၃-၁-၂၀၁၄ ရက် နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၄ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍၉-၁-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



ဝမ်းနည်းကြေကွဲခြင်း
ဒေါ်စုစုလှိုင်
အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျိုက်တော်အိမ်ရာ၊ အမှတ်(၁၁၇-၁၁၉)၊ 7(B), Golden Gate Tower နေ ဦးငွေဦး၏ဇနီး၊ မောင်သီဟရင်မြင့်-မမေသူခင်၊ မခင်မေဖြိုးတို့၏ ချစ်လှစွာသောမိခင် ဒေါ်စုစုလှိုင်အသက်(၄၆)နှစ်သည် ၁-၁-၂၀၁၄ ရက် နံနက် ၅း၅၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးသိန်းမြင့်-ဒေါ်သီတာရင်
ကောင်းထက်မိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်မေမေသန်း (၇၈)နှစ်

ဒေါက်တာထွန်းနိုင်ဦး(ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန)-ပါမောက္ခ ဒေါ်ရီရီသန်း(ဌာနမှူး၊ဝါဏိဇ္ဇဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)တို့၏မွေးသမိခင် ဒုတိယဗိုလ်မှူးကြီးဘရီ(ငြိမ်း)၏ဇနီး ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး ဒေါ်မေမေသန်း (၇၈)နှစ်သည် ၃၀-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)
ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

ဘိုကလေးမြို့နယ်၊ မြင်းကကုန်းတိုက်နယ်ဆေးရုံကြီးဆောက်လုပ်ရာတွင် အလှူ့ရှင် ဦးဝင်းကြိုင်နှင့်အတူ စေတနာအပြည့်ဖြင့် ပါဝင်ကူညီဆောင်ရွက်ခဲ့သော ဦးအေးကြူ(ခ)ဦးရာဂျူး၏မိခင်ကြီး ဒေါ်ဂနေစ်မား(ခ)ဒေါ်ခင်စိန် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တိုက်နယ်ဆေးရုံထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ
မြင်းကကုန်း

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးနေဝင်း
အသက်(၅၉)နှစ်
B.Sc (Geology),D.A.G(Eng:Geology)
Chief of Department,JGS Co.,Ltd.

ရွှေမြေဘူမိသမလီမိတက်တွင် နှစ်ပေါင်းများစွာ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ဦးနေဝင်း ၂၂-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ရွှေမြေဘူမိသမလီမိတက်

ဝမ်းနည်းကြေကွဲခြင်း

တည်ဆောက်ရေး(၁) လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြတ်မျိုး၏ အဒေါ် ဒေါ်ခင်ကြွေ(ဆိပ်ကြီးခနောင်တို) အသက်(၈၄)နှစ်သည် ၂၈-၁၂-၂၀၁၃ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

လက်ထောက်ညွှန်ကြားရေးမှူး(ရန်ကုန်)နှင့် ဝန်ထမ်းများ
ဆည်မြောင်းဦးစီးဌာန၊ ရန်ကုန်မြို့

ရဟန်းအမကြီး
ဒေါ်ခင်မေသောင်း(ကနီ)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ အနောက်ရန်ကင်း၊ အမှတ်(၅)ရပ်ကွက်၊ ရွှေအုန်းပင်အိမ်ရာ၊ တိုက်(၁၂)၊ အခန်း(၃၃)နေ (ဦးဇော်ဦး-ဒေါ်လေးကနီ)တို့၏သမီး၊ (ဦးခင်မောင်လတ်)၏ဇနီး၊ ဒုတိယဗိုလ်မှူးကြီး သိန်းမြင့်(ငြိမ်း)-ဒေါ်သောင်းမြင့်တို့၏အစ်မ၊ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်ဦး(ငြိမ်း)၊ (ညွှန်ကြားရေးမှူး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)-ဒေါ်ခင်ဆွေဝင်း၊ဗိုလ်မှူးမြင့်သိန်း(ငြိမ်း)-ဒေါ်တင်တင်လတ်[မြင့်မိုရ်(၂) စာပေ၊ ဗိုလ်ချုပ်လမ်း]၊ ဗိုလ်မှူးထင်လင်းကျော်(ငြိမ်း)၊ (အင်ဂျင်နီယာမှူး၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်တပ်ကုန်း)-ဒေါ်ခင်နီလာ၊ ဦးသောင်းဝင်း-ဒေါ်အေးမြတ်မာလာ(မလေးရှား)တို့၏မိခင်၊ မောင်စွမ်းထက်အောင်၊ မောင်မျိုးထွန်းကျော်-မတင်ဇာလွင်(ဩစတြေးလျ)၊ မောင်စွမ်းမိုးထက်-မနန်းမြင့်အေး၊ မသဲစုသဇင်၊ မကျော့နန္ဒီနွယ်တို့၏အဘွားသည် ၃-၁-၂၀၁၄(သောကြာနေ့)မွန်းလွဲ ၁၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၄(တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေး အအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း၊ ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၇-၁-၂၀၁၄(အင်္ဂါနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

(၆)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
ဦးရီ(ခ)ဦးလီရီဟိုင်း

နေ့စဉ်နေ့တိုင်း အမြဲလွမ်းဆွတ်သတိရနေပါတယ်။

နေ့စဉ်ပြုသမျှ ကုသိုလ်ကောင်းမှုအစုစုတို့ကို ရောက်ရာဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ဇနီး - ဒေါ်သန်းသန်းဆွေ
သား - မောင်ကျော်ခိုင်
မောင်ပြည့်စုံခိုင်

အထူးကျေးဇူးတင်ရှိခြင်း
ဦးစောတာဝါးဒို (၅၉)နှစ်
အငယ်တန်းအင်ဂျင်နီယာ(၂)မြို့ပြပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန်

